# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၄ ခုနှစ် ၊ တန်ခူးလပြည့်ကျော် (၁) ရက် ၊ သောကြာနေ့ ၊ (7-4-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၃၄၂)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

## ပထုးတပ်နယ်ရှိ ခြေလျင်တပ်စုမှူးသင်တန်းသားများ၊ ဗိုလ်လောင်းများနှင့် တပ်မတော်(ကြည်း) အရာခံနှင့် အကြပ်ကြီးသင်ကျောင်းရှိ ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီးစာရေးသင်တန်းသားများနှင့် တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြား





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပထုးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် ဧပြီ ၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ယနေ့နံနက်ပိုင်းတွင် ပထုးတပ်နယ်မှ ခြေလျင်တပ်စုမှူးသင်တန်းသားများ၊ ဗိုလ်လောင်းများနှင့် တပ်မတော်(ကြည်း) အရာခံနှင့် အကြပ်ကြီးသင်ကျောင်းရှိ ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီးစာရေး သင်တန်းသားများကို တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း(ပထုး) အောင်ဆန်းခန်းမနှင့် တပ်မတော်(ကြည်း) အရာခံနှင့် အကြပ်ကြီးသင်ကျောင်းခန်းမတို့တွင် သီးခြားစီတွေ့ဆုံ၍လည်းကောင်း၊ မွန်းလွဲပိုင်းတွင် တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တပ်မတော်(ကြည်း)တိုက်ခိုက်ရေးကျောင်း(ပထုး) အောင်ဆန်းခန်းမ၌ တွေ့ဆုံ၍လည်းကောင်း အမှာစကားပြောကြားသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်


စာမျက်နှာ ၁၆ ကော်လံ ၁ ☞



ကုန်ဆုံးသွားသောစွမ်းအားများ

DAGON MALTA FRESH

နဲ့ ဖြည့်စွမ်းထား

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၆၅၁၁၇၇၊ ၀၉ ၆၉၄၉၆၅၀၀၀

STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၀၈၀

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၀၄၄၃၅၅၅

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



ရတနာပုံ
၂၀၂၃ ခုနှစ် ဇွန် ၇ ရက်

အယ်ဒီတာ့အာဘော်

# ချစ်ခင်မြတ်နိုးစရာ မြန်မာ့ဓလေ့ထုံးစံများ

ရှေးထုံးလည်းမပယ်နှင့်၊ ဈေးသုံးလည်းမလွယ်နှင့် ဟူသော စကားရပ်ရှိသည်။ အစဉ်အဆက်က တည်ရှိခဲ့သော ဓလေ့ထုံးစံများကို ချစ်ခင်မြတ်နိုးတတ်စေရန်၊ အသုံးအစွဲကျစ်လျစ်စေရန် ညွှန်ပြခဲ့သော စကားရပ်ပင်ဖြစ်သည်။ မြန်မာ့ဓလေ့ထုံးစံများသည် မြန်မာ့လူနေမှုစနစ်အတွင်း ရှင်သန်ဖြစ်ထွန်းခဲ့သည်မှာ ဘိုးဘေးဘီဘင်တို့လက်ထက်ကတည်းကဟုပင် ဆိုနိုင်သည်။ နှစ်ပရိစ္ဆေဒရှည်ကြာစွာ တည်ရှိလာခဲ့သော ဓလေ့ထုံးစံများသည် လူနေမှုစနစ်အတွင်းမှအခြေခံကာ ပေါ်ပေါက်လာခဲ့သည်ဖြစ်သလို လူနေမှုစနစ်ကို ပြန်လည်ထိန်းကျောင်းပေးနိုင်စွမ်းရှိကြောင်း တွေ့ရသည်။

ကြီးသူကို ရိုသေခြင်း၊ ရွယ်တူကိုလေးစားခြင်း၊ ငယ်သူကို သနားခြင်းသည် မြန်မာ့လူနေမှုစနစ်အတွင်း မြင်တွေ့ရသော ဓလေ့ထုံးစံတစ်ခုဖြစ်သည်။ လူ့ဘဝအတွင်း ရှင်သန်ကြရာတွင် ငယ်ရွယ်သူကလေးဘဝမှအစပြုကာ လူလတ်ပိုင်းအရွယ်၊ ထိုမှ လူကြီးများအဖြစ်သို့ ကူးပြောင်းရောက်ရှိကြမြဲဖြစ်ရာ ငယ်ရွယ်သူကို သနားကြင်နာခြင်း၊ ရွယ်တူလူလတ်ပိုင်းအချင်းချင်း အသိအမှတ်ပြုလေးစားခြင်းနှင့် အသက်အရွယ်ကြီးရင့်သူများကို ရိုသေခြင်းတို့ကို ရှင်သန်ကြီးပြင်းမှု အသက်အရွယ်အလိုက် ကြုံတွေ့ရရှိခြင်းသည် လူနေမှုစနစ်တစ်ခုကို ညင်သာချောမွေ့စေနိုင်သည်သာမက အပြန်အလှန် ကျေးဇူးပြုတတ်သောသဘောကိုလည်း ပေါ်ပေါက်လာစေနိုင်ပေသည်။

ချစ်ခင်မြတ်နိုးစရာ မြန်မာ့ဓလေ့ထုံးစံများတွင် အခါကြီးရက်ကြီးများ၊ နေ့ထူးနေ့မြတ်များနှင့် မွေးနေ့မင်္ဂလာစသည့်နေ့ရက်များတွင် ဥပုသ်သီတင်းသီလစောင့်ထိန်းခြင်း၊ ကုသိုလ်ကောင်းမှုပြုခြင်း၊ တရားဘာဝနာပွားများခြင်း၊ ညွှန့်ခံကျွေးမွေးခြင်း၊ ထောက်ပံ့ပေးကမ်းခြင်းနှင့် ပူဇော်ကန်တော့ခြင်းတို့ ပြုလေ့ရှိသည်ကို အမြဲမပြတ် မြင်တွေ့ရသည်။ မြန်မာတို့သည် အလှူအတန်း ရက်ရောကြသလို လူမှုရေးတွင်လည်း လက်မနှေးဘဲ ဝိုင်းကြဝန်းကြသည်မှာ အထင်အရှားဖြစ်သည်။

မြန်မာတို့သည် ချစ်ခင်တတ်သည့်လူမျိုး၊ ပျော်ရွှင်စွာနေထိုင်တတ်သည့်လူမျိုးဟု ဆိုနိုင်အောင်ပင် ဘုရားပွဲ၊ ကျောင်းပွဲ၊ ကထိန်ပွဲ၊ အလှူပွဲများ၌ အတီးအမှုတ်၊ အကအခုန်တို့ဖြင့် ပါဝင်ဆင်နွှဲလေ့ရှိကြသည်။ မြန်မာ့ရိုးရာဂီတသည် ကျေးလက်လူမှုဘဝ၌ ကောင်းစွာထင်ဟပ်လျက် သွက်လက်မြူးကြွစွာတည်ရှိနေသည်ကို ကောက်စိုက်တေးများ၊ ပုံကြီးသံများ၊ ကောက်ရိတ်သိမ်းပွဲ၊ ကောက်သစ်စားပွဲ၌ သီဆိုတီးမှုတ် ကခုန်ကြပုံများက သက်သေခံလျက်ရှိသည်။

ထို့ပြင် ဝါတွင်းချိန်ကာလ နှစ်သစ်ကူးအခါသမယနှင့်အခါကြီးရက်ကြီးများတွင် ဘုရားကျောင်းကန် စေတီပုထိုးတို့၌ တရားမွှသံတို့က ဘဝင်ညံအောင်ပင် ကြားကြရသလို ကုသိုလ်ပြုသူ၊ ဆုတောင်းဆုယူပြုသူ၊ ဟောဖော်မြွက်ကြားသူ၊ မှတ်သားနာယူသူတို့ဖြင့် နှလုံးအိမ်ကြည်မွေ့၍ ဘဝင်ခွေ့ဖွယ်ရာကောင်းအောင်လည်း တွေ့ရပေသည်။ မြန်မာ့ဓလေ့ထုံးစံများ ထိုသို့ အသက်ဝင်ရှင်သန်နေစေရန်အတွက်လည်း ဘုရားပုထိုးများ၊ စေတီကျောင်းကန်များက နိုင်ငံတစ်ဝန်း လက်ညှိုးထိုး၍မလွဲနိုင်အောင် တည်ရှိနေသည်ကို တွေ့နိုင်သည်။ ယဉ်ကျေးသောစိတ်မှအခြေပြု၍ မြန်မာ့လူနေမှုစနစ်အတွင်း ပေါ်ပေါက်ရှင်သန်လာခဲ့သည့် ချစ်ခင်မြတ်နိုးစရာ မြန်မာ့ဓလေ့ထုံးစံများကို အစဉ်အဆက်ဆက်လက်ထိန်းသိမ်း မြှင့်တင်သွားရမည်ဖြစ်သည်။

သို့ဖြစ်ပေရာ မပျောက်ပျက်စကောင်းသော မြန်မာ့ဓလေ့ထုံးစံများ၊ စိတ်ကောင်းနှလုံးကောင်းမှအခြေပြုပေါ်ပေါက်လာသော ရင်းနှီးချစ်ခင်မှုများသည် တစ်ဦးနှင့်တစ်ဦး ကြည်ဖြူစွာလက်တွဲကြလျက် လူနေမှုဘဝကိုမြင့်မားလာစေနိုင်သည်ဖြစ်ရာ လူမှုဘဝအတွင်း ရှင်သန်နေနိုင်ကြသူအားလုံး စိတ်ဝမ်းနှလုံး ရွှင်ပြုံးကြည်သာစွာဖြင့် ဆက်လက်ကျင့်သုံး ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# ဆည်တော်ကြီးရေလှောင်တမံမှ စိုက်ပျိုးရေဖြင့် နွေစပါးနှင့် အခြားသီးနှံ ဧက ၄၃၀၀၀ ကျော် စိုက်ပျိုးပြီးစီး



**မန္တလေး ဇွန် ၆**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်းရှိ ဆည်တော်ကြီးရေလှောင်တမံမှ စိုက်ပျိုးရေဖြင့် ယခုနှစ်တွင် နွေစပါးနှင့် အခြားသီးနှံ ဧက ၄၃၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းသန့်က ပြောပြ၍ သိရသည်။

ဆည်တော်ကြီးရေလှောင်တမံ ရေသောက်ဧရိယာအတွင်း စိုက်ပျိုးသော မြို့နယ်များ၌ နွေစပါးနှင့် အခြားသီးနှံ ၇၁၁၆၁ ဧကကို လျာထားစိုက်ပျိုးလျက်ရှိရာ ယနေ့ထိ မတ္တရာမြို့နယ်တွင် နွေစပါး ၃၈၃၀၄ ဧက၊ ပုသိမ်ကြီးမြို့နယ်တွင် နွေစပါး ၂၂၆၇ ဧက၊ အမရပူရမြို့နယ်တွင် နွေစပါး ၁၇၈၁ ဧကနှင့် အခြားသီးနှံဧက ၁၆၂၀ စုစုပေါင်း ၄၃၉၇၂ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း၊ ကျန်ရှိနေသည့် ဧကများကိုလည်း ဆက်လက်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

"ဆည်တော်ကြီးရေလှောင်တမံက ရေသောက်ဧရိယာအတွင်းရှိ မြို့နယ်တွေက စိုက်ပျိုးတဲ့တောင်သူတွေရဲ့ သီးနှံတွေ ရေပြည့်ဝစွာ ပေးဝေပြီးတော့ စိုက်ပျိုးနိုင်အောင် ဆောင်ရွက်ပေးနေပါတယ်။ နွေစပါးစိုက်ဧကတွေအတွက် ဖေဖော်ဝါရီ ၁ ရက်ကနေပြီးတော့ ရေစတင် ပေးဝေစိုက်ပျိုးနေတာပါ။ မြို့နယ်အလိုက် စိုက်ပျိုးပြီးဧကတွေကတော့ နွေစပါး ၄၂၃၅၂ ဧကနဲ့ အခြားသီးနှံဧက ၁၆၂၀ စိုက်ပျိုးပြီးပါပြီ။ အခု ဆည်တော်ကြီးရေလှောင်တမံရဲ့ ရေအမှတ်ဟာ ၃၉၈ ဒသမ ၂ ပေရှိပါတယ်။ ကန်တွင်း သိုလှောင်ရေပမာဏဟာ ဧကပေ ၂၂၆၈၆၀ ရှိပါတယ်။ အခုနှစ်စိုက်ပျိုးမဲ့ နွေစပါးနဲ့ အခြားသီးနှံ စိုက်ဧကတွေကို အောင်မြင်စွာ စိုက်ပျိုးနိုင်အောင် စိုက်ပျိုးရေတွေပေးဝေသွားမှာပါ"ဟု ဦးမျိုးမင်းသန့်က ပြောပြသည်။

ဆည်တော်ကြီး ရေလှောင်တမံမှ ဆည်ရေသောက်စနစ်ဖြင့် စိုက်ပျိုးမည့် မြို့နယ်အလိုက် စိုက်ဧကများမှာ မတ္တရာမြို့နယ်တွင် နွေစပါး ၄၂၂၂၅ ဧကနှင့် အခြားသီးနှံဧက ၂၉၅ ဧက၊ ပုသိမ်ကြီးမြို့နယ်တွင် နွေစပါး ၁၉၀၆၆ ဧကနှင့် အခြားသီးနှံဧက ၂၃၉ ဧက၊ အမရပူရမြို့နယ်တွင် နွေစပါး ၆၁၇၈ ဧကနှင့် အခြားသီးနှံဧက ၃၁၁၄ ဧက၊ ချမ်းမြသာစည်မြို့နယ်တွင် နွေစပါး ၄၄ ဧကတို့ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၅)

# မန္တလေး ကားဈေးကွက်၊ ဆိုင်ကယ်ဈေးကွက်

**မန္တလေး ဇွန် ၆**

ကားဈေးကွက်တွင် တစ်ဦးချင်း ဖရီးပါမစ် မော်တော်ယာဉ်တင်သွင်းခွင့်များ ရပ်ဆိုင်းထားသဖြင့် ဖရီးပါမစ်ကားများ ဈေးနှုန်းမြင့်တက်လာပြီး စလစ်ကပ်ကားဈေးနှုန်းများလည်း မြင့်တက်နေမှုများကြောင့် အရောင်းအဝယ် မတည်ငြိမ်ကြောင်း မန္တလေးကားဈေးကွက်အတွင်းမှ သိရသည်။

ကားဈေးကွက်အတွင်း ဖရီးပါမစ်ကားလေးများသာ အရောင်းအဝယ်ဖြစ်နေပြီး ယခင်ထက် ငွေကျပ် သိန်း ၂၀ ခန့် မြင့်တက်မှုရှိကြောင်း၊ ကားဈေးများ မြင့်တက်နေသော်လည်း နံပါတ်ထွက်ပြီးသား ကားဟောင်းလေးများ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

စလစ်ဈေးနှုန်းများအနေဖြင့် သက်တမ်း နှစ်၂၀ အမည်ပေါက် စလစ် ငွေကျပ် ၁၂၂ သိန်း၊ စလစ်အပ်ကား ငွေကျပ် ၁၁၅ သိန်း၊ တိုက်ကြေစလစ် ငွေကျပ် ၁၀၅ သိန်း၊ တက္ကစီစလစ် ငွေကျပ်သိန်း ၁၁၀ ခန့် ဈေးပေါက်နေကြောင်း သိရသည်။

ထို့ပြင် ဖရီးပါမစ်ကားများဖြစ်သည့် Honda Fit၊ Honda Insight၊ Nissan March၊ Mazda Demio ကားလေးများ အနည်းငယ်သာ အရောင်းအဝယ်ဖြစ်နေကြောင်း၊ မီနီထရပ်(ခွေးဘီလူး)ကားများ အရောင်းအဝယ် ပုံမှန်ရှိကြောင်း ကားအရောင်းအဝယ်လုပ်ကိုင်သူ ဦးဇော်ကြီးထံမှ သိရသည်။

မန္တလေး ဆိုင်ကယ်ဈေးကွက်အတွင်း ယခုအခါ မော်ဒယ်အသစ်ဘီးများ ဝင်ရောက်လာမှုကြောင့် ဈေးကွက်အတွင်း ထိုင်းနိုင်ငံထုတ် အော်တိုဂီယာဘီးများနှင့် တရုတ်နိုင်ငံထုတ် နောက်ဆုံးမော်ဒယ်ဘီးများ အရောင်းအဝယ်ဖြစ်နေကြောင်း မန္တလေးမြို့ ၅၉လမ်း ဆိုင်ကယ်ဝိုင်းအတွင်းမှ သိရသည်။

ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် ထိုင်းနိုင်ငံထုတ် နောက်ဆုံးမော်ဒယ် Click ဒလက်ဘီးများမှာ ငွေကျပ် ၃၅ သိန်းမှ သိန်း ၅၀၊ အနိမ့်ဘီး Click များမှာ ငွေကျပ် ၁၈ သိန်းမှ ၂၅ သိန်း ခန့်ဈေးရှိကြောင်း၊ Scoopy i အမျိုးအစားဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၃၃ သိန်းမှ ၄၅ သိန်းခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ် ၁၇ သိန်းမှ ၂၃ သိန်းခန့် ဈေးရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် ဆိုင်ကယ်ဈေးနှုန်းများမှာ အင်ဂျင်ပါဝါ 110 အမျိုးအစားများ ငွေကျပ် ၆ သိန်း ၅ သောင်းမှ ၉ သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရှပ်ဆိုး၊ 125 R၊ CZI အမျိုးအစားများမှာ ငွေကျပ် ၇ သိန်း ၅ သောင်းမှ ၁၂ သိန်းခန့်၊ CZI နောက်ဆုံးထုတ် အသစ်တစ်စီးလျှင် ငွေကျပ် ၁၂ သိန်းခန့်၊ ဆိုင်ကလုန်းမှာ ငွေကျပ် ၁၇ သိန်းမှ ၁၈ သိန်း ၈ သောင်းရှိကြောင်း ဆိုင်ကယ်အရောင်းအဝယ် လုပ်ကိုင်သူ ဦးကျော်စိုးထံမှ သိရသည်။ (၁၇၃)

# မန္တလေးဈေးကွက်တွင် ပဲစင်းငုံ(ဖြူ) အရောင်းအဝယ်ကောင်းလာပြီး သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၁၆၀၀၀ ပေါက်ဈေးရှိလာ

**မန္တလေး ဇွန် ၆**

မန္တလေးဈေးကွက်တွင် ပဲစင်းငုံ(ဖြူ) အရောင်းအဝယ်ကောင်းလာပြီး သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၁၆၀၀၀ ပေါက်ဈေးရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်)အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ပြည်တွင်းမှထွက်ရှိသည့် ပဲစင်းငုံ(ဖြူ)များကို ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့သာ အဓိကထားတင်ပို့လျက်ရှိကြောင်း၊ ယခုလက်ရှိတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်က ပဲစင်းငုံများ ဝယ်ယူမှု များပြားလာသည့်အပြင် ပြည်တွင်း၌လည်း အရောင်းအဝယ် ကောင်းလာခြင်းကြောင့် မန္တလေးဈေးကွက်တွင် ပဲစင်းငုံ(ဖြူ) ဈေးကောင်းရရှိလာကြောင်း သိရသည်။

"ပဲစင်းငုံ(ဖြူ)က အရင် ပြည်ပဈေးကွက်ကော ပြည်တွင်းဈေးကွက်မှာပါ အရောင်းအဝယ်အေးနေခဲ့တယ်။ အခုလက်ရှိက အရောင်းအဝယ် ကောင်းနေတာကြောင့် မန္တလေး ဈေးကွက်အတွင်းမှာ ပဲစင်းငုံ(ဖြူ)ဈေးကောင်းပြန်ရနေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်တွင် မတ်လ နောက်ဆုံးပတ်က ပဲစင်းငုံ(ဖြူ)ဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင်ငွေကျပ် ၂၁၀၀၀၀ သာ ပေါက်ဈေးရှိခဲ့သော်လည်း ဇွန် ၅ ရက်တွင် ပဲစင်းငုံ(ဖြူ)ဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၁၆၀၀၀ ပေါက်ဈေးရှိနေကြောင်း သိရသည်။

"အခုက ပဲစင်းငုံ(ဖြူ)အသစ်တွေလဲ ပေါ်နေပြီဆိုတော့ မန္တလေးဈေးကွက်ထဲမှာ ကုန်သည်တွေ အဝယ်ပြန်လိုက်လာတယ်။ အရောင်းအဝယ်လဲ ကောင်းလာတာကြောင့် ဈေးကောင်းပြန်ရလာပါတယ်"ဟု ဦးစက်မောင်ဆွေက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဖောက်သည်အဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝရေက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# နှစ်ဟောင်းကိုဖြို့ နှစ်သစ်ကိုကြို့ ဘဝနေညိုချိန်

**မောင်ငြိမ်းသူ(ကြို့ပင်ကောက်)**

နှစ်ဟောင်းကုန်၍ နှစ်သစ်သို့ကူးပြောင်းတော့မည်မို့ တူးပို့ . . . တူးပို့ သင်္ကြန်သီချင်းအပါအဝင် သင်္ကြန်သံစဉ်များက နေရာအနှံ့အပြားတွင် လွင့်ပျံ့နေကြလေပြီ။ ကလေးသူငယ်၊ လူငယ်လူရွယ်များကမူ အတာကူးလတွင် အစွမ်းကုန်အားရပါးရ ပျော်မြူးကြရန် တာစူနေကြလေပြီ။

ကျွန်တော်ကိုယ်တိုင်ပင်လျှင် လူငယ်လူရွယ်ဘဝက သင်္ကြန်သံချပ်အဖွဲ့တစ်ဖွဲ့ကို ခေါင်းဆောင်ပြီး ပြိုင်ပွဲဝင်ခဲ့ဖူးသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်တွင်းမှာ လူငယ်သဘာဝ၊ ယဉ်ကျေးစွာပျော်မြူးကြသူများကို ခွင့်လွှတ်ကြသော်လည်း ရိုင်းစိုင်းကြမ်းတမ်းလွန်းစွာ အပျော်လွန်ကဲကြသူများကိုကား ရှုတ်ချပြစ်တင် မမြင်ချင်၊ မတွေ့ချင်ကြပေ။ သို့သော် တရွေ့ရွေ့ပြောင်းလဲလာခဲ့သော ခေတ်ရေစီးကြောင်းအရ လူငယ်လူရွယ်သဘာဝအရ နည်းမျိုးစုံဖြင့် ပျော်မြူးနေကြပေဦးမည်။

မပျော်မြူးနိုင်ကြသူများကတော့ ဇရာနှင့် ဗျာဓိ၊ ဗျာဓိနှင့်မရဏ အားပြိုင်နေကြသော **ဇရာအိုကြီးများ**ဖြစ်ကြသည်။ ဇရာအိုအရွယ်သို့ ရောက်သည့်တိုင်အောင် စားဝတ်နေရေးအတွက် အခက်အခဲပေါင်းများစွာဖြင့် ရုန်းကန်လှုပ်ရှားနေကြရသူများ ဒုနဲ့ဒေးရှိနေကြရာ အဘယ်မှာလျှင် ပျော်မြူးနိုင်ကြပါမည်နည်း။

မဟာသင်္ကြန်တွင်းကာလတွင် တရားဓမ္မခေတ္တခဏကျင့်ကြံကြရန်ကိုပင် စိတ်ဘဝင်မအေးကြရသည့် မိသားစုအရေးကြောင့် စိတ်မဖြောင့်နိုင်ကြဘဲ မှိုင်ငေးနေကြရသူများ များစွာရှိနေကြသည်။ စားဝတ်နေရေးအဆင်ပြေနေကြသော ဇရာအိုတချို့ကလည်း ကိုယ်ရေးကိုယ်တာပြဿနာမျိုးစုံကိုအကြောင်းပြကာ တရားစခန်းများသို့ဝင်ရန်နေနေသာသာ ဥပုသ်သီလပင် မစောင့်နိုင်ကြပေ။

**"ဟို အဘိုးကြီး ဟို အဘွားကြီး**
**ပျက်တီးပျက်ချော်**
**အသက်ကြီးမှ မြေးတွေနဲ့ပျော်၊**
**ပျော်ရင်း ပျော်ရင်း သေမင်းကခေါ်**
**သူတို့အတွက် ဘဝနာသနော်၊**
**တရားအလုပ်အားထုတ်နိုင်မှတော်"**

ထိုဓမ္မလင်္ကာလေးက ဇရာအိုများကို ကလိတိတိရိတိတိဖြင့် သတိပေးထားခြင်းဖြစ်သည်။ မှန်လည်းမှန်ကန်နေပါသည်။ သံယောဇဉ်နှောင်ကြိုးများက တစ်ရစ်ပြီးတစ်ရစ် ရစ်ပတ်နှောင်တွယ်၊ ဝဋ်ဆင်းရဲသံသရာလည်နေကြသည်ကို မသိကြလေတော့ တစ်နှစ်ပြီးတစ်နှစ် အသက်များကြီးလာ၊ ဇရာအိုအရွယ်သို့ ရောက်လာကြသည်ကိုလည်း သတိမေ့လျော့နေကြလေသည်။ တချို့ကမူ သိလည်းသိ သတိလည်းရကြသော်လည်း လောကဓံကိုကြိတ်မှိတ်ခံနေကြရင်း စားဝတ်နေရေးကိုသာ အလေးပေးနေကြရရှာသည်။

ဇာတိနှင့်ဇရာက အလှမ်းဝေး၏။ မွေးဖွားပြီး အသက် ၆၀ အရွယ်တွင် ဇရာဘဝသို့ရောက်၏။ ဇရာဘဝ စသည်နှင့် ဗျာဓိက ကပ်ပါလာ၏။ ဝန်ထမ်းအငြိမ်းစားများဆိုပါမူ **ပင်စင်နာ**ဟုပင် သတ်မှတ်ထားကြသည်။ စိတ်သွားတိုင်းကိုယ်မပါနိုင်ကြသော ဇရာအိုများကို **နာဖြင်းဟူသောဗျာဓိ**က အမိအရနှိပ်စက်ပါတော့သည်။ သွေးတိုး၊ နှလုံး၊ ဆီးချို၊ သွေးချို၊ လေးဖက်နာ၊ လေဖြတ် စသည့်ရောဂါမျိုးစုံက အခွင့်အရေးရလျှင်ရသလို ဝင်လာကြလေ့ရှိသည်။ သည်ကြားထဲ ချော်လဲကျပြီး ခြေကျိုး၊ လက်ကျိုး၊ တင်ပါးရိုးကွဲ ဒုက္ခဆင်းရဲခြင်းမျိုးစုံကိုလည်း ကြုံကြရသေးသည်။

ဗျာဓိနှင့်ယှဉ်တွဲနေသူက **သေခြင်းဟူသော မရဏ**ပင်ဖြစ်သည်။ မည်သူမျှ တားဆီးမရသော မရဏက ဗျာဓိနှိပ်စက်မှုကို အလူးအလဲခံနေကြရသော ဇရာအိုများကို တံခါးဖွင့်စောင့်ကြိုနေ၏။ လက်ကမ်းကြိုဆိုနေ၏။ ဇရာကိုအန်တုပြီး မည်မျှပင်အကုန်အကျခံကြကာ ဆေးဝါးကုသနေကြသော်လည်း မည်သို့ပင်ပုန်းရှောင်နေကြသော်လည်း သေမင်းလက်က ဘယ်တော့မှပြေးမလွတ်နိုင်ကြပေ။ အနေးနှင့်အမြန် သေဆုံးကြရပေလိမ့်မည်။

လူမျိုးဘာသာ၊ အသားအရောင်မရွေး၊ ကလေးသူငယ်၊ လူရွယ်လူကြီး၊ အမျိုးသမီး၊ အမျိုးသား၊ လူတန်းစားမရွေး၊ ချမ်းသာဆင်းရဲ အဆင့်အတန်း မခွဲခြားဘဲ သေမင်းခေါ် ဆောင်ရာနောက်သို့ လိုက်ပါကြရပေလိမ့်မည်။ သေမင်းကို ရှောင်ကွင်း၍မရ၊ လာဘ်ထိုး၍မရ၊ သတ္တဝါမှန်သမျှ မုချမသွေသေကြရပေလိမ့်မည်။

"သေမင်းလာရောက် တံခါးခေါက် သင်မကြောက်ဘူးလား"

"ငါသည် မုချမသွေသေရမည်။ အချိန်ပိုင်းသာလိုတော့သည်"

"ရခဲလှတဲ့ဘဝလေးမှာ အချိန်ကိုအလကားမဖြုန်းလိုက်ပါနဲ့"

❖ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်တွင်းမှာ လူငယ်သဘာဝ၊ ယဉ်ကျေးစွာပျော်မြူးကြသူများကို ခွင့်လွှတ်ကြသော်လည်း ရိုင်းစိုင်းကြမ်းတမ်းလွန်းစွာ အပျော်လွန်ကဲကြသူများကိုကား ရှုတ်ချပြစ်တင် မမြင်ချင်၊ မတွေ့ချင်ကြပေ။ သို့သော် တရွေ့ရွေ့ပြောင်းလဲလာခဲ့သော ခေတ်ရေစီးကြောင်းအရ လူငယ်လူရွယ်သဘာဝအရ နည်းမျိုးစုံဖြင့် ပျော်မြူးနေကြပေဦးမည်။ မပျော်မြူးနိုင်ကြသူများကတော့ ဇရာနှင့် ဗျာဓိ၊ ဗျာဓိနှင့်မရဏ အားပြိုင်နေကြသော ဇရာအိုကြီးများဖြစ်ကြသည်။ ❖

"အိုရာက နာရာမရောက်ခင် ဝိပဿနာလုပ်ပါ"

"အရှိနဲ့အသိကိုက်အောင်လုပ်တာ ဝိပဿနာ"

"ဝိပဿနာဆိုတာ ခန္ဓာမလိုချင်အောင်ရှုတာ။ ခန္ဓာနဲ့ ငါနဲ့ မရောပါနဲ့"

"ကိုယ့်ကိုယ်ကိုယ်သနားရင် ဝိပဿနာလုပ်ကြ။ ကိုယ့်ကိုယ်ကိုယ်မသနားရင် သားရေး၊ သမီးရေး၊ စီးပွားရေးလုပ်ကြ"

"မီးစွဲလောင်မှရေကိုတသော် မရဖြစ်အင် ပုံနှိုင်းယှဉ်၍ မဂ္ဂင်သန္ဓေ တည်မြဲနေအောင် မသေခင်က ပြင်ဆင်တောက်လျှောက် မေ့မပျောက်နှင့် ချွေးပေါက်ယိုစီး သေခါနီးဝယ် အပြီးမုချ မင်္ဂကိုရလိမ့်"

သင်္ကြန်တွင်းတရားစခန်းများတွင် တရားထိုင်ဖူးကြသူတိုင်း ထိုသို့သောတရားဒေသနာတော်များကို နားယဉ်နေကြလေပြီ။ သို့သော် တားဆီး၍မရသော သေခြင်းတရားကို မေ့ပျောက်ထားနေကြသည်။ ကိုယ့်ဘဝလက်ကျန်အချိန်ကို တွက်စစ်ကြည့်ကြသူ အလွန်နည်းပါးနေကြသည်။

**ဘဝလက်ကျန်အချိန်ဇယား**

| သင့်အသက် | သင်သုံးစွဲပြီးသောအချိန် | ၇၅ နှစ်မတိုင်မီ သင့်ဘဝ၏ လက်ကျန်အချိန် |
|---|---|---|
| ၄၀ နှစ် | ၁၄၆၀၀ ရက် | ၁၂၇၇၅ ရက် |
| ၄၅ နှစ် | ၁၆၄၂၅ ရက် | ၁၀၉၅၀ ရက် |
| ၅၀ နှစ် | ၁၈၂၅၀ ရက် | ၉၁၂၅ ရက် |
| ၅၅ နှစ် | ၂၀၀၇၅ ရက် | ၇၃၀၀ ရက် |
| ၆၀ နှစ် | ၂၁၉၀၀ ရက် | ၅၄၇၅ ရက် |
| ၆၅ နှစ် | ၂၃၇၂၅ ရက် | ၃၆၅၀ ရက် |
| ၇၀ နှစ် | ၂၅၅၅၀ ရက် | ၁၈၂၅ ရက် |
| ၇၅ နှစ် | ၂၇၃၇၅ ရက် | တရားမမေ့ပါနဲ့ |

ဘဝလက်ကျန်အချိန်ကိုကြည့်ကြပါက တဖြည်းဖြည်းနည်းပါးလာသည်ကို တွေ့ကြရပေလိမ့်မည်။ ကိုယ့်ဘဝလက်ကျန်ချိန်ကို တန်ဖိုးရှိစွာ အသုံးချကြရန် လိုအပ်နေသည်။ ငွေကုန်တာကို ပြန်ရှာ၍ရသော်လည်း အချိန်ကုန်တာကို ပြန်ရှာ၍မရ အစားထိုး၍မရသည်ကို အလေးအနက် စဉ်းစားကြသင့်သည်။

**"တစ်နေကွယ် သေနယ်သို့ တစ်ဝါကူး**
**မေ့လျော့ကာ မသေဘူးရယ်လို့**
**မထင်လိုက်ပါနဲ့**
**နေကွယ်တာ အကြိမ်များရင်**
**သေနယ်ကို တစ်ဝါသွားရမယ်**
**တားမရဘူး။ ။"**

နှစ်သစ်ကူးကာလတွင် **သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ**က "အချိန်သည် အချိန်ကိုစားသောကြောင့် အချိန်တွေကုန်၏။ အချိန်က လူကိုစားသောကြောင့် လူတွေလည်းကုန်နေ၏။ အချိန်ကိုနိုင်အောင် မစားနိုင်လျှင် ဘဝမှာအရှုံးထွက်မည်။ ဘဝအတွက် အမြတ်ထွက်အောင် အချိန်ကိုနိုင်အောင်စားရမည်"ဟု ဟောပြောသတိပေးခဲ့သည်။

**ဆရာတော်အရှင်နေကာဘိဝံသ**ကလည်း "ငါနှင့်ရွယ်သူ ငါ့အောက်လူ ကြီးသူသေကြများလှပြီ"၊ "ခဏမစဲ အိုစမြဲ ငါလည်း သေဘက်နီးခဲ့ပြီ"၊ "မသေသေးမီ ပါရမီ ငါသည် ဖြည့်မှသင့်တော့မည်"၊ "ဇရာမီးတောင် ကိုယ်ထဲလောင် သေအောင်မြိုက်တော့သည်"၊ "မသေရခင် သွားလမ်းစဉ် ကြိုတင်ပြင်သင့်ပြီ"၊ "ဒါန သီလ ဘာဝနာ လမ်းသာထွင်လိမ့်မည်"၊ "မဂ္ဂင်ယာဉ်ကြီး အမြန်စီး ခရီးထွက်တော့မည်"ဟု သံဝေဂဓမ္မလင်္ကာများဖြင့် ဟောကြားညွှန်ပြခဲ့သည်။

ဆရာတော်ကြီးတစ်ပါးကလည်း အသေမြတ်အောင် ဒါန၊ သီလ၊ ဘာဝနာလမ်းသာထွင်ပြီး မသေခင်ကြိုတင်ပြင်ဆင်ကြရာတွင် **ဆေးနှင့်တရား**ကို နှိုင်းယှဉ်ပြသထား၏။ "ဆေးဆိုတာ အဝင်ဆိုးဆိုး မဆိုးဆိုး၊ ကိုယ့်ရောဂါပျောက်ဖို့ သောက်ရသလိုပဲ တရားဆိုတာ ထိုင်ချင်ချင်၊ မထိုင်ချင်ချင်၊ စိတ်ရောဂါတွေပျောက်ဖို့ ထိုင်ရတယ်"ဟု လှုံ့ဆော်ဟောပြောခဲ့သည်။

တရားစခန်းဝင်ကြသူများကို တရားပြဓမ္မကထိကဆရာတော်က "ဝိပဿနာဆိုတာ ခန္ဓာကိုယ်မလိုချင်အောင်ရှုတာ ခန္ဓာနဲ့ ငါနဲ့မရောပါနဲ့။ ပဋိစ္စသမုပ္ပာဒ်နိဗ္ဗာန်ရောက်ကြောင်း အနှစ်ချုပ်ကို ရှင်းပြပါမယ်။ တဏှာပယ်မှ နိဗ္ဗာန်ရတာ။ နိဗ္ဗာန်ရဖို့က မဂ်ဉာဏ်ဆိုတဲ့ အသိသဘောလိုတယ်။ ဖြစ်ပျက်မြင်တဲ့ ဝိပဿနာကို အရင်ရှုကြရမယ်။ ဝိပဿနာဉာဏ်ရရင် ဒိဋ္ဌိကိုဖြုတ်နိုင်တယ်။ ဒိဋ္ဌိဖြုတ်နိုင်ရင် ခန္ဓာပဋိစ္စသမုပ္ပာဒ်ကို သိလာလိမ့်မယ်။ အဲဒီလို သိဖို့က ဟောဒီ ပဋိစ္စသမုပ္ပာဒ်စက်ဝိုင်းကြီးပါ တရားဓမ္မပိုင်းခြားပြထားတာတွေကို သိရမယ်။ လေ့လာမှတ်သားရမယ်။ ရှိရင် ဒုက္ခ၊ မရှိရင် ချမ်းသာ။ ခန္ဓာရှိရင် သေမယ်။ မသေအောင်လုပ်ရမယ်။ အသေရှာမလား။ အသေရှောင် မလား။ ခန္ဓာရှိရင် ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏဖြစ်နေမှာပဲ။ မူလနှစ်ဖြာဆိုတဲ့ အဝိဇ္ဇာ= မသိတရားနဲ့ တဏှာ= လိုချင်တပ်မက်မှုရှိနေရင်၊ ခန္ဓာရနေမှာပဲ။ **ကရှုတ်ကင်းလျှောက် လမ်းပျောက်နေကြမှာပဲ။** ဒီတော့ အခြေခံကစကြရအောင်"ဟု ရှင်းလင်းဟောကြားကာ တရားထိုင်စေခဲ့သည်။

**"တင်ပျဉ်ခွေကာ ထိုင်နေပါ ခါးကိုဖြောင့်ဖြောင့်ထား"**
**"ဘယ်လက်ပေါ်တွင် ညာလက်တင် ခေါင်းတွင်မတ်မတ်ထား"**
**"မျက်စိကိုမှိတ် ပါးစပ်ပိတ် ရှုစိတ်အမြဲပွား"**

ဟု သံပြိုင်ရွတ်ဆိုကြစေပြီး တရားစဉ်လုပ်ငန်းစဉ်နည်းဗျူဟာသုံးရပ်ဖြင့် တရားရှုမှတ်ကြစေရန် တည့်မတ်ညွှန်ပြပေးခဲ့သည်။

**အသုဘကိုပင် ဤသို့လျှင် နေ့စဉ်ပွားများပါ**ဟု စတင်ကာ "ဒွါရကိုးတန်၊ ပုပ်ရေလျှံ၊ ညီနံစက်ဆုပ်ဖွယ်။ မျက်ဝတ်အသူ၊ ယိုကျမူ၊ စက္ခုမတင့်တယ်။ နားဖာချေးပွ၊ ပြည်ယိုကျ၊ သောတမတင့်တယ်။ ခဏခဏ နှပ်တွေကျ၊ ဃာနမတင့်တယ်။ အာခံတွင်းက ပုပ်နံလှ၊ မုခမတင့်တယ်။ ကျင်ငယ်ပေါက်မှ ကျင်ငယ်ကျ၊ ကာယမတင့်တယ်။ ကျင်ကြီးပေါက်မှ ကျင်ကြီးကျ၊ ကာယမတင့်တယ်။ မွေးညင်းပေါက်မှ ချွေးတွေကျ၊ ကာယမတင့်တယ်။ ခန္ဓာကိုယ်ကောင်၊ အပုပ်လှောင်၊ နံဟောင်စက်ဆုပ်ဖွယ်။ မသေလည်းပုပ်၊ သေလည်းပုပ်၊ စက်ဆုပ်ရွံရှာဖွယ်"ဟူ၍ အပုပ်ကောင်ရုပ်ဆောင်နေသော ခန္ဓာကို မလိုချင်ကြအောင် သရုပ်ခွဲပြကြပါသေးသည်။ ကိုယ့်ကိုယ်ကိုယ် ဘယ်လိုပဲအလှပြင်တန်ဆာဆင်နေကြစေကာမူ အိမ်သာတက်ကြတော့ ဇာတိရုပ်ပေါ်လာကြစမြဲပါ။ အဲဒီသဘောကိုမြင်အောင် ကြည့်ကြရှုကြပါဟုလည်း သာဓကပြတရားချကြသည်။

"အသက်တွေကြီးလာပြီ။ လောဘ၊ ဒေါသ၊ မောဟတွေ ကြီးနေကြတုန်းပဲ။ သွားတွေကျိုးနေပြီ။ မာန်စွယ်တွေ မကျိုးသေးဘူးလား။ အရေတွေတွန့်နေပြီ။ မကောင်းမှုအကုသိုလ်လုပ်ရပ်တွေ မတွန့်ကြသေးဘူး။ ဆံပင်တွေဖြူနေပြီ။ စိတ်ထားတွေ မဖြူကြသေးဘူးလား။ မျက်စိတွေ မှုန်ဝါးနေပြီ။ နိဗ္ဗာန်သွားမဲ့လမ်း၊ မှုန်ဝါးနေကြတုန်းပဲလား"ဟု ဇရာအိုများကိုလည်း တရားအသိ၊ သတိပေးကြလေ့ရှိသည်။

တစ်ချိန်က တက္ကသိုလ်ဝင်တန်းတွင် ပြဋ္ဌာန်းသင်ကြားစေခဲ့သော **ဦးပုည၏ ဝတ္ထုလေးပုဒ်** ထဲမှ **ယုန်မင်း၏ဝတ္ထု**တွင်ပါဝင်သော "ယခုအခါ လူဖြစ်လည်းလာ၊ သာသနာလည်းထွန်းခိုက်၊ အမြိုက်တရားဟောကြားမည့်သူ၊ လူလည်းမရှား၊ သို့ဖြစ်ပါလျက်သားနှင့် တရားမကြိုက်၊ အမှားလိုက်ကြလျှင်ဖြင့်၊ အမိုက်တကာ့ ဗိုလ်မင်း၊ အဖျင့်တကာ့ ဗိုလ်ချုပ်၊ အပါယ်လေးလီ၊ မြစ်နဒီတွင်၊ ပလုံစီမြုပ်လို့၊ သူယုတ်ကြီးတွေဖြစ်ချိမ့်မည်"ဟူ၍လည်း ပြောမှသိ ထိမှနာအောင် သတိပေးလှုံ့ဆော်နေကြသည်။

**"သွားချင်ပါလျက်နှင့် ဝေးဝေးနေတာက နိဗ္ဗာန်၊ မသွားချင်ဘဲနှင့် နီးနီးလာတာက သုသာန်"**ဆိုတာကို ဇရာအိုများ တွေးမှတွေးမိကြပါလေစ။ "အို၊ နာ၊ သေကွဲ တွေ့ကြုံမြဲ မလွဲငါ့ကံ၊ ငါစီမံ။ စိတ်ကြံ့ခိုင်ရေး၊ အစဉ်တွေး၊ မနေးဆင်ခြင်ရန်"ဆိုသော မရဏာနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းနေကြသင့်ပါသည်။

**သာမဏေကျော်ဆရာတော်**ကလည်း "သေခါနီးလေး၊ ကြိုတင်တွေးကြည့်၊ စိတ်အေးချမ်းသာ၊ သေနိုင်မှာလား စွဲလမ်း၍သာ သင်သေမှာလား၊ ယောင်ယမ်းလူးလွန့် သက်စွန့်မှာလား၊ ဟစ်အော်ညည်းကာ သေသွားမှာလား၊ သက်ရှိနေစဉ် ကုသိုလ်ခင်မှ သေစဉ်လှလှ၊ သင်သေရလိမ့်"ဟု သတိပေးထားရာ **"မိုးကုတ်ဆရာတော်ကြီး၏ အပြုံးနှင့် သေမလား၊ မဲ့ပြီးသေမလား"** တရားတော်နှင့့်ကိုက်ညီလှသည်။

သို့ဖြစ်ရာ ဘဝနေညိုချိန်သို့ရောက်နေကြသော **ဇရာအိုများ**အနေဖြင့် နှစ်ဟောင်းကိုဖြို့ပြီး နှစ်သစ်ကို ကြိုဆိုနေကြချိန်တွင် မိမိတို့၏ဇရာအိုဘဝကို ကုသိုလ်မှုအစုစုပြုကျင့်ကြရင်း သေမင်းကို အပြုံးနှင့်ရင်ဆိုင်နိုင်ကြပါစေဟု ဆန္ဒမွန်ပြုလိုက်ရပါသည်။

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ် ဘ၀မှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ကြည်သာရွှင်မြူး လတန်ခူး

- နှစ်ဟောင်းကုန်လို့ နှစ်သစ်ဝင်
မိဿရာသီခွင်
တန်ခူးလပင် ဆင်ယင်နွှဲ
အတာကူးတဲ့ပွဲ။

- အေးချမ်းစိုရွှဲ မွှေးနံ့သာ
ယဉ်ကျေးမှုစုံကာ
ရွှင်လန်းကြည်သာ အပြစ်ဆေး
ဝန်ချကန်တော့သေး။

- သဒ္ဓါမွှေးတဲ့ အလှူတော်
စတုဒိသာခေါ်
မုန့်လုံးရေပေါ် မုန့်လက်ဆောင်း
ရွှေရင်အေးစေကြောင်း။

- နှစ်ဟောင်းကုန်လို့ နှစ်သစ်ဝင်
နှစ်ဆန်းတစ်ရက်တွင်
ရှုတ်ဖတ်သံလွင် ပရိတ်တရား
ဘေးရန်ကင်းစေသား။

- လူငယ်အများ သာသနာ့ဘောင်
ဝပ်တွားခိုလှုံဆောင်
နောင်သံသရာ နိဗ္ဗာန်လမ်း
ဆောင်ကြဉ်းဖို့ ရည်မှန်း။

- ကံ့ကော်စိန်ပန်း ငုရွှေဝါ
ပန်းပိတောက်ဝေဖြာ
ဇလပ်ဇီဇဝါ သင်းပျံ့လူး
နှစ်သစ်ကြိုဆိုမြူး
အေးချမ်းလတန်ခူး။ ။

**ဇင်မင်းစိုး(မိုလ်ကလေး)**

# ကချင်ပြည်နယ်ရှိ ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းနယ်မြေတွင် အဆင့်မြင့်ဟိုတယ်နှင့် ယာဉ်ရပ်နားကွင်းများပါဝင်မည့် စီးပွားရေးနယ်မြေစီမံကိန်း ဆောင်ရွက်မည်

**မြစ်ကြီးနား ဧပြီ ၆**

မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးစခန်းတည်ရှိရာ ကချင်ပြည်နယ်ရှိ ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းနယ်မြေတွင် အဆင့်မြင့်ဟိုတယ်နှင့် ယာဉ်ရပ်နားကွင်းများပါဝင်မည့် စီးပွားရေးနယ်မြေစီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးညွန့်ဌေးအောင်ထံမှ သိရသည်။

ကံပိုင်တည်စီးပွားရေးနယ်မြေစီမံကိန်းကို မြန်မာ-တရုတ် နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအတွက် အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး အဆိုပါစီမံကိန်းနှင့်ပတ်သက်သည့် MOA စာချုပ်မူကြမ်းပါအချက်များအပေါ် ညှိနှိုင်းသည့် အစည်းအဝေးကို ဧပြီ ၄ ရက်က ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံးတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

"မြန်မာ-တရုတ် နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအကောင်အထည်ဖော်ရေးအတွက် ကံပိုင်တည် စီးပွားရေးနယ်မြေစီမံကိန်းကို ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် ကံပိုင်တည်မြို့ရှိ မြေဧရိယာ ၇၅ ဒသမ ၉၀၉ ဧကပေါ်မှာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှာ ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ဦးညွန့်ဌေးအောင်က ပြောပြသည်။

ကချင်ပြည်နယ်အတွင်း မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတစ်ခုဖြစ်သည့် မြစ်ကြီးနားခရိုင် ဝိုင်းမော်မြို့နယ်အတွင်းရှိ ကံပိုင်တည်နယ်စပ်မှတစ်ဆင့် နှစ်နိုင်ငံကုန်စည်စီးဆင်းမှုများ ပိုမိုအားကောင်း ခိုင်မာလာစေရန်အတွက် ထိုစီမံကိန်းကို အကောင်အထည်ဖော်ခြင်းဖြစ်သည်။

အဆိုပါစီမံကိန်းဧရိယာအတွင်း ကံပိုင်တည် နယ်စပ်စစ်ဆေးရေးဂိတ်ကို အသစ်ပြန်လည်တည်ဆောက်ခြင်းအပါအဝင် အစိုးရဝန်ထမ်းအိမ်ရာများ တည်ဆောက်ခြင်း၊ ဇုန်အတွက်လိုအပ်သော လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်း၊ ယာဉ်ရပ်နားကွင်းနှင့် အဆင့်မြင့်ဟိုတယ်ဧရိယာများဖြင့် အကောင်အထည်ဖော်မည်ဖြစ်ကြောင်း၊ ထို့ပြင် လမ်းတိုးချဲ့ဆောင်ရွက်ခြင်း၊ စိမ်းလန်းဧရိယာများ၊ ဂိုဒေါင်များ၊ တည်းခိုခန်းများ၊ ခရီးသွားဝန်ဆောင်မှုဧရိယာများလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ ASH



# သံတောင်ကြီးမြို့နယ် မယ်ဇလီကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သံတောင်ကြီး ဧပြီ ၆**

ကရင်ပြည်နယ် သံတောင်ကြီးခရိုင် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မယ်ဇလီကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ဧပြီ ၅ ရက် နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သံတောင်ကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့်တွေ့ဆုံ၍ မယ်ဇလီကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများစနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးကြည့်ရှုပြီး မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းက လုပ်ငန်းများ ရေရှည်တည်တံ့ရေး ဆောင်ရွက်ကြရန် မှာကြားသည်။

မယ်ဇလီကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ငွေကျပ် သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါ မြစိမ်းရောင်ကျေးရွာစီမံကိန်းမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၀ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၃ ဦးကို ငွေကျပ် ၃၇၇ သိန်း ထုတ်ချေးပေးထားကြောင်း သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းက ပြောပြ၍ သိရသည်။ **သုသု**

# ဇီးကုန်းမြို့နယ် တောမြိုင်စွန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဇီးကုန်း ဧပြီ ၆**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောမြိုင်စွန်းကျေးရွာနှင့် ကံကလေးကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက တောမြိုင်စွန်းကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇီးကုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နိုင်နိုင်ဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရခြင်း၏ ရည်ရွယ်ချက်များနှင့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယမြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးသီရိဝေက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်နိုင်နိုင်ဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ငွေကျပ် ၄၃ ဒသမ ၀၅ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် တောမြိုင်စွန်းကျေးရွာနှင့် ကံကလေးကျေးရွာတို့ရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၂ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၄ ဦး၊ ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ကိုးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅၅ ဦးကို ငွေကျပ် ၄၃ ဒသမ ၀၅ သန်းထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုနိုင်**

# နိုင်ငံတကာ သတင်းများ

## ဆော်ဒီနှင့် အီရန် ထိပ်တန်းသံတမန်များ တရုတ်နိုင်ငံ ပေကျင်းမြို့၌ တွေ့ဆုံဆွေးနွေး

**ပေကျင်း ဧပြီ ၆**

ဆော်ဒီအာရေဗျနှင့် အီရန်နိုင်ငံခြားရေးဝန်ကြီးများသည် ယနေ့တွင် တရုတ်နိုင်ငံ ပေကျင်းမြို့တော်၌ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါဆွေးနွေးပွဲသည် ခုနစ်နှစ်တာကာလအတွင်း ပထမဆုံး အကြိမ်ကျင်းပနိုင်ခဲ့သည့် အီရန်နှင့် ဆော်ဒီ ထိပ်တန်းသံတမန်များ၏ ဆွေးနွေးပွဲဖြစ်သည်။

နှစ်အတန်ကြာသံတမန်အဆက်အသွယ်ဖြတ်တောက်ခဲ့သော အီရန်နှင့် ဆော်ဒီအာရေဗျတို့သည် တရုတ်နိုင်ငံ၏ ကြားဝင်ညှိနှိုင်းပေးမှုဖြင့် တရားဝင်သံတမန်ဆက်ဆံရေးပြန်စရန် လွန်ခဲ့သည့်လက သဘောတူထားသည်။

နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ပြန်လည်စတင်မှုသဘောတူညီချက်ပါ ပြဋ္ဌာန်းချက်အရ နှစ်လတာကာလအတွင်း သံရုံးများနှင့် ကောင်စစ်ဝန်ရုံးများ ပြန်လည်ဖွင့်လှစ်ရေးအတွက် အစီအစဉ်များ စတင်မည်ဖြစ်ကြောင်း ဆွေးနွေးပွဲအပြီး ထုတ်ပြန်ခဲ့သော ပူးတွဲကြေညာချက်၌ ဆော်ဒီနိုင်ငံခြားရေးဝန်ကြီး ဖိုင်ဆယ်ဘင်ဖာဟန်းအယ်လ်ဆော့ဒ်နှင့် အီရန်နိုင်ငံခြားရေးဝန်ကြီး အမီရာအက်ဘ်ဒူလာဟီအန်တို့က သဘောတူခဲ့ကြသည်။

တရုတ်အစိုးရက ဆော်ဒီနှင့် အီရန်တို့ကြား ပြန်လည်ရင်ကြားစေ့ပေးနိုင်ခဲ့မှုသည် အရှေ့အလယ်ပိုင်းဒေသ၌ တရုတ်သြဇာအားကောင်းလာမှုကို ထင်ဟပ်လျက်ရှိသည်။

ပေကျင်းဆွေးနွေးပွဲသည် အီရန်နှင့်ဆော်ဒီတို့အတွက် အပြုသဘောဆောင်သည့် ဆွေးနွေးပွဲဖြစ်ခဲ့ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးက ယနေ့တွင် ထုတ်ဖော်ပြောကြားထားကြောင်း သိရသည်။

KKO



## ဂျပန်စစ်ဘက်ရဟတ်ယာဉ်တစ်စင်း လိုက်ပါသူ ၁၀ ဦးနှင့်အတူ ပျောက်ဆုံးနေ

**တိုကျို ဧပြီ ၆**

ရဟတ်ယာဉ်မှူးများနှင့် ခရီးသည်များလိုက်ပါသွားသည့် ဂျပန်စစ်ဘက်ရဟတ်ယာဉ် တစ်စင်းနှင့် အဆက်အသွယ် ပြတ်တောက်နေကြောင်း ဂျပန်စစ်ဘက်က ယနေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။

ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း အိုကီနာဝါကျွန်းတန်းဆက်တွင် ပါဝင်သော မီယာကိုဂျီးမားကျွန်းအနီးတွင် အဆိုပါရဟတ်ယာဉ် ပျောက်ဆုံးခဲ့ခြင်းဖြစ်ကြောင်း ဂျပန်စစ်ဘက်၏အဆိုကိုကိုးကား၍ ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ယူအိတ်ချ်-၆၀ ဘလက်ဟော့ခ်အမျိုးအစား အဆိုပါစစ်ဘက်သယ်ယူပို့ဆောင်ရေးရဟတ်ယာဉ်သည် မီယာကိုဂျီးမားကျွန်းလေတပ်စခန်းမှ ပျောက်ကွယ်သွားခြင်းဖြစ်ကြောင်း သိရသည်။


ထို့ပြင် အဆိုပါရဟတ်ယာဉ်သည် ရေဒီယိုအဆက်အသွယ်ပြုလုပ်မှုများကိုလည်း တုံ့ပြန်မှုမရှိတော့ကြောင်း ဂျပန်စစ်ဘက်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဂျပန်အစိုးရ၏ ဦးစားပေးတာဝန်မှာ ၎င်းရဟတ်ယာဉ်ဖြင့် လိုက်ပါသွားသူများကို ရှာဖွေကယ်ဆယ်ရေးဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ဖူမီအိုကီရှီဒါက ပြောကြားထားသည်။

လက်ရှိအချိန်တွင် ရဟတ်ယာဉ်မှူးများအပါအဝင် လူပေါင်း ၁၀ ဦး လိုက်ပါသွားသည့် အဆိုပါရဟတ်ယာဉ်ကို ဂျပန်ကမ်းခြေစောင့်တပ်သင်္ဘောများက ရှာဖွေနေဆဲဖြစ်ကြောင်း သိရသည်။

KKO

## တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ပြင်သစ်သမ္မတ မက်ခရွန် တွေ့ဆုံဆွေးနွေး



**ပေကျင်း ဧပြီ ၆**

ပြင်သစ်သမ္မတ မက်ခရွန်သည် ယနေ့တွင် တရုတ်နိုင်ငံ ပေကျင်းမြို့တော်၌ တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့်တွေ့ဆုံဆွေးနွေးခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် ပြင်သစ်သမ္မတ မက်ခရွန်သည် လုပ်ဆောင်ချက်များပြောင်းလဲပေးရေးအတွက် ရုရှားကို စည်းရုံးပေးရန်နှင့် ယူကရိန်းပဋိပက္ခ အဆုံးသတ်နိုင်ရေးတို့အတွက် ကူညီရန် တရုတ်သမ္မတ ရှီကျင့်ဖျင်ကို တိုက်တွန်းခဲ့ကြောင်း သိရသည်။

ယူကရိန်းနိုင်ငံကို ရုရှားနိုင်ငံက စစ်ရေးအရ တိုက်ခိုက်ခဲ့မှုသည် နိုင်ငံတကာတည်ငြိမ်ရေးအတွက် ထိုးနှက်ချက်တစ်ရပ်ဖြစ်ကြောင်း တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့်တွေ့ဆုံစဉ် ပြင်သစ်သမ္မတက ပြောကြားခဲ့ခြင်းဖြစ်သည်။

ပြင်သစ်သမ္မတနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြန်လည်စတင်ရန်နှင့် ပဋိပက္ခအတွက် နိုင်ငံရေးအရ အဖြေရှာရန် တရုတ်သမ္မတ ရှီကျင့်ဖျင်က ရုရှားနှင့် ယူကရိန်းနိုင်ငံတို့ကို တိုက်တွန်းခဲ့သည်။

တရုတ်ခေါင်းဆောင်များနှင့် တွေ့ဆုံ ဆွေးနွေးရေးအတွက် ပြင်သစ်သမ္မတ မက်ခရွန်အပြင် ဥရောပကော်မရှင် အကြီးအကဲ အာဆူလာဗွန်ဒါလီယန်သည်လည်း ပေကျင်းမြို့တော်သို့ ရောက်ရှိနေကြောင်း သိရသည်။

ထို့ပြင် ပြင်သစ်သမ္မတနှင့် ဥရောပကော်မရှင်ဥက္ကဋ္ဌတို့သည် တရုတ်ဝန်ကြီးချုပ်လီချန်းနှင့် ယနေ့တွင် တွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်သည်။

ပြင်သစ်သမ္မတ မက်ခရွန်နှင့် သမ္မတ ရှီကျင့်ဖျင်တို့၏ ဆွေးနွေးပွဲမှာ ပွင့်လင်း၍ အပြုသဘောဆောင်ကြောင်း ပြင်သစ်အစိုးရက သတင်းထုတ်ပြန်ထားသည်။ KKO

## နေတိုးအဖွဲ့အင်အားချဲ့ထွင်မှုကြောင့်သာ နျူလက်နက်များကို ဘီလာရုစ်၌ ဖြန့်ကြက်ရန်စီစဉ်ထားခြင်းဖြစ်ကြောင်း ရုရှားပြောကြား

**မော်စကို ဧပြီ ၆**

ဘီလာရုစ်နိုင်ငံ၌ နည်းဗျူဟာမြောက် နျူကလီးယားလက်နက်များ ဖြန့်ကြက်သည့်အစီအစဉ်နှင့်ပတ်သက်၍ ရုရှားအစိုးရက ဧပြီ ၅ ရက်တွင် ပြောကြားခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)၏ အင်အားချဲ့ထွင်မှုကြောင့် ရုရှားအနေဖြင့် မိမိလုံခြုံရေးကိုကာကွယ်နိုင်ရန် နည်းဗျူဟာမြောက် နျူကလီးယားလက်နက်များကို ဘီလာရုစ်၌ ဖြန့်ကြက်ရန်စီစဉ်ထားခြင်းဖြစ်ကြောင်း ရုရှားအစိုးရပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့ဗ် ပြောကြားခဲ့သည်။

ထို့ပြင် ဘီလာရုစ်၌ နျူကလီးယားလက်နက်များ ဖြန့်ကြက်မည့်အစီအစဉ်နှင့်ပတ်သက်၍ နေတိုးအတွင်းရေးမှူးချုပ် ယန်းစတော်လ်တင်ဘာ့ဂ်၏ ဝေဖန်မှုကိုလည်း ဒီမီထရီပက်စကော့ဗ်က ပယ်ချခဲ့သည်။

ဘီလာရုစ်၌ နျူကလီးယားလက်နက်များ ဖြန့်ကြက်မည့်အစီအစဉ်သည် ကမ္ဘာ့နိုင်ငံများအနေဖြင့် မိမိနယ်စည်းပြင်ပ၌ နျူကလီးယားလက်နက်များ မဖြန့်ကြက်သင့်ကြောင်း ဖော်ပြထားသည့် တရုတ်-ရုရှား ပူးတွဲကြေညာချက်နှင့် မကိုက်ညီကြောင်း နေတိုးအကြီးအကဲက ဧပြီ ၅ ရက်တွင် ဖော်ပြထားသည်။

ရုရှားဘက်သို့ အင်အားချဲ့ထွင်လာမှုမှာ နေတိုးအုပ်စုသာဖြစ်ပြီး နေတိုးအုပ်စုကြောင့်သာလျှင် ရုရှားအနေဖြင့် နယ်စပ်များအနီး၌ စစ်ဘက်ဆိုင်ရာအခြေခံအဆောက်အအုံများရွှေ့ပြောင်းရန် စီစဉ်ခဲ့ရခြင်းဖြစ်ကြောင်း ဒီမီထရီပက်ကော့ဗ်က ပြောကြားခဲ့သည်။

ထို့ပြင် ဖင်လန်နိုင်ငံသည် ဧပြီ ၄ ရက်တွင် နေတိုးအဖွဲ့ဝင်သစ်ဖြစ်လာခဲ့ရာ ရုရှားနှင့်ထိစပ်နေသော နေတိုးနယ်စပ်အရှည်မှာ နှစ်ဆတိုးလာခဲ့ကြောင်း သိရသည်။ KKO

## အိန္ဒိယနိုင်ငံ ချင်နိုင်းမြို့ဘုရားကျောင်းရှိ ရေလှောင်ကန်အတွင်း ကလေးငါးဦး ပြုတ်ကျသေဆုံး

**နယူးဒေလီ ဧပြီ ၆**



အိန္ဒိယနိုင်ငံတောင်ပိုင်း တမီလ်နာဒူးပြည်နယ် ချင်နိုင်းမြို့ရှိ ဟိန္ဒူဘုရားကျောင်း တစ်ကျောင်းတွင် ဧပြီ ၅ ရက်က ရေလှောင်ကန်အတွင်း ကလေးငါးဦးပြုတ်ကျခဲ့ပြီး ရေနစ်သေဆုံးခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါဖြစ်စဉ်သည် အိန္ဒိယနိုင်ငံအတွင်းရှိ ဟိန္ဒူဘုရားကျောင်းများ၌ ယခုသီတင်းပတ်အတွင်း ဒုတိယအကြိမ် ဖြစ်ပေါ်ခဲ့သည့် မတော်တဆမှုဖြစ်သည်။

ကလေးငါးဦး ရေလှောင်ကန်အတွင်း ပြုတ်ကျသေဆုံးမှုသည် ဟိန္ဒူဘုရားကျောင်းအတွင်း ဘာသာရေးအခမ်းအနားတစ်ခု ကျင်းပနေစဉ် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ချင်နိုင်းမြို့ရဲတပ်ဖွဲ့က ထုတ်ဖော်ပြောကြားထားသည်။

ချင်နိုင်းမြို့ ဘုရားကျောင်း၌ ကလေးများ ရေလှောင်ကန်အတွင်း ပြုတ်ကျမှုဖြစ်စဉ်ကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ချင်နိုင်းရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

ထို့ပြင် ရေလှောင်ကန်အတွင်း ပြုတ်ကျသေဆုံးခဲ့သူ ကလေးငါးဦး၏ ရုပ်အလောင်းများကိုလည်း ပြန်လည်ဆယ်ယူထားပြီးဖြစ်ကြောင်း ချင်နိုင်းရဲတပ်ဖွဲ့ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

အလားတူ ပြီးခဲ့သည့် မတ် ၃၀ ရက်ကလည်း မဒျာပရာဒေ့ရှ်ပြည်နယ် ဟိန္ဒူဘုရားကျောင်းပွဲတော်တစ်ခု၌ ရေတွင်းကွန်ကရစ်အမိုးဖုံး ပြိုကျမှုကြောင့် အနည်းဆုံး လူ ၃၅ ဦး ရေတွင်းထဲပြုတ်ကျသေဆုံးခဲ့ရပြီး ၁၆ ဦး ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## IC348 ကြယ်ဖွဲ့တိမ်တိုက်အတွင်းရှိ မော်လီကျူးအစုအဝေးများထဲတွင် သက်ရှိများဖြစ်ထွန်းရေးအတွက် အခြေခံကျသောဓာတုဒြပ်ပေါင်းများ ပါဝင်နေ



**မက်ဒရစ် ဇွန် ၆**

IC348 ဟူ၍ အမည်ပေးထားသော ကြယ်ဖွဲ့တိမ်တိုက်တစ်ခု အတွင်းရှိ မော်လီကျူးအစုအဝေးများထဲတွင် သက်ရှိများဖြစ်ထွန်းရေးအတွက် အခြေခံကျသော ဓာတုဒြပ်ပေါင်းများ ပါဝင်နေကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇွန် ၅ ရက်က ရေးသားတင်ပြထားသည်။

IC348 ကြယ်ဖွဲ့တိမ်တိုက် အတွင်းရှိ မော်လီကျူးများသည် သက်ရှိများ ဖြစ်ထွန်းရေးအတွက် လိုအပ်သည့် အမိုင်နိုအက်စစ်များ ပေါ်ထွက်လာရေးအတွက်အထောက်အကူပြုနိုင်ကြောင်း စပိန်သိပ္ပံပညာရှင်များက ပြောကြားသည်။

IC348 ကြယ်ဖွဲ့တိမ်တိုက် အတွင်းရှိ ကြယ်များမှာ သက်တမ်းအားဖြင့် နှစ်ပေါင်းနှစ်သန်းမှ သုံးသန်းထိမျှသာရှိရာ သက်တမ်းအားဖြင့် အလွန်နုနယ်ကြောင်း စပိန်သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

သို့ရာတွင် အဆိုပါတိမ်တိုက်သည် ဇီဝအကျိုးပြုမော်လီကျူးများ တည်ရှိနေသော ထူးခြားသည့် ကြယ်ဖွဲ့တိမ်တိုက်တစ်ခု ဖြစ်နေကြောင်း စပိန်သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

IC348 ကြယ်စုသည် နေအဖွဲ့အစည်းနှင့်အနီးဆုံး ကြယ်ဖွဲ့တိမ်တိုက်များထဲတွင် ပါဝင်ပြီး အချင်းအားဖြင့် အလင်းနှစ် ၅၀၀ ကျယ်သော အာကာသနယ်မြေတစ်ခု ဖြစ်ကြောင်း သိရသည်။

အဆိုပါကြယ်ဖွဲ့တိမ်တိုက်သည် ကမ္ဘာမြေနှင့်အလင်းနှစ် ၁၀၀၀ ခန့်အကွာတွင် တည်ရှိကြောင်း သိရသည်။ KKO


## နာဆာ၏ ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်က နေအဖွဲ့အစည်းနှင့်အဝေးလံဆုံးကြယ်စုများကို ရှာဖွေတွေ့ရှိ

**ဝါရှင်တန် ဇွန် ၆**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်သည် ရှာဖွေတွေ့ရှိခဲ့ဖူးသမျှ ကြယ်စုများအနက် နေအဖွဲ့အစည်းနှင့် အဝေးလံဆုံးကြယ်စုများကို ရှာဖွေတွေ့ရှိထားကြောင်း Phys.org သတင်းဝက်ဘ်ဆိုက်က ဇွန် ၅ ရက်က ရေးသားတင်ပြထားသည်။

အဆိုပါ ကြယ်စုများအနက် တစ်ခုမှာ Big Bang ခေါ် မဟာပေါက်ကွဲမှုကြီးဖြစ်ပွားခဲ့ပြီးနောက် နှစ်ပေါင်း သန်း ၃၂၀ အကြာတွင် ပေါ်ထွက်ခဲ့သည့် ကြယ်စုဖြစ်ကြောင်း သိရသည်။

ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်က ရှာဖွေတွေ့ရှိထားသည့် အဝေးလံဆုံးကြယ်စုလေးခုမှာ Big Bang မဟာပေါက်ကွဲမှုကြီးဖြစ်ပွားခဲ့ပြီး နှစ်ပေါင်းသန်း ၃၀၀ နှင့် ၅၀၀ ကြားတွင် ပေါ်ထွက်လာသော ကြယ်စုများဖြစ်ကြောင်း သိရသည်။



အဆိုပါ ကြယ်စုလေးခုလုံး၏ ဒြပ်ထုမှာ လွန်စွာနည်းပါးပြီး နေဒြပ်ထုထက်အဆပေါင်း သန်း ၁၀၀ ခန့်သာရှိသော်လည်း ဒြပ်ထုအချိုးနှင့်အညီ ကြယ်မွေးထုတ်နိုင်မှု အားကောင်းကြောင်း နာဆာသိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

နဂါးငွေ့တန်းကြယ်စု၏ ဒြပ်ထုမှာ နေဒြပ်ထုထက်အဆပေါင်း ၁ ဒသမ ၅ ထရီလီယံပိုကြီးမားကြောင်း သိရသည်။

နေအဖွဲ့အစည်းနှင့်အဝေးဆုံး ကြယ်စုလေးခုကို ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်၏ NIRC အမည်ရှိ စူးစမ်းလေ့လာရေးစနစ်က ဖော်ထုတ်တွေ့ရှိခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ KKO

## ဟိုမိုဆာပီယံရှေးလူများ လွန်ခဲ့သောနှစ်ပေါင်း ၁၇၀၀၀၀ က ကြီးမားသည့် ကုန်းနေခရုကြီးများကို ဖမ်းဆီးစားသောက်ခဲ့

**ပရီတိုးရီးယား ဇွန် ၆**

အာဖရိကတောင်ပိုင်းမှ ဟိုမိုဆာပီယံ ခေါ် ရှေးလူများသည် လွန်ခဲ့သောနှစ်ပေါင်း ၁၇၀၀၀၀ ကပင် အရွယ်အစားကြီးမားသည့် ကုန်းနေခရုကြီးများကို ဖမ်းဆီးစားသောက်ခဲ့ကြကြောင်း သိပ္ပံပညာရှင်များ၏အဆိုကို ကိုးကား၍ Science News သတင်းဝက်ဘ်ဆိုက်က ဇွန် ၅ ရက်က ရေးသားတင်ပြထားသည်။

ဘယ်လ်ဂျီယံ သိပ္ပံပညာရှင်များနှင့် တောင်အာဖရိကသိပ္ပံပညာရှင်များသည် ဘော်ဒါလိုဏ်ဂူအမည်ရှိ လိုဏ်ဂူတစ်ခုအတွင်း တူးဖော်တွေ့ရှိခဲ့ရသော ခရုခွံအပိုင်းအစများကို လေ့လာခဲ့ကြသည်။

အဆိုပါခရုခွံအပိုင်းအစများကို သက်တမ်းအားဖြင့် နှစ် ၇၀၀၀၀ နှင့် ၁၇၀၀၀၀ ကြားရှိသော မြေလွှာအတွင်း တူးဖော်တွေ့ရှိခဲ့ရခြင်း ဖြစ်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ခေတ်သစ်လူတို့၏ ဘိုးဘေး ဟိုမိုဆာပီယံများက အဆိုပါ ကုန်းခရုကြီးများကို လွန်ခဲ့သောနှစ်ပေါင်း ၁၇၀၀၀၀ ကပင် မီးဖုတ်စားသောက်ခဲ့ကြပုံရကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ဟိုမိုဆာပီယံများသည် အာဖရိက၌ လွန်ခဲ့သည့်နှစ်ပေါင်း ၄၉၀၀၀ ခန့်တွင်လည်းကောင်း၊ ဥရောပ၌ လွန်ခဲ့သည့်နှစ်ပေါင်း ၃၆၀၀၀ ခန့်တွင်လည်းကောင်း ကုန်းခရုများကို စတင်စားသုံးခဲ့ကြောင်း ယခင်က ယူဆထားသည်။

စားသုံးရလွယ်ကူ၍ အာဟာရဓာတ်မြင့်မားသော ကုန်းခရုများသည် လွန်ခဲ့သောနှစ်ပေါင်း ၁၇၀၀၀၀ ကပင် ဟိုမိုဆာပီယံ သက်ကြီးရွယ်အိုများနှင့်ကလေးများအတွက် အရေးကြီးသည့် အာဟာရဖြစ်ခဲ့ပုံရကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။ KKO

# HEALTH

## ညပိုင်းအိပ်စက်ချိန်များလွန်းပါက လေဖြတ်နိုင်ခြေ ပုံမှန်ထက်မြင့်တက်လာနိုင်

**ဒပ်ဘ်လင် ဇွန် ၆**

ညပိုင်းအိပ်စက်ချိန် များလွန်းပါက လေဖြတ်နိုင်ခြေ ပုံမှန်ထက်မြင့်တက်လာနိုင်ကြောင်း သုတေသန ပညာရှင်များ၏ အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက ဇွန် ၅ ရက်က ရေးသားတင်ပြထားသည်။

အိုင်ယာလန်နိုင်ငံ ဂဲလ်ဝေး တက္ကသိုလ်မှ သုတေသနပညာရှင်များသည် လေဖြတ်ခဲ့ဖူးသူထက်ဝက် ပါဝင်သောလူဦးရေ ၅၀၀၀ ၏ ကျန်းမာရေးအချက်အလက်များကို စိစစ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ထွက်ပေါ်လာသောရလဒ်များအရ တစ်ညအိပ်စက်ချိန် ကိုးနာရီအထက်ရှိသူများ၌ လေဖြတ်နိုင်ခြေ ပုံမှန်ထက် နှစ်ဆ မြင့်မားနေတတ်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

သို့ရာတွင် တစ်ညအိပ်စက်ချိန် ငါးနာရီအောက်သာရှိသူများတွင်လည်း လေဖြတ်နိုင်ခြေမှာ ပုံမှန်ထက် သုံးဆမြင့်တက်နေတတ်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

အိုင်ယာလန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်သည် မျက်မြင်ရလဒ်အခြေခံ လေ့လာတွေ့ရှိချက်ဖြစ်ပြီး အိပ်ချိန်နည်းလွန်းမှု၊ များလွန်းမှုနှင့် လေဖြတ်နိုင်ခြေ မြင့်တက်မှုတို့ကြား ကြောင်းကျိုးဆက်နွယ်မှုကို ရှင်းပြထားခြင်း မရှိပေ။

အိပ်စက်ချိန် များလွန်းမှုသည် နှလုံးရောဂါ၊ ဆီးချို၊ အဝလွန်မှုတို့အပါအဝင် ကျန်းမာရေးပြဿနာအမျိုးမျိုးတို့နှင့် ပတ်သက်လျက်ရှိကြောင်း သိရသည်။ KKO

## အဆုတ်ကင်ဆာဖြစ်စေနိုင်သည့်ဆဲလ်များ လေထုညစ်ညမ်းမှုကြောင့် နိုးထလာနိုင်

**နယူးယောက် ဇွန် ၆**

လေထုညစ်ညမ်းမှုကြောင့် အဆုတ်ကင်ဆာ ဖြစ်စေနိုင်သည့် ဆဲလ်များ နိုးထလာနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက ဇွန် ၅ ရက်က ရေးသားတင်ပြထားသည်။

မော်တော်ယာဉ်များကြောင့် ညစ်ညမ်းနေသောလေထုကို သုံးနှစ်ခန့် ရှူရှိုက်နေရလျှင်ပင် အဆုတ်ကင်ဆာရောဂါ ဖြစ်စေနိုင်သည့်ဗီဇပြောင်းဆဲလ်များ နိုးထလာနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

ကင်ဆာရောဂါ ဖြစ်စေသည့် ဗီဇများ ပါဝင်သောဆဲလ်များသည် အသက်ရလာသည်နှင့်အမျှ သဘာဝအလျောက် စုစည်းလာတတ်သော်လည်း ပုံမှန်အားဖြင့် ၎င်းဆဲလ်များမှာ ငြိမ်သက်နေတတ်သည်။

သို့ရာတွင် လေထုညစ်ညမ်းမှုကြောင့် အဆုတ်အတွင်းရှိ ၎င်းဆဲလ်များနိုးထလာပြီး ကင်ဆာဆဲလ်များ ပေါ်ထွက်လာနိုင်ခြေမြင့်မားလာနိုင်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

အထက်ပါ လေ့လာတွေ့ရှိချက်ကြောင့် ဆေးလိပ်မသောက်သူများ၌ အဆုတ်ကင်ဆာဖြစ်ပွားမှုကို ကုသရေးနှင့် ကာကွယ်ရေးအတွက် နည်းလမ်းသစ်များ ပေါ်ထွက်လာနိုင်ကြောင်း သုတေသနပညာရှင်များက မျှော်လင့်ထားသည်။

လေထုညစ်ညမ်းမှု ပြဿနာသည် နှလုံးရှုတ်တရက်ဖောက်မှု၊ လေဖြတ်မှုနှင့် ဆီးချိုကဲ့သို့ အခြားကျန်းမာရေးပြဿနာများနှင့်လည်း ဆက်စပ်နေကြောင်း သိရသည်။

အဆုတ်ကင်ဆာသည် ဆေးလိပ်သောက်သုံးမှုကြောင့် အဖြစ်များပြီး အဆုတ်ကင်ဆာရောဂါ ဖြစ်စဉ် ၁၀၀ လျှင် ၇၀ ရာခိုင်နှုန်းမှာ ဆေးလိပ်သောက်သုံးမှုကြောင့် ဖြစ်ပွားရခြင်းဖြစ်ကြောင်း သိရသည်။ KKO



## နိုင်ငံတကာ အားကစားသတင်းများ

## ပရီးမီးယားလိဂ် ပွဲစဉ် (၃၀) ပွဲကြိုသုံးသပ်ချက်များ

ML

**မန်ယူ Vs အဲဗာတန်**

**ကစားမည့်ရက်/အချိန် ၈-၄-၂၀၂၃ (ည ၆း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**မန်ယူ ၃ - ၁ အဲဗာတန်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

**မန်ယူ - အိမ်(နိုင်) ဝေး(ရှုံး) အိမ်(နိုင်)**

**အဲဗာတန် - အိမ်(နိုင်) ဝေး(သရေ) အိမ်(သရေ)**

မန်ယူအသင်းဟာ အိမ်ကွင်းတိုက်စစ်ပိုင်းထက်မြက်နေပြီး နောက်ဆုံး အိမ်ကွင်းသုံးပွဲဆက် ရှုံးပွဲမရှိသလို ချန်ပီယံလိဂ်ဝင်ခွင့်သေချာဖို့ကိုလဲ အစွမ်းကုန်ကြိုးစားနေတာကို တွေ့ရမှာပါ။ အဲဗာတန်ကတော့ တန်းဆင်းဇုန်ကလွတ်မြောက်ဖို့ ပြိုင်ပွဲတိုင်းကို ရေကုန်ရေခန်းကစားလာပေမဲ့ ကစားသမားစုဖွဲ့မှုနဲ့ ခံစစ်အားနည်းချက်ကြောင့် အခုပွဲစဉ်မှာရှုံးကန်ရမှာပါ။ ဒါကြောင့် အိမ်ကွင်းနိုင်ပွဲရှာမဲ့ မန်ယူကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း - မန်ယူ ၂ - ၁ အဲဗာတန်**

**ဘရန့်ဖို့ဒ် Vs နယူးကာဆယ်**

**ကစားမည့်ရက်/အချိန် ၈-၄-၂၀၂၃ (ည ၈း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**နယူးကာဆယ် ၅ - ၁ ဘရန့်ဖို့ဒ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

**ဘရန့်ဖို့ဒ် - အိမ်(သရေ) ဝေး(သရေ) ဝေး(ရှုံး)**

**နယူးကာဆယ် - ဝေး(နိုင်) အိမ်(နိုင်) ဝေး(နိုင်)**

ကြားရက်က အမှတ်ပေးပွဲမှာ ရှုံးပွဲကြုံထားတဲ့ ဘရန့်ဖို့ဒ်ဟာ ရမှတ်လိုအပ်ချက်မရှိပေမဲ့ အိမ်ကွင်းကစားပုံကောင်းတဲ့အသင်းဖြစ်ပြီး နောက်ဆုံး အိမ်ကွင်းငါးပွဲစလုံး ရှုံးပွဲမရှိခဲ့ပါဘူး။ နယူးကာဆယ်ကတော့ အသင်းလိုက်ကစားအားကောင်းနေပေမဲ့ အဝေးကွင်းပွဲစဉ်တွေမှာ ခံစစ်ပိုင်းစိတ်မချရသလို တိုက်စစ်ပိုင်းအားနည်းနေတာကြောင့် အနည်းဆုံးသရေရလဒ်ယူဖို့ကြိုးစားလာမဲ့ အိမ်ရှင်ကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - ဘရန့်ဖို့ဒ် ၁ - ၁ နယူးကာဆယ်**

## အီတလီစီးရီးအေ ပွဲစဉ် (၂၉) ပွဲကြိုသုံးသပ်ချက်

ML

**တိုရီနို Vs ရိုးမား**

**ကစားမည့်ရက်/အချိန် ၈-၄-၂၀၂၃ (ည ၁၁း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ရိုးမား ၁ - ၁ တိုရီနို**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

**တိုရီနို - ဝေး(နိုင်) အိမ်(ရှုံး) ဝေး(သရေ)**

**ရိုးမား - ဝေး(သရေ) ဝေး(ရှုံး) အိမ်(နိုင်)**

တိုရီနိုအသင်းဟာ ခြေစွမ်းပိုင်တည်ငြိမ်မှုမရှိသလို ဒုတိယပိုင်းပွဲချိန်တွေဆိုရင် ခံစစ်ကစားပုံအားနည်းသွားတာကြောင့် ရလဒ်မကောင်းဖြစ်နေတာပါ။ ရိုးမားကတော့ ခံစစ်ကစားပုံတည်ငြိမ်သလို တိုက်စစ်ကလဲ နောက်ပိုင်းမှာ ပုံမှန်ဂိုးသွင်းခြေစွမ်းရှိနေပါတယ်။ ဒါကြောင့် ချန်ပီယံလိဂ်ဝင်ခွင့်သေချာဖို့ တိုက်စစ်မြှင့်ပြီး နိုင်ပွဲရှာဖွေမဲ့ ရိုးမားအသင်းကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း - တိုရီနို ၀ - ၁ ရိုးမား**

## အားကစားသတင်း အတိုအထွာများ

- ဘရန့်ဖို့ဒ်အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်၌ ပွဲကစားချိန် ၃၇ မိနစ်တွင် လုခ်ရှောကို ဒဏ်ရာပြဿနာကြောင့် လူစားလဲခဲ့ခြင်းမှာ ဒဏ်ရာပြင်းထန်မှုကြောင့်မဟုတ်ဘဲ အနားပေးရန်အတွက် စောစီးစွာလူစားလဲခဲ့ခြင်းဖြစ်ကြောင်း နည်းပြတန်ဟတ်က ထုတ်ဖော်ပြောကြားခဲ့သည်။
- အေဗာတီကိုအသင်းက လီဗာပူးအသင်းမှထွက်ခွာမည့် နာဘီကီတာကို အလွတ်ပြောင်းရွှေ့ကြေးဖြင့်ခေါ်ယူနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ ML

# ၂၀၂၄ ခုနှစ်တွင်ကျင်းပမည့် အသက် ၂၀ အောက် ကမ္ဘာ့ပြေးခုန်ပစ်အားကစားပြိုင်ပွဲအိမ်ရှင်နိုင်ငံအဖြစ်မှ ပီရူးနုတ်ထွက်



**လီမာ ဧပြီ ၆**

ပီရူးနိုင်ငံသည် လာမည့် ၂၀၂၄ ခုနှစ်တွင်ကျင်းပမည့် အသက် ၂၀ အောက် ကမ္ဘာ့ပြေးခုန်ပစ်အားကစားပြိုင်ပွဲ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခွင့်ရရှိခဲ့သော်လည်း နိုင်ငံရေးမတည်ငြိမ်မှုနှင့် သဘာဝဘေးအန္တရာယ်တို့ကြောင့် အိမ်ရှင်နိုင်ငံအဖြစ်မှ နုတ်ထွက်ခဲ့သည်ဟု ကမ္ဘာ့ပြေးခုန်ပစ်အဖွဲ့ချုပ်က ပြောကြားခဲ့ကြောင်း Channelnew-sasia.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ပီရူးနိုင်ငံမြောက်ပိုင်းတွင် ပြီးခဲ့သည့် မတ်လက ရာကူဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ရေကြီးရေလျှံမှုများ၊ မြေပြိုမှုများနှင့် ရင်ဆိုင်ခဲ့ရသဖြင့် လူမှုရေးအခက်အခဲများ၊ နိုင်ငံရေးမတည်ငြိမ်မှုများ ဖြစ်ပေါ်ခဲ့ရာ ပုံမှန်အခြေအနေသို့ပြန်လည်ရောက်ရှိရန် အချိန်ယူရမည်ဖြစ်၍ လာမည့်နှစ်တွင် အိမ်ရှင်အဖြစ်ကျင်းပရမည့် ကမ္ဘာ့ပြေးခုန်ပစ်အားကစားပြိုင်ပွဲကို နုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို ယခင်က ပီရူးနိုင်ငံ လီမာမြို့တွင် လာမည့် ၂၀၂၄ ခုနှစ် ဩဂုတ် ၂၆ ရက်မှ ၃၁ ရက်အတွင်း ကျင်းပရန်စီစဉ်ထားသော်လည်း လတ်တလောဖြစ်ပေါ်လာသည့် အကြောင်းကိစ္စများကြောင့် ပီရူးအစိုးရက အိမ်ရှင်အဖြစ်မှ ကျင်းပခွင့်ကို ပြန်လည်ရုပ်သိမ်းခဲ့သဖြင့် ကမ္ဘာ့ပြေးခုန်ပစ်အဖွဲ့ချုပ်အနေဖြင့် အိမ်ရှင်အဖြစ် ကျင်းပမည့်နိုင်ငံကို ပြန်လည်ရွေးချယ်ရမည်ဖြစ်သည်။

ကမ္ဘာ့ပြေးခုန်ပစ်အဖွဲ့ချုပ်က "ပီရူးနိုင်ငံအနေနဲ့ ၂၀၂၄ အားကစားပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုတွေပြုလုပ်ခဲ့ပေမဲ့ သဘာဝဘေးအန္တရာယ်ကြောင့် အိမ်ရှင်အဖြစ်ကနေ နုတ်ထွက်ခဲ့ရပါတယ်။ အခုလို ကြိုတင်ပြင်ဆင်မှုတွေပြုလုပ်ခဲ့တဲ့ ပီရူးအစိုးရနဲ့ ပြေးခုန်ပစ် အားကစားအဖွဲ့ချုပ်ကိုလဲ ကျေးဇူးတင်ပါတယ်။ လက်ရှိအခြေအနေမှာတော့ ပြိုင်ပွဲကျင်းပဖို့ အဆင်သင့်မဖြစ်တော့တာကြောင့် အိမ်ရှင်နိုင်ငံကို ပြန်လည်ရွေးချယ်သွားမှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ML

# စူပါမစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲအဖြစ် အက်ဘီကိုနှင့် ထိုးသတ်သွားမည်ဟု မော်ရယ်လ် အတည်ပြုပြောကြား

**ဟာဗားနား ဧပြီ ၆**

WBA စူပါမစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ကျူးဘားလက်ဝှေ့သမား မော်ရယ်လ်သည် ချန်ပီယံကာကွယ်ပွဲအဖြစ် ဂါနာလက်ဝှေ့သမား အက်ဘီကိုနှင့် ဧပြီ ၂၂ ရက်တွင် အမေရိကန်နိုင်ငံ နီဗားဒါးပြည်နယ် လက်ဗီးဂက်စ်၌ ယှဉ်ပြိုင် ထိုးသတ်သွားမည်ဖြစ်ကြောင်း မော်ရယ်လ်က အတည်ပြုပြောကြားခဲ့သည်ဟု Boxing Scene သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မော်ရယ်လ်သည် ပရော်ဖက်ရှင်နယ်လက်ဝှေ့လောကသို့ ကူးပြောင်းလာခဲ့ပြီးနောက်ပိုင်း စိန်ခေါ်ပွဲ ရှစ်ပွဲထိ ထိုးသတ်ထားပြီး ရှုံးပွဲမရှိသေးသလို ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရရှိခဲ့သည့် စိန်ခေါ်ပွဲ ပေါင်း ခုနစ်ပွဲထိရှိပြီး WBA စူပါမစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲစဉ်ကို လေးပွဲထိ အနိုင်ထိုးသတ်ထားပြီး ငါးပွဲမြောက် လက်ရှိချန်ပီယံကာကွယ်ပွဲကိုလည်း အနိုင်ထိုးသတ်သွားနိုင်ရန် ပစ်မှတ်ထားလျက်ရှိသည်။



မော်ရယ်လ်က "အက်ဘီကိုနဲ့ ထိုးသတ်သွားရမဲ့ လက်ရှိချန်ပီယံကာကွယ်ပွဲစဉ်မှာ အနိုင်ထိုးသတ်သွားနိုင်မယ်လို့ ယုံကြည်ပါတယ်။ ဒီစိန်ခေါ်ပွဲပြီးရင် ဘီနာဗီဒက်ဇ်နဲ့ ထိုးသတ်ဖို့ စီစဉ်သွားမယ်။ ဘီနာဗီဒက်ဇ်ဟာ ကျွန်တော်အားကျရတဲ့ လက်ဝှေ့သမား တစ်ယောက်ပါ။ သူလိုပဲ စူပါမစ်ဒယ်ဝိတ်တန်းမှာ စူပါစတားတစ်ယောက် ဖြစ်လာမယ်လို့ ကျွန်တော်ယုံကြည်တယ်။ ဒီလိုဖြစ်ခွင့်ရဖို့အတွက် အခု ကျွန်တော်ပထမဦးဆုံးကျော်ဖြတ်ရမှာက အက်ဘီကိုဖြစ်ပါတယ်။ အက်ဘီကိုကလဲ ခက်ခဲတဲ့ပြိုင်ဘက်တစ်ယောက်ပါ။ ဒါကြောင့် အက်ဘီကိုနဲ့ပွဲစဉ်ကို အဓိက အာရုံစိုက်သွားပါမယ်။ ဒီပွဲစဉ်ပြီးမှပဲ ဘီနာဗီဒက်ဇ်နဲ့ပွဲစဉ်အတွက် စဉ်းစားသွားပါမယ်"ဟု ပြောကြားခဲ့သည်။AZL

# ဆော်ဒီအသင်းက တစ်နှစ်လုပ်ခ စတာလင်ပေါင် သန်း ၁၀၀ ဖြင့် ရိုးမားအသင်းနည်းပြ မော်ရင်ဟိုကို ခန့်အပ်ရန် ကမ်းလှမ်း

**ရိုယာ့ဒ် ဧပြီ ၆**

ဆော်ဒီနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က လစ်လပ်နေသည့် ဆော်ဒီအသင်း နည်းပြရာထူးအတွက် ရိုးမားအသင်းနည်းပြ မော်ရင်ဟိုကို တစ်နှစ်လုပ်ခ စတာလင်ပေါင် သန်း ၁၀၀ ဖြင့် ကမ်းလှမ်းခဲ့သည်ဟု The Athletic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဆော်ဒီအသင်းသည် ပြီးခဲ့သည့် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း ကစားခွင့်ရရှိခဲ့ပြီး အုပ်စုအဖွင့်ပွဲစဉ်တွင် အာဂျင်တီးနားအသင်းကို အနိုင်ရရှိခဲ့ကာ အံ့အားသင့်အောင် စွမ်းဆောင်နိုင်ခဲ့သော်လည်း အုပ်စုအဆင့်မှ ထွက်ခွာခဲ့ရသည်။

ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက နည်းပြ ရီနက်စ်သည် ဆော်ဒီအသင်းနည်းပြရာထူးမှ နုတ်ထွက်ခဲ့သည့်အတွက် နည်းပြလစ်လပ်နေပြီး နည်းပြသစ်အဖြစ် ဆော်ဒီနိုင်ငံဘောလုံးအဖွဲ့ချုပ်က ထိပ်တန်းနည်းပြတစ်ဦးဖြစ်သည့် မော်ရင်ဟိုကို ကမ္ဘာ့စံချိန်တင်လုပ်ခလစာဖြင့် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ဆော်ဒီနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများက နည်းပြမော်ရင်ဟို၏ အေးဂျင့်ထံ ဆက်သွယ်ပြီး စံချိန်တင်လုပ်ခစာဖြစ်သည့် တစ်နှစ်လုပ်ခ စတာလင်ပေါင် သန်း ၁၀၀ ဖြင့် တရားဝင်ကမ်းလှမ်းမှုပြုလုပ်ထားပြီး မော်ရင်ဟိုအနေဖြင့် ဆော်ဒီနည်းပြရာထူးကို လက်ခံခဲ့ပါက ကမ္ဘာ့ဘောလုံးသမိုင်းတစ်လျှောက် တစ်နှစ်လုပ်ခ စတာလင်ပေါင်သန်း ၁၀၀ ရရှိသည့် ပထမဆုံးနည်းပြ ဖြစ်လာမည်ဖြစ်သည်။

လက်ရှိ ကမ္ဘာ့ဘောလုံးလောကတွင် လုပ်ခလစာအများဆုံးနည်းပြအဖြစ် အေဗာတီကိုအသင်းနည်းပြ ဆီမြွန်နီက တစ်နှစ်လုပ်ခ စတာလင်ပေါင် သန်း ၃၀ ဖြင့် ထိပ်ဆုံးတွင်ရပ်တည်နေပြီး နည်းပြ မော်ရင်ဟိုအနေဖြင့် လက်ရှိ ရိုးမားအသင်းတွင် တစ်နှစ်လုပ်ခ စတာလင်ပေါင် ရှစ်သန်းသာ ရရှိသူဖြစ်ကြောင်း သိရသည်။ STA

# ပြေီလအတွက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် အာဂျင်တီးနားအသင်း အဆင့်(၁)နေရာသို့ ရောက်ရှိ



**ဇျူးရစ်အေရိစ် ပြေ ၆**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ပြေီလအတွက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်များကို ထုတ်ပြန်ကြေညာခဲ့ရာ အဆင့်ရပ်တည်မှုများ အပြောင်းအလဲဖြစ်ပွားခဲ့ပြီး အာဂျင်တီးနားအသင်းအနေဖြင့် ကမ္ဘာ့အဆင့်(၁)နေရာသို့ရောက်ရှိခဲ့ကြောင်း ဒေးလီးမေးလ်သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ပြေီလအတွက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် အဆင့်ရပ်တည်မှုများ အပြောင်းအလဲဖြစ်ပွားခဲ့ပြီး ကာလရှည်ကြာ အဆင့်(၁)နေရာတွင် ရပ်တည်နိုင်ခဲ့သည့် ဘရာဇီးအသင်းသည် အဆင့်နှစ်ဆင့်ထိ နိမ့်ကျခဲ့ရသည်။

အာဂျင်တီးနားအသင်းသည် အစောပိုင်းနှစ်များကတည်းကပင် ရလဒ်ကောင်းများ ဆက်တိုက်ရယူနိုင်ခဲ့သလို ပြီးခဲ့သည့် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ပြီးနောက် အဆင့်သတ်မှတ်ချက်ရမှတ်များ သိသိသာသာမြင့်တက်လာခဲ့ကာ ခြောက်နှစ်အကြာမှ ယခုကဲ့သို့ ကမ္ဘာ့အဆင့်(၁)နေရာသို့ ပြန်လည်ရောက်ရှိခဲ့ခြင်းဖြစ်သည်။

ပြေီလအတွက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်အရ အာဂျင်တီးနားအသင်းနောက်တွင် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဒုတိယဆုရရှိခဲ့သည့်ပြင်သစ်အသင်းက အဆင့်(၂)နေရာတွင်လည်းကောင်း၊ ဘရာဇီးအသင်းက အဆင့်(၃)နေရာတွင်လည်းကောင်း၊ ဘယ်လ်ဂျီယံအသင်းက အဆင့်(၄)နေရာတွင် လည်းကောင်း၊ အင်္ဂလန်အသင်းက အဆင့်(၅)နေရာတွင်လည်းကောင်း၊ နယ်သာလန်အသင်းက အဆင့်(၆)နေရာတွင်လည်းကောင်း၊ ခရိုအေးရှားအသင်းက အဆင့်(၇)နေရာတွင်လည်းကောင်း၊ အီတလီအသင်းက အဆင့်(၈)နေရာတွင်လည်းကောင်း၊ ပေါ်တူဂီအသင်းက အဆင့်(၉)နေရာတွင်လည်းကောင်း၊ စပိန်အသင်းက အဆင့်(၁၀)နေရာတွင်လည်းကောင်း အသီးသီးရပ်တည်ခဲ့ကြကြောင်း သိရသည်။

STA

# ဘာစီလိုနာအသင်းကို ဂိုးပြတ်အနိုင်ရခဲ့သည့် ရီးရဲလ်မက်ဒရစ်အသင်း ကိုပါဒယ်ရေးဖလား ဗိုလ်လုပွဲသို့တက်ရောက်

**မက်ဒရစ် ပြေ ၆**

စပိန် ကိုပါဒယ်ရေးဖလား ဒုတိယအကျော့ပွဲစဉ်အဖြစ် အယ်ကလက်စီကိုပြိုင်ဘက် ဘာစီလိုနာအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရီးရဲလ်မက်ဒရစ်အသင်းက လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး နှစ်ကျော့ပေါင်းရလဒ် လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ကြောင်း Realmadridfc.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် ပထမအကျော့ အိမ်ကွင်းပွဲစဉ်တွင် ဘာစီလိုနာအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သဖြင့် ဒုတိယအကျော့ အဝေးကွင်းပွဲစဉ်တွင် သရေရလဒ်ထွက်ပေါ်ခဲ့ပါက ပြိုင်ပွဲမှ ထွက်ခွာရမည်ဖြစ်သော်လည်း ပွဲစကတည်းက ဘာစီလိုနာအသင်းကို ထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှုများဖြင့် တိုက်စစ်မြှင့်တင်လာခဲ့ရာ ပထမပိုင်းပွဲကစားချိန် ၄၅ မိနစ်တွင် တိုက်စစ်မှူး ဗင်နီစီးယက်စ်က ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သဖြင့် ဖိအားအောက်မှ လွတ်မြောက်ခဲ့သည်။

ဒုတိယပိုင်းတွင်လည်း ထပ်မံဖိအားပေးတိုက်စစ်ဆင်ခဲ့ရာ မိနစ် ၅၀ နှင့် ၅၈ မိနစ်တို့တွင် ဘင်ဇီးမားက ဦးဆောင်ဂိုးများဆက်တိုက်သွင်းယူနိုင်ခဲ့သဖြင့် ဘာစီလိုနာအသင်းအနေဖြင့် လူစားလဲမှုများပြုလုပ်၍ ချေပဂိုးရရှိရေး ကြိုးပမ်းခဲ့သော်လည်း ရီးရဲလ်မက်ဒရစ်အသင်း၏ ထိန်းချုပ်ကစားမှုကြောင့် ချေပဂိုးမရရှိဘဲ ပွဲချိန်မိနစ် ၈၀ တွင် တိုက်စစ်မှူး ဘင်ဇီးမားက တန်ပြန်တိုက်စစ်မှ ရီးရဲလ်မက်ဒရစ်အသင်းအတွက် စတုတ္ထမြောက် ဦးဆောင်ဂိုးသွင်းယူခဲ့သောကြောင့် ဘာစီလိုနာအသင်းကို လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး နှစ်ကျော့ပေါင်းရလဒ် လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ML



# ပရိသတ်များဆူပူမှုများကြောင့် အေဂျက်အသင်းနှင့် ဖီယင်နူအသင်းတို့ပွဲစဉ်ကို နှစ်ကြိမ်တိုင် ခေတ္တရပ်နားခဲ့ရ

**အမ်စတာဒမ် ပြေ ၆**

နယ်သာလန် ရှုံးထွက်ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်အဖြစ်ကစားခဲ့သည့် ဖီယင်နူအသင်းနှင့် အေဂျက်အသင်းတို့ပွဲစဉ်တွင် နှစ်ဖက်အသင်းပရိသတ်များ ဆူပူမှုများပြုလုပ်ခဲ့ကြသဖြင့် ပွဲကို နှစ်ကြိမ်တိုင် ခေတ္တရပ်နားခဲ့ရကြောင်း ဒေးလီးမေးလ်သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် ပွဲစတင်ပြီး တစ်မိနစ်အကြာတွင် အိမ်ရှင်ဖီယင်နူအသင်းပရိသတ်များက မီးရှူးမီးပန်းများ ကွင်းအတွင်းသို့ ပစ်လွှတ်ခဲ့ကြရာ မီးခိုးငွေ့အများအပြားထွက်ရှိခဲ့ခြင်းကြောင့် ပွဲကစားရန်ခက်ခဲခဲ့သည့်အတွက် မီးခိုးငွေ့များကင်းစင်သည်ထိ ပွဲကိုရပ်နားခဲ့ရသည်။

ထို့ပြင် အိမ်ရှင်ဖီယင်နူအသင်းပရိသတ်များက ဆူပူမှုများ ဆက်လက်ပြုလုပ်ခဲ့ကြပြီး အေဂျက်အသင်းကစားသမား ကလာဆင်ကိုလည်း မီးခြစ်ဟုယူဆရသည့်အရာဖြင့် ဖီယင်နူအသင်းပရိသတ်များက ပစ်ပေါက်ခဲ့သည့်အတွက် ကလာဆင်ခေါင်းပေါက်ခဲ့ပြီး ဆေးကုသမှုခံယူခဲ့ရသည့်အတွက် ပွဲကို ဒုတိယအကြိမ် ရပ်နားခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဖြစ်ရပ်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များကလည်း ဖီယင်နူအသင်းပရိသတ်များကို ထိန်းသိမ်းမှုများပြုလုပ်ခဲ့ရပြီး ကလာဆင်ကို မီးခြစ်ဖြင့် ပစ်ပေါက်ခဲ့ကြောင်း သံသယရှိသည့် ပရိသတ်တစ်ဦးကိုလည်း ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

အဆိုပါပွဲစဉ်တွင် အေဂျက်အသင်းက အိမ်ရှင်ဖီယင်နူအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

STA

## စပိန်လာလီဂါ ပွဲစဉ် (၂၈) ပွဲကြိုသုံးသပ်ချက်

STA

**ရီးရဲလ်မက်ဒရစ်** Vs **ဗီလာရီးရဲလ်**

**ကစားမည့်ရက်/အချိန် ၉-၄-၂၀၂၃ (နံနက် ၀၁း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဗီလာရီးရဲလ် ၂ - ၃ ရီးရဲလ်မက်ဒရစ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

**ရီးရဲလ်မက်ဒရစ် - ဝေး(ရှုံး) အိမ်(နိုင်) ဝေး(နိုင်)**

**ဗီလာရီးရဲလ် - အိမ်(ရှုံး) ဝေး(နိုင်) အိမ်(နိုင်)**

အမှတ်ပေးဇယားထိပ်ဆုံးက ဘာစီလိုနာအသင်းနဲ့ ရမှတ်ကွာဟမှုလျှော့ချနိုင်ဖို့အတွက် ရီးရဲလ်မက်ဒရစ်အသင်းဟာ အိမ်ကွင်းမှာ ရလဒ်ကောင်းရရှိအောင် ကြိုးစားမှာပါ။ ဗီလာရီးရဲလ်အသင်းကလဲ နောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်ကောင်းမွန်နေပေမဲ့ ပုံစံကောင်းပြသနေတဲ့ ရီးရဲလ်မက်ဒရစ်အသင်းတိုက်စစ်ကို ထိန်းချုပ်ရခက်ခဲနိုင်လို့ ရီးရဲလ်မက်ဒရစ်အသင်းပဲ အနိုင်ရယူသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း - ရီးရဲလ်မက်ဒရစ် ၃ - ၁ ဗီလာရီးရဲလ်**

## ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၂၇) ပွဲကြိုသုံးသပ်ချက်များ

STA

**လေဗာကူဆင်** Vs **ဖရန့်ဖတ်**

**ကစားမည့်ရက်/အချိန် ၈-၄-၂၀၂၃ (ည ၀၈း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဖရန့်ဖတ် ၅ - ၁ လေဗာကူဆင်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

**လေဗာကူဆင် - ဝေး(နိုင်) အိမ်(နိုင်) ဝေး(နိုင်)**

**ဖရန့်ဖတ် - အိမ်(သရေ) အိမ်(သရေ) အိမ်(နိုင်)**

သုံးပွဲဆက်နိုင်ပွဲရယူထားတဲ့ လေဗာကူဆင်အသင်းရဲ့ ခြေစွမ်းပိုင်းက အကောင်းဆုံးပုံစံမှာရှိနေပါတယ်။ ဖရန့်ဖတ်အသင်းကတော့ နောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းပိုင်းပြန်လည်ကျဆင်းနေပြီး အဝေးကွင်းပွဲစဉ်တွေဆိုရင် ရှုန်းကန်နေရပါတယ်။ ဒါကြောင့် ဒီပွဲမှာ အိမ်ရှင်အားသာချက်ရော ခြေစွမ်းပိုင်းမှာပါအသာစီးရှိနေတဲ့ လေဗာကူဆင်အသင်းပဲ အနိုင်ရယူသွားမှာပါ။

**အင်တာနက်ခန့်မှန်း - လေဗာကူဆင် ၀ - ၁ ဖရန့်ဖတ်**

**ဖရိုင်းဘတ်** Vs **ဘိုင်ယန်မြူးနစ်**

**ကစားမည့်ရက်/အချိန် ၈-၄-၂၀၂၃ (ည ၀၈း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဘိုင်ယန်မြူးနစ် ၁ - ၂ ဖရိုင်းဘတ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

**ဖရိုင်းဘတ် - ဝေး(သရေ) အိမ်(သရေ) ဝေး(နိုင်)**

**ဘိုင်ယန်မြူးနစ် - ဝေး(ရှုံး) အိမ်(နိုင်) အိမ်(ရှုံး)**

ပြီးခဲ့တဲ့ရက်ပိုင်းက ဂျာမန်ပိုကယ်ဖလားပြိုင်ပွဲမှာ ဘိုင်ယန်မြူးနစ်အသင်းဟာ ရှုံးနိမ့်ထားလို့ အခုပွဲစဉ်မှာမဖြစ်မနေ အနိုင်ရရှိအောင်ကြိုးစားလာမှာပါ။ ဖရိုင်းဘတ်အသင်းကလဲ ပြီးခဲ့တဲ့ပွဲစဉ်မှာအနိုင်ရရှိထားတယ်ဆိုပေမဲ့ အခုပွဲစဉ်မှာတော့ ဘိုင်ယန်မြူးနစ်အသင်းကို ထိန်းချုပ်ဖို့ခက်ခဲမှာပါ။ ဒါကြောင့် ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ ဘိုင်ယန်မြူးနစ်အသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - ဖရိုင်းဘတ် ၁ - ၃ ဘိုင်ယန်မြူးနစ်**

## ပြင်သစ်လီဂူး ပွဲစဉ် (၃၀) ပွဲကြိုသုံးသပ်ချက်

STA

**နိုက်** Vs **ပီအက်စ်ဂျီ**

**ကစားမည့်ရက်/အချိန် ၉-၄-၂၀၂၃ (နံနက် ၀၁း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ပီအက်စ်ဂျီ ၂ - ၁ နိုက်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

**နိုက် - အိမ်(နိုင်) အိမ်(သရေ) ဝေး(သရေ)**

**ပီအက်စ်ဂျီ - ဝေး(နိုင်) အိမ်(ရှုံး) ဝေး(ရှုံး)**

နှစ်ပွဲဆက်ရှုံးပွဲကြုံထားတဲ့ ပီအက်စ်ဂျီအသင်းဟာ အခုပွဲစဉ်မှာနိုင်ပွဲပြန်လည်ရရှိအောင် ကြိုးစားလာမှာပါ။ နိုက်အသင်းကလဲ အသင်းလိုက်ကစားပုံကောင်းမွန်တယ်ဆိုပေမဲ့ နောက်ဆုံးကစားခဲ့တဲ့နှစ်ပွဲဆက် နိုင်ပွဲပျောက်ဆုံးနေပြီး ရှုန်းကန်နေရပါတယ်။ ဒါကြောင့် ဒီပွဲမှာ နိုင်ပွဲပြန်လည်ရရှိအောင်ရှာဖွေမဲ့ ပီအက်စ်ဂျီအသင်းပဲ အနိုင်ရရှိသွားမှာပါ။

**အင်တာနက်ခန့်မှန်း - နိုက် ၀ - ၃ ပီအက်စ်ဂျီ**

# အင်အားကြီးနိုင်ငံများနှင့် ဆက်ဆံရေးထိန်းညှိထားသော ဘင်္ဂလားဒေ့ရှ်

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ဒေသတွင်း၌ ပထဝီနိုင်ငံရေးအရ များစွာအရေးပါလျက်ရှိသည်။ ပြည်တွင်းနိုင်ငံရေးမတည်ငြိမ်မှုများ ဖြစ်ပေါ်နေသည့်အချိန်နှင့် ရွေးကောက်ပွဲများပြုလုပ်ရန် နီးကပ်လာသည့်အချိန်တွင် အမေရိကန်နှင့်တရုတ်နိုင်ငံတို့မှ အဆင့်မြင့်အရာရှိကြီးများသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တစ်ပြိုင်တည်း လာရောက်လည်ပတ်ခဲ့သည်။ အဆိုပါနှစ်နိုင်ငံစလုံးသည် ၎င်းတို့အကျိုးစီးပွားအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ဆက်ဆံရေးကောင်းမွန်ရန် ကြိုးပမ်းလျက်ရှိသည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီးသစ် ကျင်ဂန်းသည် ပထမဆုံးပြည်ပခရီးစဉ်အဖြစ် ယခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လာရောက်လည်ပတ်ခဲ့သည်။ ကျင်ဂန်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီး အဘူခါလန်အဗ္ဗဒူမိုမန်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၏ ပြည်ပရေးရာဌာန ဒုတိယအကြီးအကဲ ချန်ရှူးအနေဖြင့်လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သုံးရက်ကြာခရီး လာရောက်လည်ပတ်ခဲ့သေးသည်။

တရုတ်အဆင့်မြင့်ကိုယ်စားလှယ်များ၏ ဘင်္ဂလားဒေ့ရှ်နိုင်ငံခရီးစဉ်သည် အမေရိကန်သံတမန်များ၏ ခရီးစဉ်နှင့်လည်း တိုက်ဆိုင်လျက်ရှိသည်။ အိမ်ဖြူတော်၏အမျိုးသားလုံခြုံရေးကောင်စီ တောင်အာရှရေးရာညွှန်ကြားရေးမှူး အီလင်းလော့ဘာချာသည် ဇန်နဝါရီ ၇ ရက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လေးရက်ကြာခရီးရောက်ရှိခဲ့သည်။ ၎င်းသည် ဇန်နဝါရီ ၉ ရက်တွင် မိုမန်နှင့်တွေ့ဆုံဆွေးနွေးခဲ့သည်။ ထို့ပြင် တောင်အာရှနှင့်အလယ်အာရှရေးရာ အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ဒေါနယ်လုအနေဖြင့်လည်း ဇန်နဝါရီလဆန်းပိုင်းက ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လာရောက်လည်ပတ်ခဲ့သေးသည်။

အဆင့်မြင့်သံတမန်များ၏ခရီးစဉ်သည် တရုတ်နှင့် အမေရိကန်တို့ကြား ပထဝီနိုင်ငံရေးဆိုင်ရာယှဉ်ပြိုင်မှုနှင့် ဘင်္ဂလားပင်လယ်အော်တွင်း ပထဝီနိုင်ငံရေးအရ အရေးပါသည့်နိုင်ငံအဖြစ် တည်ရှိနေသော ဘင်္ဂလားဒေ့ရှ်နိုင်ငံကို စည်းရုံးသိမ်းသွင်းနိုင်ရေးကြိုးပမ်းမှုများကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။ အမေရိကန်နှင့်တရုတ်တို့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံကို စည်းရုံးသိမ်းသွင်းနိုင်ရေး ကြိုးပမ်းလျက်ရှိသော်လည်း အကျိုးဖြစ်ထွန်းနေသော တိုင်းပြည်မှာ အဆိုပါနှစ်နိုင်ငံမဟုတ်ဘဲ အိန္ဒိယပင်ဖြစ်သည်။ အိန္ဒိယနိုင်ငံသည် တရုတ်နှင့်အမေရိကန်တို့၏ ပထဝီနိုင်ငံရေးဆိုင်ရာတိုက်ပွဲတွင် ၎င်း၏အရင်းအမြစ်များ မကုန်ကျဘဲ အကျိုးဖြစ်ထွန်းလျက်ရှိသည်။

အိန္ဒိယနိုင်ငံသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ၁၉၇၁ ခုနှစ် လွတ်လပ်ရေးရရှိစဉ်ကတည်းကပင် ၎င်း၏လွှမ်းမိုးမှုအောက်တွင် ထိန်းချုပ်ထားရှိသည်။ အဝါမီလိဂ်ပါတီသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံကို အုပ်ချုပ်လာသည်မှာ ၁၅ နှစ်ကျော်ကြာမြင့်နေပြီဖြစ်သည့်အတွက် အိန္ဒိယအကြိုက် လိုက်ပါဆောင်ရွက်ရလျက်ရှိသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ကမ်းလှမ်းချက်များသည် များပြားလှသော်လည်း အိန္ဒိယဘက်ကမူ အနည်းငယ်လောက်သာ လိုက်လျောဆောင်ရွက်ပေးသည်။

အိန္ဒိယ၏ အဓိကကမ်းလှမ်းချက်ဖြစ်သည့် အရှေ့မြောက်ဒေသခွဲထွက်ရေးလှုပ်ရှားမှုများကို ချေမှုန်းနိုင်ခဲ့သဖြင့် အိန္ဒိယဘက်မှ ကျေနပ်ခဲ့သည်။ ဘင်္ဂလားဒေ့ရှ်သည် အိန္ဒိယ၏ ကင်းထောက်ရေဒါများကိုလက်ခံခဲ့ပြီး အိန္ဒိယ၏ အရှေ့မြောက်ဒေသမှ ပြည်မကြီးသို့ ဆက်သွယ်နိုင်မည့် စီးပွားရေးစင်္ကြံကိုလည်း ထောက်ခံအားပေးခဲ့သည်။ အိန္ဒိယနိုင်ငံသားများစွာသည် ဘင်္ဂလားဒေ့ရှ်အင်စတီကျူရှင်းများတွင် စီမံခန့်ခွဲမှုနေရာများ ရရှိနေသောကြောင့် ဘင်္ဂလားဒေ့ရှ်သည် အိန္ဒိယ၏ပြည်ပဝင်ငွေရရှိသော တတိယမြောက်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည်။

တရုတ်သမ္မတရှီကျင့်ဖျင်သည် ၂၀၁၃ ခုနှစ်တွင် ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်း (BRI) စတင်အကောင်အထည်ဖော်ပြီး နောက်ပိုင်းမှသာလျှင် တရုတ်နိုင်ငံသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းသို့ ရင်းနှီးမြှုပ်နှံမှုဝင်ရောက်ခဲ့သည်။ တရုတ်နိုင်ငံသည် သိသာထင်ရှားသော ထိုးဖောက်မှုများ လုပ်ဆောင်လျက်ရှိသော်လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်မူ အကန့်အသတ်ဖြင့်သာ လွှမ်းမိုးနိုင်စွမ်းရှိသည်။ တရုတ်နိုင်ငံသည် စီးပွားရေးအရ လွှမ်းမိုးလျက်ရှိသည့်အပြင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုများ ဆောင်ရွက်လျက်ရှိသော်လည်း ဘင်္ဂလားဒေ့ရှ်၏ နိုင်ငံရေးနှင့်လုံခြုံရေးတို့တွင် လွှမ်းမိုးချုပ်ကိုင်နိုင်စွမ်းမရှိသေးပေ။

ထို့ကြောင့် အိန္ဒိယသည် တရုတ်နိုင်ငံ၏ကြိုးပမ်းမှုများကို တုံ့ပြန်နိုင်ရန် ဘက်ပေါင်းစုံမှလုပ်ဆောင်လျက်ရှိသည်။ သို့သော် အရင်းအမြစ်ကန့်သတ်ချက်များနှင့် ဘင်္ဂလားဒေ့ရှ်တွင် အိန္ဒိယဆန့်ကျင်ရေးစိတ်ဓာတ်



ကိန်းအောင်းလျက်ရှိသောကြောင့် အရင်းအမြစ်ပေါကြွယ်ဝသောတရုတ်နိုင်ငံကို ထိရောက်စွာဟန့်ချက်ထိန်းညှိနိုင်ရေးအတွက် အခက်အခဲဖြစ်ပေါ်စေလျက်ရှိသည်။

အိန္ဒိယသည် ပထဝီနိုင်ငံရေးအကျိုးအမြတ်များကိုမြှင့်တင်နေစဉ် တရုတ်နိုင်ငံနှင့် ထိရောက်စွာထိတွေ့ဆက်ဆံနိုင်ရေးအတွက် မကြာမီအဖြေရှာဖွေသွားနိုင်မည်ဖြစ်သည်။ အိန္ဒိယသည် တရုတ်နှင့် အမေရိကန်တို့ အချင်းအချင်းအားပြိုင်မှုတွင် အရေးပါသောအခန်းကဏ္ဍမှပါဝင်လျက်ရှိသလို အခြားတစ်ဖက်မှလည်း တရုတ်နိုင်ငံကိုဆန့်ကျင်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ အိန္ဒိယ၏မျှော်မှန်းချက်ကို အထောက်အကူဖြစ်စေမည့် ဂျပန်နှင့်ရုရှားတို့ကို ပြိုင်ပွဲအတွင်း ဆွဲခေါ်ခဲ့သည်။

အထင်ရှားဆုံး အထောက်အထားတစ်ခုမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို လွှမ်းမိုးနိုင်ရေးအတွက် ရုရှားနှင့်အမေရိကန်တို့၏ အားပြိုင်မှုပင်ဖြစ်သည်။ အင်အားပြိုင်ဆိုင်မှုအတွင်း အင်အားကြီးနိုင်ငံများအားအင်ကုန်ခန်းသည့်အချိန်တွင် အိန္ဒိယနိုင်ငံက အမြတ်ထုတ်သွားမည်ဖြစ်သည်။ အမေရိကန်၏ ဖိအားပေးမှုများကြောင့် ဘင်္ဂလားဒေ့ရှ်သည် ၎င်း၏ရေပိုင်နက်အတွင်းသို့ ရုရှားသင်္ဘောများ ဝင်ရောက်ခွင့်ကို ကန့်ကွက်သော်လည်း အိန္ဒိယသည် အမေရိကန်၏ ပိတ်ဆို့မှုများရှိနေသည့်တိုင်အောင် ရုရှားသင်္ဘောများကို ၎င်း၏ဆိပ်ကမ်းအတွင်းသို့ ဆိုက်ကပ်ခွင့်ပြုခဲ့သည်။

အိန္ဒိယသည် အနောက်အုပ်စုကို ဆန့်ကျင်ပြီး ရုရှားနိုင်ငံကို ထောက်ခံသော ရပ်တည်ချက်သမိုင်းကြောင်း ရှိနေသည်။ တရုတ်နိုင်ငံ၏အင်အားကြီးထွားလာမှုများရှိနေသည့်တိုင်အောင် အိန္ဒိယသည်တရုတ်နိုင်ငံကို ဟန့်ချက်ထိန်းညှိနိုင်ရေးအတွက် အနောက်အုပ်စုဘက်သို့ ဦးတည်ချက်ပြောင်းလဲပြီး ရုရှားနိုင်ငံနှင့် ဆက်ဆံရေးကိုလည်း ဆက်လက်ထိန်းသိမ်းထားရှိသည်။ အမှန်တော့ အိန္ဒိယသည် ရုရှားနိုင်ငံနှင့် ဆက်ဆံရေးကို တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် ယူကရိန်းအရေးဖြစ်ပွားကတည်းက စွမ်းအင်ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လျက်ရှိသည်။ ယူကရိန်းအရေးတွင် ရုရှား-အမေရိကန် သံခင်းတမန်ခင်း တင်းမာနေစဉ် ဘင်္ဂလားဒေ့ရှ်နှင့်စပ်လျဉ်း၍ အိန္ဒိယ၏ရပ်တည်ချက်သည် အထင်အရှားပင်ဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်သည် အမေရိကန်အတွက်မူ ရုရှားနှင့်ထိပ်တိုက်ရင်ဆိုင်ရာတွင် မျက်နှာစာသစ်တစ်ခုဖြစ်လာခဲ့သည်။ ထို့ပြင် တရုတ်နိုင်ငံနှင့်ယှဉ်ပြိုင်ရာတွင်လည်း အထောက်အကူပြုလျက်ရှိသည်။ ထိုသို့ယှဉ်ပြိုင်မှုများ၌ အမှန်တကယ်အောင်မြင်မှုရရှိသူသည် အိန္ဒိယပင်ဖြစ်သည်။ အိန္ဒိယသည် အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်အရေးတွင် အမေရိကန်၏ ပါဝင်ပတ်သက်မှုကို ကန့်ကွက်လျက်ရှိသည်။ ရုရှားနိုင်ငံကိုထောက်ခံခြင်းသည် ဘင်္ဂလားဒေ့ရှ်၌ အမေရိကန်၏ခြေကုပ်ယူလာနိုင်မှုကိုဟန့်တားရာတွင် အထောက်အကူဖြစ်စေသဖြင့် အိန္ဒိယ၏အကျိုးစီးပွားကို အထောက်အကူဖြစ်စေမည်ဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အိန္ဒိယကိုမှီတည်နေရသလို အိန္ဒိယအနေဖြင့်လည်း ပထဝီနိုင်ငံရေးမှ အကျိုးဖြစ်ထွန်းလျက်ရှိသည်။ အထူးသဖြင့် အဝါမီလိဂ်အစိုးရသည် လျှပ်စစ်စွမ်းအင်လိုအပ်ချက် ဖြည့်ဆည်းနိုင်ရန် ရုရှားကုမ္ပဏီ Rostrum နှင့် အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံတန်ဖိုးရှိ ကန်ထရိုက်တစ်ရပ် လက်မှတ်ရေးထိုးကာ နျူကလီးယားစွမ်းအင်စက်ရုံတည်ဆောက်သွားမည်ဖြစ်သည်။ အဆိုပါစက်ရုံ၏ ကုန်ကျစရိတ် ၉၀ ရာခိုင်နှုန်းခန့်ကို ရုရှားနိုင်ငံမှ ရန်ပုံငွေ ပံ့ပိုးပေးသွားမည်ဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်နှင့်ရုရှားတို့ကြား နှစ်နိုင်ငံပူးတွဲစာချုပ်လက်မှတ်ရေးထိုးထားသော်လည်း အိန္ဒိယနိုင်ငံသည် နည်းပညာဆိုင်ရာ အသေးစိတ်အချက်အလက်များကို စောင့်ကြည့်နိုင်ရေး အဆိုပါစီမံကိန်းလုပ်ငန်းခွင်သို့ ပြိုင်ဘက်မရှိ ဝင်ရောက်ခွင့်ရှိမည်ဖြစ်သည်။

အနာဂတ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ နျူကလီးယားနည်းပညာဖွံ့ဖြိုးလာမည်ကို စိုးရိမ်ပူပန်သဖြင့် အိန္ဒိယသည် ထိုကဲ့သို့စောင့်ကြည့်သွားခြင်းဖြစ်သည်။ ထိုသို့ နျူကလီးယားနည်းပညာဖွံ့ဖြိုးတိုးတက်လာမည်ဆိုလျှင် ဘင်္ဂလားဒေ့ရှ်နိုင်ငံအပေါ် အိန္ဒိယ၏ထိန်းချုပ်နိုင်စွမ်း ချည့်နဲ့လာမည်ဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်၏ နျူကလီးယားစွမ်းအင်စက်ရုံတွင် ဝင်ရောက်ခွင့်ရရှိခြင်းအားဖြင့် အိန္ဒိယသည် နျူကလီးယားခြိမ်းခြောက်မှုကို အဖူးအညွှန့်ကတည်းက ချေဖျက်သွားနိုင်မည်ဖြစ်သည်။

အိန္ဒိယသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ စွမ်းအင်လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံနေသော အမေရိကန်၊ တရုတ်နှင့်ဂျပန်တို့ထံမှလည်း အမြတ်ထုတ်လျက်ရှိသည်။ ဂျပန်နိုင်ငံအနေဖြင့် တရုတ်နှင့်ပြဿနာရှိနေသောကြောင့် ကမ္ဘာတစ်ဝန်းရှိ တရုတ်၏စီမံကိန်းများကို တုံ့ပြန်နိုင်ရန် ရင်းနှီးမြှုပ်နှံမှုများလုပ်ဆောင်လျက်ရှိသည်။ ဘင်္ဂလားဒေ့ရှ်ရှိ အခြေခံအဆောက်အအုံကဏ္ဍတွင် တရုတ်၏ဝင်ရောက်မှုမတိုင်မီ ဈေးကွက်တစ်ခုလုံးကို ဂျပန်ကုမ္ပဏီများက ထိန်းချုပ်ထားခဲ့သည်။ လက်ရှိအချိန်တွင် တရုတ်နိုင်ငံသည် ကန်ထရိုက်လုပ်ငန်းတချို့ကို ထိန်းချုပ်လာနိုင်ပြီဖြစ်သည့်အတွက် အိန္ဒိယသည် စိုးရိမ်ပူပန်မှုမြင့်တက်လာပြီဖြစ်သည်။ အိန္ဒိယအနေဖြင့် တရုတ်နိုင်ငံနေရာတွင် အစားထိုးနိုင်သည့် အရင်းအမြစ်နှင့်နည်းပညာ လိုအပ်လျက်ရှိသဖြင့် ဘင်္ဂလားဒေ့ရှ် အခြေခံအဆောက်အအုံများတွင် တရုတ်နိုင်ငံ၏ထိုးဖောက်မှုကိုတုံ့ပြန်နိုင်ရန် ဂျပန်နိုင်ငံ၏အရင်းအမြစ်များကို အသုံးချလျက်ရှိသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ပင်လယ်နက်ဆိပ်ကမ်းတည်ဆောက်ရန်ဆန္ဒရှိနေသလို တရုတ်နိုင်ငံကလည်း ဆွန်နာဒီယာတွင် ပင်လယ်နက်ဆိပ်ကမ်းတည်ဆောက်ရန်ကြိုးပမ်းခဲ့သော်လည်း အိန္ဒိယ၏ဖိအားကြောင့် ဘင်္ဂလားဒေ့ရှ်သည် ဆိပ်ကမ်းတည်ဆောက်မည့် အစီအစဉ်ကို လက်လျှော့ခဲ့ရသည်။ သို့သော် ဆယ်စုနှစ်တစ်ခုခန့်ကြာပြီးနောက် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် BIG-B ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းတွင် ဂျပန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုကို လက်ခံခဲ့သည်။ ၎င်းစီမံကိန်းသည် ဘင်္ဂလားပင်လယ်အော်ဒေသအတွင်း တရုတ်နိုင်ငံ၏ ထိုးဖောက်လာမှုကို တုံ့ပြန်နိုင်ရန်ရည်ရွယ်ထားခြင်းဖြစ်သည်။ လက်ရှိအချိန်တွင် ဂျပန်နိုင်ငံသည် မာတာဘာရီပင်လယ်နက်ဆိပ်ကမ်းကို တည်ဆောက်လျက်ရှိသည်။ ၎င်းစီမံကိန်းနှင့်အတူ ကျောက်မီးသွေးသုံးစွမ်းအင်စက်ရုံများအပြင် အိန္ဒိယအနောက်မြောက်ပိုင်းပြည်နယ်များနှင့် ချိတ်ဆက်ထားသော လမ်းကွန်ရက်များလည်းပါဝင်မည်ဖြစ်သည်။

တရုတ်နိုင်ငံနှင့်ပဋိပက္ခဖြစ်ပွားလျှင် အိန္ဒိယ၏အောင်မြင်မှုသည် ပြည်မကြီးမှ ၎င်း၏တပ်ဖွဲ့များကို အနောက်မြောက်ပိုင်းဒေသသို့ အလျင်အမြန်ရွှေ့ပြောင်းနိုင်မှုအပေါ်တွင် မူတည်လျက်ရှိသည်။ အိန္ဒိယသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှဖြတ်၍ ၎င်း၏အနောက်မြောက်ပိုင်းပြည်နယ်များနှင့် ဘင်္ဂလားပင်လယ်အော်အပြင် အနောက်ဘင်္ဂလားပြည်နယ်များနှင့်ချိတ်ဆက်နိုင်သည့် လမ်းကွန်ရက်ဖောက်လုပ်ရန် ဘင်္ဂလားဒေ့ရှ်ကို ဖိအားပေးလျက်ရှိသည်။ ဘင်္ဂလားဒေ့ရှ်သည် လုံခြုံရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများကြောင့် အဆိုပါစီမံကိန်းကို ဆက်လက်အကောင်အထည်ဖော်ရန် ချီတုံချတုံ ဖြစ်နေခဲ့သည်။ သို့သော် လက်ရှိအချိန်တွင် ဂျပန်သည် ၎င်း၏ The Bay of Bengal Industrial Growth Belt (BIG-B) စီမံကိန်းအောက်တွင် အလားတူလမ်းကွန်ရက်ကိုတည်ဆောက်လျက်ရှိသည်။ ၎င်းစီမံကိန်းသည် အိန္ဒိယ၏မဟာဗျူဟာမြောက်ရည်မှန်းချက်တို့ကို အထောက်အကူဖြစ်စေမည်ဖြစ်သည်။

အမေရိကန်နိုင်ငံအပါအဝင် အနောက်နိုင်ငံများက လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲများကျင်းပရေးနှင့်စပ်လျဉ်း၍ ရှိတ်ဟာဆီနာအစိုးရကို ဖိအားပေးနေချိန်တွင် အိန္ဒိယသည် အဝါမီလိဂ်ပါတီကိုထောက်ခံအားပေးကူညီခဲ့သည်။ ထို့ကြောင့် ဘင်္ဂလားဒေ့ရှ်အစိုးရသည် အိန္ဒိယနိုင်ငံအပေါ် ပိုမိုမှီခိုအားထားလာခဲ့သည်။ ဆိုရလျှင် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အဝါမီလိဂ်ပါတီအာဏာတည်မြဲနေသရွေ့ အိန္ဒိယသည် ဘင်္ဂလားဒေ့ရှ်အပေါ်မှ အကျိုးအမြတ်များ ရရှိနေဦးမည်ဖြစ်ပေသည်။

**ကိုးကား**

**- As US, China Fight Over Bangledes, India Is the Real Winner by The Diplomat.**

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## တရုတ်နိုင်ငံ AVIC ထုတ် L-15 အမောင်းသင် လေ့ကျင့်ရေးလေယာဉ်ကို UAE ဝယ်ယူ



တရုတ်နိုင်ငံသည် L-15 အမောင်းသင် လေ့ကျင့်ရေးလေယာဉ်ကို အာရပ်စော်ဘွားများပြည်ထောင်စု United Arab Emirates (UAE) နိုင်ငံထံ ရောင်းချပေးသွားရန် သဘောတူစာချုပ် ချုပ်ဆိုနိုင်ခဲ့ကြောင်း ဧပြီ ၄ ရက်တွင် Aviation Industry Corporation of China (AVIC) ၏ တရားဝင် WeChat အကောင့် ထုတ်ပြန်ချက်များအရ သိရသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီလက အဘူဒါဘီတွင် ပြုလုပ်ခဲ့သည့် IDEX 2023 ကာကွယ်ရေးပြပွဲတွင် တရုတ်နိုင်ငံ အမျိုးသားကာကွယ်ရေး သိပ္ပံနည်းပညာနှင့်စက်မှုလုပ်ငန်း စီမံအုပ်ချုပ်ရေးအဖွဲ့က တရုတ်နိုင်ငံ လေကြောင်းနည်းပညာ သွင်းကုန်၊ ပို့ကုန်ကော်ပိုရေးရှင်း China National Aero-Technology Import and Export Corporation (CATIC)နှင့်အချို့သော စစ်ဘက်ကုန်သွယ်ရေးကုမ္ပဏီများကို တစ်စုတစ်စည်းတည်း တရုတ်နိုင်ငံလုံးဆိုင်ရာပြခန်းတွင် "China Defense" အဖြစ် ပါဝင်ပြသနိုင်ခဲ့ကြသည်။

ပြပွဲတွင် ဝေဟင်ဆီဖြည့်နိုင်စွမ်းပါရှိသော L-15 အမောင်းသင် လေ့ကျင့်ရေးလေယာဉ်သည် UAE လေတပ်အမှတ်တံဆိပ်ဖြင့် ပွဲဦးထွက်ပြသခဲ့သည်။ L-15 သည် စတုတ္ထမျိုးဆက်နှင့် ပဉ္စမမျိုးဆက်တိုက်လေယာဉ်မှူးများကို လေ့ကျင့်ပေးနိုင်မည်ဖြစ်ကာ လေကြောင်းတိုက်ခိုက်ရေးနှင့် မြေပြင်တိုက်ခိုက်ရေးတာဝန်များကို ထမ်းဆောင်နိုင်မည်ဖြစ်သည်။

Hongdu JL-10 သည် အစပိုင်းတွင် Hongdu L-15 Falcon ဟုလည်း လူသိများပြီး ရုရှားနိုင်ငံမှ Yakovlev Design Bureau နှင့် တရုတ်နိုင်ငံမှ Hongdu Aviation Industry Group တို့ပူးပေါင်း၍ တီထွင်ထုတ်လုပ်ထားသည့် အမောင်းသင် လေ့ကျင့်ရေးလေယာဉ် အမျိုးအစားဖြစ်သည်။ L-15 သည် ၎င်း၏ ပထမဆုံး ပျံသန်းမှုကို ၂၀၀၆ ခုနှစ်တွင် ပြုလုပ်ခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်လေတပ် (PLA AF) တွင် စတင်တာဝန်ထမ်းဆောင်ခဲ့သည်။

L-15A အသံထက်မြန်သော Subsonic အဆင့်မြင့် အမောင်းသင် တိုက်လေယာဉ်သည် Ivchenko-Progress AI-222-25 အင်ဂျင်အမျိုးအစားအသုံးပြုထားပြီး လက်နက်များ တပ်ဆင်နိုင်သည့် Hardpoints ခုနစ်နေရာပါရှိသည်။ စူပါဆောနစ် အလျင်နှုန်းဖြင့် အဆင့်မြင့် အမောင်းသင်၊ တိုက်လေယာဉ် တားရှင်းကိုမှ လောင်ကျွမ်းပြီးနောက် Afterburning AI-222K-25 အင်ဂျင် တပ်ဆင်အသုံးပြုထားသည်။ ယူကရိန်းကာကွယ်ရေးသတင်းရင်းမြစ်တစ်ခုအရ အဆိုပါလေယာဉ်၏ ၂၅ ရာခိုင်နှုန်းသည် ပေါင်းစပ်ပစ္စည်း (Composite Materials)များဖြင့် ဖွဲ့စည်းထားပြီး ပျံသန်းနိုင်သည့် သက်တမ်းမှာ နာရီပေါင်း ၁၀၀၀၀ ထိ ပိုင်ဆိုင်ထားကြောင်း သိရသည်။

L-15B အပေါ့စား တိုက်ခိုက်ရေးလေယာဉ်ကို AI-222K-25F အင်ဂျင်ဖြင့် မောင်းနှင်ထားပြီး အမြင့်ဆုံးအမြန်နှုန်း Mach 1.4 ထိ ပျံသန်းနိုင်မည်ဖြစ်သည်။ L-15A အမောင်းသင် လေ့ကျင့်ရေးလေယာဉ်နှင့်နှိုင်းယှဉ်ပါက L-15B တွင် လေယာဉ်အတက်အဆင်းလုပ်ရန် ပြေးလမ်းတိုသာလိုအပ်ခြင်းနှင့် လက်နက်တပ်ဆင်နိုင်သည့် Hard Points နှစ်နေရာ အပိုပါရှိလာခြင်းဖြစ်သည်။ L-15A နှင့် L-15B အမောင်းသင်တိုက်လေယာဉ် နှစ်မျိုးလုံးတွင် PESA ရေဒါကို အသုံးပြုထားသည်။

လေယာဉ်တွင် လေယာဉ်မှူးအတွက် Head-Up Display (HUD) နှင့် Multi-Function Displays (MFDs) လုပ်ဆောင်မှု(ပုံဖော်ပြမှုစနစ်များ)ပါရှိပြီး သင်ကြားပေးမည့် နည်းပြဆရာအတွက် နောက်ထိုင်ခုံတစ်ခုတို့ တပ်ဆင်ထားကာ လေယာဉ်မှူးခေါင်းခန်းမှာ ဖန်သားပြင် (Glass Cockpit)အမျိုးအစား အသုံးပြုထားသည်။ ၎င်းတွင် လေယာဉ်ပျံသန်းထိန်းကျောင်းရေးစနစ် Digital Fly-By-Wire (DFBW)၊Flight Control System (FCS)၊ လမ်းကြောင်းပြစနစ်များဖြစ်သော Inertial Navigation System (INS)၊ Global Positioning System (GPS) နှင့် Multi-Mode ရေဒါတို့ပါဝင်သည့် ပေါင်းစည်းလေကြောင်းပျံသန်းရေးစနစ် Integrated Avionics System (IAS) ကို တပ်ဆင်အသုံးပြုထားကြောင်း သိရသည်။

L-15 အမောင်းသင်လေ့ကျင့်ရေးလေယာဉ်သည် အကွာအဝေး ကီလိုမီတာ ၂၀၀၀ ကျော်၊ အမြင့် မီတာ ၁၆၀၀၀ ထိ ပျံသန်းလုပ်ဆောင်နိုင်စွမ်းရှိသည်။ ဝေဟင်မှ ဝေဟင်ပစ် ဒုံးကျည်များ၊ ဝေဟင်မှ မြေပြင်ပစ် ဒုံးကျည်များ၊ ဒုံးပျံများနှင့်ဗုံးများ အပါအဝင် လက်နက်ဝန်အား ၃၀၀၀ ကီလိုဂရမ်ထိ သယ်ဆောင်နိုင်သည်။ ထို့ပြင် လေယာဉ်ကိုယ်ထည်အောက်ဘက်တွင် ၂၃ မီလီမီတာ အမြောက်တပ်ဆင်ထားကြောင်း သိရသည်။

**AVIC Aviation Industry Corporation of China to export L-15 trainer jet to UAE ကို ဘာသာပြန်ဆိုထားပါသည်။**

---

## အမေရိကန်၏ ယူကရိန်းအကူအညီ ပက်ကေ့ချ်အသစ်တွင် ပဲ့ထိန်းဒုံးကျည်စနစ်များ၊ တင့်ကားဖျက်ဒုံးကျည်များ ပါဝင်

ယူကရိန်း အထူးစစ်ဆင်ရေးအတွက် အမေရိကန်ဒေါ်လာ ၂ ဒသမ ၆ ဘီလီယံ စစ်ရေးအကူအညီသစ်တွင် ပဲ့ထိန်းဒုံးကျည်စနစ်များ၊ တင့်ကားဖျက်ဒုံးကျည်များ ပါဝင်ကြောင်း အမေရိကန်နိုင်ငံက ဧပြီ ၄ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ယူကရိန်းနိုင်ငံသည် ၎င်း၏ လက်တလော စစ်မြေပြင်လိုအပ်ချက်များနှင့် ရေရှည်လုံခြုံရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စွမ်းဆောင်နိုင်ရည်များ ပံ့ပိုးပေးနိုင်ရေးကို အမေရိကန်နိုင်ငံက ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပင်တဂွန်စစ်ဌာနချုပ်က ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

Patriot နှင့် NASAMS လေကြောင်းရန်ကာကွယ်ရေးစနစ်များအတွက် ခဲယမ်းများအပြင် ခဲယမ်းမီးကျောက်များနှင့် Bradley ခြေလျင်တိုက်ခိုက်ရေးယာဉ်များတွင် အသုံးပြုသော တင့်ကားဖျက် ဒုံးကျည်များ ပါရှိလာသည်။

၎င်းတွင် ၁၂၀ မီလီမီတာ တင့်ကားသုံး ခဲယမ်းမီးကျောက်များပါဝင်ပြီး ယူကရိန်း၏ အသစ်ဖွဲ့စည်းထားသော သံချပ်ကာ၊ တင့်ကားတပ်ရင်းများအတွက် အထောက်အပံ့ဖြစ်စေရန် အမေရိကန်နိုင်ငံကပေးအပ်ရန် ကတိပြုထားသည့် Abrams တင့်ကားများကို ပေးပို့သွားမည်ဖြစ်ကြောင်း အမေရိကန် အကြီးတန်းကာကွယ်ရေး အရာရှိတစ်ဦးက သတင်းထောက်များကို ပြောကြားခဲ့သည်။

Abrams တင့်ကားများကို ယခုနှစ် ဆောင်းဦးတွင် ယူကရိန်းသို့ ပို့ဆောင်နိုင်မည်ဟု မျှော်လင့်ရပြီး အခြားသောအနောက်နိုင်ငံများမှ အကြီးစားတင့်ကားများဖြစ်သည့် ဗြိတိန်နိုင်ငံထုတ် Challengers နှင့် ဂျာမနီနိုင်ငံထုတ် Leopards တင့်ကားများလည်း ရောက်ရှိနေပြီဖြစ်သည်။

အမေရိကန်ဒေါ်လာ ၂ ဒသမ ၁ ဘီလီယံတန်ကြေးရှိ အကူအညီအများစုမှာ ကာကွယ်ရေးစက်မှုလုပ်ငန်းမှ စစ်လက်နက်ပစ္စည်း၊ ကိရိယာများဝယ်ယူရေးအတွက် ပေးချေလုပ်ဆောင်သည့်ယူကရိန်းနိုင်ငံ လုံခြုံရေးအကူအညီ အစပြုမှုရန်ပုံငွေမှ ပံ့ပိုးပေးခြင်းဖြစ်သည်။

ကျန် အမေရိကန်ဒေါ်လာ သန်း ၅၀၀ ကို လက်ရှိ အမေရိကန်လက်နက်တိုက်များမှ ထုတ်ယူထားသောကြောင့် ၎င်းသည် စစ်မြေပြင်သို့ အမြန်ရောက်ရှိမည်ဖြစ်သည်။

"ပဋိပက္ခက အရေးကြီးတဲ့အဆင့်ကို ရောက်နေပါပြီ။ အရှေ့ဘက်ဒေသတွင် တိုက်ပွဲတွေ ဆက်လက်ဖြစ်ပွားနေပေမဲ့လဲ မကြာသေးမီက နယ်မြေထိန်းချုပ်မှုမှာ သိသာထင်ရှားတဲ့ အပြောင်းအလဲတွေ မရှိခဲ့ပါဘူး။ ရှေ့တန်းစစ်မျက်နှာစာက အတော်လေး တည်ငြိမ်နေသေးတယ်" ဟု အမေရိကန်နိုင်ငံ အကြီးတန်းကာကွယ်ရေး



အရာရှိတစ်ဦးက ပြောကြားခဲ့သည်။

Patriot လေကြောင်းရန်ကာကွယ်ရေးစနစ်များနှင့် အဆင့်မြင့်တင့်ကားများအပါအဝင် နိုင်ငံတကာမှ ထောက်ခံအားပေးသည့်နိုင်ငံများကို လွှဲပြောင်းပေးအပ်ရန် တွန်းဆုတ်နေကြသည့် အရာများအတွက် ယူကရိန်းနိုင်ငံမှ အစဉ်တစိုက် တွန်းအားပေးခဲ့သည်။ နောက်ဆုံးတွင် တင့်ကားများ ထောက်ပံ့ပေးရန် ကတိပြုခဲ့ရပြီး ယခုအချိန်ထိ အနောက်နိုင်ငံထုတ် တိုက်လေယာဉ်များကဲ့သို့သော အခြားအဆင့်မြင့် လက်နက်စနစ်များကိုမူ ပေးအပ်ရန် ကတိပြုထားခြင်းမျိုးတော့မရှိသေးပေ။

ယူကရိန်းတပ်ဖွဲ့များအတွက် Abrams တင့်ကားနှင့်ပတ်သက်၍ လေ့ကျင့်ရေးကိစ္စရပ်အပေါ် အကြီးတန်းကာကွယ်ရေးအရာရှိက "ဒါဟာ မကြာခင်ဖြစ်လာမယ်လို့ကျွန်တော်မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့သည်။

**New US Ukraine Aid Package Includes HIMARS Ammo, Small Arms ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# SAC Vice Chairman Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win meets trainees from infantry platoon commander course from Bahtoo Station, cadets, trainees from Computer Diploma Sergeant Clerk Training Course of Warrant Officer and Non-Commissioned Officers Training School, officers, other ranks and families of the station


Vice-Senior General Soe Win meets Tatmadaw members and families.

**Nay Pyi Taw April 6**

Vice Chairman of the State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win met with trainees from the infantry platoon commander course from Bahtoo Station, cadets, trainees from Computer Diploma Sergeant Clerk Training Course of the Tatmadaw (Army) Warrant Officer and Non-Commissioned Officers Training School at Aung San Hall of the Combat Forces School (Bahtoo) and Warrant Officer and Non-Commissioned Officers Training School separately and also met with officers, other ranks and families of the station at Aung San Hall of the Combat Forces School (Bahtoo).

Also present at the meetings were Daw Than Than Nwe, wife of the Vice-Senior General, Chief of the General Staff (Army, Navy and Air) General Maung Maung Aye and wife, senior military officers from the Office of the Commander-in-Chief, the commander of Eastern Command and officers, other ranks and families of the station.

At the meetings, the Vice-Senior General said that Bahtoo is a significant cantonment town where training depots and military units are based. Officers, other ranks and families residing in the cantonment town need to serve security measures and peaceful living status for local people as well as their military units and depots.

With regard to the State defence measures, today's warfare can be defined as the multi-dimensional warfare, exercised by some powerful countries over some developing and developed countries. Those countries attack Myanmar through political, economic, military, social and propaganda aspects. Hence, Tatmadaw members need to join hands with entire people with patriotic and nationalistic spirit to prevent the attempts of those wishing to commit terrorism to attack education, health and religious sectors. In the post-independence period, Tatmadaw with nationalistic spirit led the defending the terror attacks in Kuomintang invasion, Mujahid insurgency, Kunlong 40-day battle, and fighting for Mongkoe and Laukkai liberated area. Likewise, Tatmadaw safeguard the State under the 2008 Constitution against attempts to grab the State power in order to deteriorate the democracy after the 2020 general elections. With regard to dutifully serving the State defence measures, it is necessary to have skills to apply deserved military warfare and handle military equipment. To do so, Tatmadaw members have to always take training.

Trainers need to give training to the Tatmadaw members with goodwill to have deserved skills in military knowledge and techniques. They have to share all their experiences with the trainees to have comprehensive skills. Trainers are to give training to the Tatmadaw members with compassion and address weakness of trainees.

Moreover, the Vice-Senior General said that Tatmadaw members from relevant military corps from Tatmadaw (Army, Navy and Air) in their respective sectors for serving the State defence duties. As Bahtoo is a city where training depots polish the Tatmadaw members to have skills for well serving their duties, Tatmadaw members are to take pride in their duties and dutifully discharge their assignments.

As for performance of duties, Tatmadaw personnel are those who have volunteered themselves to carry out duties out of their own volition and it is a union army formed with all national races. Forced conscription is not allowed and they are personnel who are required to meet health and educational requirements when they are selected and appointed. After being selected, they are trained for a sufficient period and armed with enough modern weapons and equipment. They are required to enhance their combat capabilities and abilities by fully utilizing the modern weapons and equipment. By doing so, they will be able to develop their individual capabilities and abilities systematically and build an enormous united strength. However, they are also required to take part in basic exercises with seriousness whenever they have time to do so.

In connection with military disciplines, the lives and bodies of personnel amount to military disciplines and obedience. Duties can be performed to accomplish missions by strictly abiding by military disciplines and orders issued and the main mission to defend the country can be accomplished. Disciplines are the backbone pillar of the Tatmadaw and personnel have been trained for all their detailed

*See Page 13*


Vice-Senior General Soe Win cordially greets Tatmadaw members and families.





Vice-Senior General Soe Win meets trainees from platoon commander course.

*From Page 12*

daily activities as a system during their basic training periods. They are required to develop them into their habits for all their lives.

As regards leadership, which is important for accomplishment missions, there is a distinction between leadership acquired under the state gazette and that is offered by subordinates. Leadership can be achieved from trust and respect offered by subordinates depending on one's observance of disciplines, skills and behaviour. Therefore, personnel are required to understand and observe the 16 characteristics of leadership stipulated by the Tatmadaw. Moreover, leaders are required to nurture the spirit of good commanders and to treat their subordinates warmly with the spirits of parents like a family. Depending on the sizes of units under their command, leaders must nurture themselves as good administrators of their subordinates, good financial managers, good judges, good trainers and good commanders. Only then, will they become successful leaders trusted by their subordinates.

Moreover, as for the fitness, physical and mental fitness is essential for accomplishment of missions. It is always necessary to take measures to strengthen the physical and mental fitness only of oneself but also of subordinates under one's command.

As Tatmadaw personnel have to carry out challenging and stressful missions according to the nature of their tasks, it is especially necessary for them to possess their physical and mental fitness. As Tatmadaw personnel are those who have recited four oaths and pledged to be loyal to the country and the people, it is necessary for them to perform their duties by utilizing their military training to accomplish their orders and missions 24 hours. Personnel will be able to enhance their image by observing 20 codes of conducts for individual personnel including those for financial, feminine and narcotic issues out of strong spirit. As reading can contribute enormously to mental strength, it is necessary to study good books. The head of the Tatmadaw has instructed responsible officers to publish daily news papers, books, journals, magazines, articles and articles that contribute to general knowledge owned by the Tatmadaw regularly.





General Maung Maung Aye presents sport gear.

Being systematically formed, the Tatmadaw needs to follow and respect the Geneva Convention and the ROE in crushing the internal armed insurgencies. Likewise, out of the 60 codes of conduct for Tatmadaw members, the ethics for dealing with the public members and the ethics for coping with the enemy are in conformity with the humanitarian ethics accepted by the international community.

Constant training is necessary for Tatmadaw members to stay fit and healthy in order to serve their duties assigned. They need to follow the health guidelines and mottos. Mental strength is also crucial. Those wishing to destroy the country are resorting to various ways to attack and divide the country, so mental strength is required to respond. Whenever there is a chance, they must read good books and publications to be able to distinguish right and wrong and develop their personality. Reading can generate correct way of thinking, confidence, concepts and ambitions, thereby having ability to distinguish right and wrong and build mental strength.

As Bahtoo town has military training schools as well as infantry/ light infantry units, Tatmadaw members and families need to work on four major military building tasks and other day-to-day tasks until they are met with success. While giving training to trainees, it is also necessary to undergo training so that the officers, other ranks and families have a combat spirit and technical skills.

When it comes to administration, it is instrumental to the success of military, security and training operations. They can be controlled through general, adjutant and quartermaster tasks. There must be a balance between them by following the military rules, disciplines, orders and instructions. As they are regular tasks, responsible officials need to have a keen interest in them. Effective administration will also facilitate the welfare for servicemen and their families. Thanks to the successful implementation of the guidelines of the head of the Tatmadaw, agricultural and livestock products manufactured by the military battalions and regiments contributed to the Tatmadaw members and their families as well as the majority of people in the organizational regions although businesses across the country were being affected by the Covid-19 pandemic. This is why, the welfare policy and instructions adopted by the Tatmadaw need to be implemented in a correct manner.

Spiritually, all the officers, other ranks and families need to be individually attached to their military unit. Strong solidarity is needed to have a good spirit and only if there is solidarity, will there be cooperation and will there be emergence of love of country, patriotism and nationalism through unit spirit.

To date, the Tatmadaw have stood as a strong organization due to the strong spirit of each of the officers and other ranks. It is necessary to have a good spirit to successfully accomplish missions and duties including operations. To have a good spirit, it is to be balanced in welfare and administration. It is necessary to work together in unity to be a military station that the people trust and rely on and that is reliable for the nation and the Tatmadaw.

It is necessary to continuously maintain the strong solidarity built presently.





Vice-Senior General Soe Win presents foodstuffs.

Officials need to equally and fairly manage the people under their command without discrimination. Officials need to focus on ensuring correct benefit and welfare for the people under their command. By building your military unit to be compact and firm and dealing with the people like relatives and parents, the people's militia strategy, part of the State defence strategy could be successfully developed. Besides, protecting the people from the terrorist groups who are bullying and killing them will win the trust of the people.

*See Page 14*





Vice-Senior General Soe Win meets trainees from computer diploma sergeant clerk training course.

*From Page 13*

Then, the Vice-Senior General made coordination on the reports by officers, other ranks and families.

After the meeting, the Vice-Senior General presented foodstuffs manufactured by Tatmadaw factories for the trainees, cadets, officers, other ranks and families through officials and Daw Than Than Nwe, wife of the Vice-Senior General foodstuffs and cash assistance for the military station's maternal and child welfare association through the wife of the military station commander.

Chief of General Staff (Army, Navy and Air) General Maung Maung Aye also presented sports wares and equipment to the trainees through officials.

Then, the Vice-Senior General and party cordially greeted the officers, other ranks and their families.

Later, the Vice-Senior General and party had lunch together with the trainees at the training school. 100



Vice-Senior General Soe Win has lunch together with trainees.

# Indonesia shaman accused of killing at least 12 people

**Jakarta April 6**

Indonesia police have arrested a village shaman accused of killing at least 12 people after several bodies were found buried in the man's garden.

Slamet Tohari, 45, admitted to police that dozens of victims were interred on his land.

He has been charged with the premediated murder of clients at his home in Banjarnegara in Central Java.

Police said he promised to magically multiply money and when clients wanted their cash back, he poisoned them.

He was arrested this week after the son of his most recent alleged victim told police Tohari's home had been his father's last known location.

Paryanto's family had been unable to contact him since 24 March.

He told his son his location via a WhatsApp message and asked him to notify the police if he did not return by 26 March. A police report was made the following day.

Authorities then went to Tohari's home in Desa Balun village, Wanayasa district on Monday, where they discovered several shallow graves at a nearby site.

Some graves had two to three victims buried together. A bottle of mineral water was also found in each grave.

BBC

# China moves warships after US hosts Taiwan's Tsai

**Washington April 6**

China has launched military drills in response to a much-anticipated meeting between Taiwan's president Tsai Ing-wen and US House Speaker Kevin McCarthy.

They met in California on Wednesday, a week after President Tsai was feted in New York with a leadership award.

Ms Tsai hailed their "strong and unique partnership", and Mr McCarthy said that arms sales to Taiwan must continue.

Beijing, in turn, has vowed a "resolute response" and sent warships into the waters around the self-governed island.

Taiwan, it appears, is caught in the middle of a dangerous love triangle.

The timing of Ms Tsai's visit is hardly a coincidence. In the US there is deep and growing hostility to China. And this is driving ever more open displays of support for Taiwan, with Democrats and Republicans competing to out-do each other.

It's a big reason former House Speaker Nancy Pelosi was so keen on landing in Taipei last summer, despite the fact that it set off a furious reaction from China. The self-governed island, which Beijing claims as part of its territory, is arguably the biggest flashpoint between the US and China.

BBC

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၈၉၆ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ချောင်းဦး ဧပြီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေနှမ်း ၁၈၉၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးထံမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေနှမ်း ဧက ၃၀၇၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဖေဖော်ဝါရီလက စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ နွေနှမ်း ၁၈၉၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မနှစ်က ချောင်းဦးမြို့နယ်မှာ နွေနှမ်းဧက ၁၀၀၀ ကျော်လောက်ပဲ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီနှစ်မှာတော့ နွေနှမ်းဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိမှာတော့ နွေနှမ်းဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဒီနှစ် နွေနှမ်းဧက လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ဆောင်ရွက်နေပါတယ်။ နွေနှမ်းစိုက်ပျိုးမှုကတော့ ကောင်းမွန်ပါတယ်။ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်တွေနဲ့ စိုက်ပျိုးနိုင်ရေး ဆောင်ရွက်နေပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ပြီးခဲ့သည့် နွေသီးနှံစိုက်ပျိုးရာသီ၌ ချောင်းဦးမြို့နယ်တွင် နွေနှမ်း ၁၃၂၁ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် နွေနှမ်းစိုက်ပျိုးမှု တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။ (၂၀၆)

# နမ့်ဆန်မြို့နယ် မန်မိုင်မိန်းကွမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နမ့်ဆန် ဧပြီ ၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ဆန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မန်မိုင်မိန်းကွမ်းကျေးရွာနှင့် တောင်မကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက မန်မိုင်မိန်းကွမ်းကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နမ့်ဆန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေပြည်သူများ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသက်မွေးဝမ်းကျောင်းနှင့်အရောင်းအဝယ်လုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ရာ ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများကို ရရှိစေမည့်အပြင် မိသားစုဝင်ငွေတိုးပွားလာစေမည်ဖြစ်ကြောင်း၊ ရရှိလာသော မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ ပြန်ဆပ်ရမည့်ကာလများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကော်မတီဝင်များက မန်မိုင်မိန်းကွမ်းကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၄၁ ဦးအတွက် စတုတ္ထအကြိမ်အဖြစ် ရန်ပုံငွေကျပ် ၄၀ ဒသမ ၅ သန်းကိုလည်းကောင်း၊ တောင်မကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသက်မွေးဝမ်းကျောင်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၆၉ ဦးအတွက် ပဉ္စမအကြိမ်အဖြစ် ရန်ပုံငွေကျပ် ၄၉ ဒသမ ၅ သန်းကိုလည်းကောင်း ထုတ်ချေးပေးခဲ့သည်။



အခမ်းအနားသို့ မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၊ ကျေးရွာနှစ်ရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များ၊ အသင်းသား၊ အသင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# ဘားအံမြို့နယ် ပန်းစိန်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ဘားအံ ဧပြီ ၆**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေဖူလုံစွာရရှိစေရန်ရည်ရွယ်၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ပန်းစိန်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဧပြီ ၅ ရက် နံနက် ၁၀ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးရန်မျိုးနိုင်နှင့် ခရိုင်၊မြို့နယ်အဆင့် တာဝန်ရှိသူများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ပန်းစိန်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ပန်းစိန်ကျေးရွာ၌ သောက်သုံးရေဖူလုံစွာရရှိရေးအတွက် အကျယ် လေးလက်မ၊ အနက် ပေ ၂၃၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ အမြင့် ပေ ၂၀ ရှိ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းနှင့် ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ကျပ် ၁၆ ဒသမ ၇၂၃ သန်းဖြင့် မိခင်ရွှေကမ္ဘာကုမ္ပဏီက ၂၀၂၂ ခုနှစ် ဇူလိုင်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သဖြင့် အိမ်ခြေ ၁၁၃ အိမ်မှ လူ ၇၄၄ ဦးနှင့် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် ရာသီမရွေးသောက်သုံးရေ ဖူလုံစွာ ရရှိနေပြီဖြစ်ကြောင်း သိရသည်။

**ကိုသက်**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၆-၄-၂၀၂၃**

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၈၀၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၇၂၀၀၀၀ |
| **(ခွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| နွေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀/၁၂၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၆၀၀/၆၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၂၇၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၂၅၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၂၇၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၃၀၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၃၅၅ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြို့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် တပ်မတော်စက်ရုံများမှထုတ်လုပ်သည့် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

စာမျက်နှာ ၁၇ မှအဆက်

အမြဲကိုယ်စိတ်နှစ်ပါး ကျန်းမာကြံ့ခိုင်နေရမည်ဖြစ်ကြောင်း၊ တပ်မတော်သားများသည် သစ္စာအဓိဋ္ဌာန်(၄)ချက်ကို ရွတ်ဆိုနေကြသူများဖြစ်ပြီး နိုင်ငံတော်နှင့် ပြည်သူကို သစ္စာခံထားသူများဖြစ်၍ ၂၄ နာရီပေးအပ်သည့် အမိန့်နှင့်တာဝန်များကို သင်ကြားလေ့ကျင့်ပေးသည့် စစ်ပညာကိုအသုံးချ၍ ကျေပွန်စွာ ထမ်းဆောင်နိုင်ရန်လိုကြောင်း၊ တပ်မတော်သားတစ်ဦးချင်းလိုက်နာရမည့် လုပ်ငန်းလမ်းညွှန်ဖြစ်သော ကျင့်ဝတ်အပါး ၂၀ တွင်ပါရှိသည့် ငွေကြေးဆိုင်ရာကျင့်ဝတ်၊ အမျိုးသမီးဆိုင်ရာကျင့်ဝတ်၊ မူးယစ်ဆေးဝါးဆိုင်ရာ ကျင့်ဝတ်စသည်တို့ကို ကြံ့ခိုင်သည့်စိတ်ဓာတ်ဖြင့်ထိန်းသိမ်းခြင်းဖြင့် တပ်မတော်သားဟူသောဂုဏ်ပုဒ်ကို မြှင့်တင်ထိန်းသိမ်းနိုင်မည် ဖြစ်ကြောင်း။ စိတ်ဓာတ်ကြံ့ခိုင်ရန် စာဖတ်ခြင်းသည် ကြီးမားသော အထောက်အကူပြုမှုဖြစ်၍ စာကောင်းပေမွန်များ ဖတ်ရှုလေ့လာနေရန်လိုကြောင်း၊ အဆင့်အတန်းအားလုံး ဖတ်ရှုလေ့လာနိုင်ရန်ရည်ရွယ်၍ တပ်မတော်အကြီးအကဲအနေဖြင့် တပ်မတော်ပိုင်နေ့စဉ်သတင်းစာနှင့် စာအုပ်၊ စာစောင်များ မဂ္ဂဇင်းနှင့် ဆောင်းပါးများ၊ အထွေထွေဗဟုသုတဆိုင်ရာများ ပုံမှန်ထုတ်ဝေဖြန့်ချိပေးလျက်ရှိကြောင်း။

တပ်မတော်တည်ဆောက်မှုနှင့်ပတ်သက်၍ တပ်မတော်ကို နိုင်ငံတကာနှင့်ယှဉ်၍ စနစ်တကျဖွဲ့စည်းထားခြင်းဖြစ်ရာ နိုင်ငံတကာဥပဒေများဖြစ်သည့် Geneva Convention, ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းသူများ ချေမှုန်းရာတွင် လိုက်နာရမည့် ROE စသည်တို့ကိုလည်း သိရှိလိုက်နာရန်လိုကြောင်း၊ အလားတူ လုပ်ငန်းလမ်းညွှန်ဖြစ်သော တပ်မတော်သားများ စောင့်ထိန်းလိုက်နာလျက်ရှိသည့် ကျင့်ဝတ်အပါး ၆၀ တွင် ပြည်သူလူထုအပေါ် ပြုကျင့်ရမည့် ကျင့်ဝတ်၊ ရန်သူအပေါ်ပြုကျင့်ရမည့် ကျင့်ဝတ်များသည်လည်း နိုင်ငံတကာက လက်ခံထားသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကျင့်ဝတ်များနှင့် ကိုက်ညီမှုရှိသည်ကို သိရှိရန်လိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များက တပ်မတော်(ကြည်း) အရာခံနှင့်အကြပ်ကြီးသင်ကျောင်းရှိ သင်တန်းသားစားရိပ်သာ၌ သင်တန်းသားများနှင့်အတူ နေ့လယ်စာကို အတူတကွသုံးဆောင်စဉ်။

ပေးအပ်သောတာဝန်များ ကောင်းမွန်စွာဆောင်ရွက်နိုင်ရန် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ရေးအတွက် မပြတ်လေ့ကျင့်နေရန်လိုကြောင်း၊ ကျန်းမာရေးဆိုင်ရာလမ်းညွှန်ချက်များနှင့် ဆောင်ပုဒ်များကို လိုက်နာလုပ်ဆောင်ရန်လိုကြောင်း၊ အလားတူ စိတ်ဓာတ်ကြံ့ခိုင်မှုရှိရန်မှာလည်း အရေးကြီးကြောင်း၊ **နိုင်ငံကို ဖျက်ဆီးလိုသူများသည် ဘက်ပေါင်းစုံမှ သွေးခွဲတိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိရာ ၎င်းတို့အပေါ် တုံ့ပြန်နိုင်ရန် စိတ်ဓာတ်ကြံ့ခိုင်မှုရှိရန်လို**ကြောင်း၊ **အမှားအမှန်ပိုင်းခြားဝေဖန်တတ်မှု၊ မိမိ၏ကိုယ်ရည်ကိုယ်သွေးပြည့်ဝမှုဖြစ်စေရန်မှာ စာအုပ်၊ စာပေ လူ့မိတ်ဆွေဆိုသကဲ့သို့ အလိမ္မာစာမှာရှိ ဆိုသည့်အတိုင်း စာကောင်းပေမွန်များကိုလည်း အခွင့်အရေးရရှိသည့်အချိန်တိုင်း၌ ဖတ်မှတ်လေ့လာနေရန်လို**ပါကြောင်း၊ **စာဖတ်ခြင်းဖြင့် အတွေးမှန်၊ အသိမှန်များရရှိကာ ယုံကြည်ချက်၊ ခံယူချက်၊ ရည်မှန်းချက်များမြင့်မားကာ အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်ရေး၊ စိတ်ဓာတ်ကြံ့ခိုင်မှုကို တည်ဆောက်နိုင်မည်ဖြစ်**ကြောင်း။

ဗထူးတပ်မြို့သည် လေ့ကျင့်ရေးကျောင်းကြီးများရှိသကဲ့သို့ ခြေလျင်၊ ခြေမြန်တပ်ရင်းများ၊ လက်ရုံးတပ်ဖွဲ့များလည်းရှိကြရာ တပ်ရင်း၊ တပ်ဖွဲ့နှင့် မိသားစုများအတွက် တပ်တည်ဆောက်ရေးလုပ်ငန်းကြီး(၄)ရပ်ကိုလည်း နေ့စဉ်သမားစဉ်လုပ်ငန်းများနှင့်အတူ အောင်မြင်အောင်အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုအပ်မှာဖြစ်ကြောင်း၊ လေ့ကျင့်ရေးကိုတစ်ဖက်မှာလည်း ကိုယ်တိုင်၊ သင်တန်းသားများပါ လေ့ကျင့်ပေးသကဲ့သို့ တပ်နယ်အတွင်းရှိ သန္ဓေအရာရှိ၊ စစ်သည်များနှင့် မိသားစုများကို တိုက်ပွဲဝင်စိတ်ဓာတ်များ၊ စစ်မှုအတတ်ပညာများ သိရှိလိုက်နာနိုင်ရေးကိုလည်း လေ့ကျင့်ပေးနေရမှာဖြစ်ကြောင်း။

အုပ်ချုပ်ရေးနှင့်ပတ်သက်၍ စစ်ဆင်ရေး၊ လုံခြုံရေးနှင့် လေ့ကျင့်ရေးဆိုင်ရာများ အောင်မြင်ရန် အုပ်ချုပ်ရေးသည် အဓိကကျကြောင်း၊ တပ်မတော်ရုံးလုပ်ငန်းများကို ဦး၊ ရေး၊ ထောက် ပင်နယန်ကောင်းမွန်စွာလည်ပတ်မှုဖြင့် ထိန်းကျောင်းထားကြောင်း၊ စစ်စည်းကမ်းဆိုင်ရာ စည်းမျဉ်း၊ အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာ၍ ဦး၊ ရေး၊ ထောက်လုပ်ငန်းများကို ဟန်ချက်ညီထိန်းကျောင်းသွားရန်လိုကြောင်း၊ ပုံမှန်ဆောင်ရွက်ရသော လုပ်ငန်းစဉ်ဖြစ်၍ တာဝန်ရှိသူများက စိတ်ဝင်တစားဆောင်ရွက်သွားရန်လိုကြောင်း၊ အုပ်ချုပ်ရေးပိုင်းကို ပိုင်နိုင်စွာဆောင်ရွက်နိုင်ခြင်းဖြင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ သက်သာချောင်ချိမှုကိုလည်း ထိရောက်စွာလုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ တပ်မတော်အကြီးအကဲ၏ လမ်းညွှန်ချက်အပေါ် တပ်ရင်း၊ တပ်ဖွဲ့အသီးသီးက အကောင်အထည်ဖော်နိုင်ခဲ့သဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် နိုင်ငံအနှံ့အပြား စီးပွားရေးလုပ်ငန်းများ ထိခိုက်ပျက်ပြားချိန်တွင် တပ်ရင်း၊ တပ်ဖွဲ့များမှ ထွက်ရှိသော စိုက်ပျိုး၊ မွေးမြူရေး ထွက်ကုန်များသည် တပ်တွင်းရှိ အရာရှိ၊ စစ်သည်များအပြင် တပ်ရင်း၊ တပ်ဖွဲ့အလိုက် စည်းရုံးရေးနယ်မြေဒေသအသီးသီးရှိ ပြည်သူအများစုအတွက်လည်း တစ်ဖက်တစ်လမ်းက အထောက်အကူပြုခဲ့ကြောင်း၊ ထို့ကြောင့် တပ်မတော်ကချမှတ်ထားသော သက်သာချောင်ချိရေးဆိုင်ရာ မူဝါဒနှင့် လမ်းညွှန်ချက်များကို မှန်မှန်ကန်ကန် အကောင်အထည်ဖော်နေရမည်ဖြစ်ကြောင်း။

စိတ်ဓာတ်ပိုင်းဆိုင်ရာ အနေဖြင့် **အရာရှိ၊ စစ်သည်၊ မိသားစုများအားလုံး တစ်ဦးချင်း၏ တပ်ဖွဲ့အပေါ် ချစ်ခင်သည့် သံယောဇဉ်စိတ်ဓာတ်ရှိရန်လို**ကြောင်း၊ **စိတ်ဓာတ်ကောင်းမွန်ရန် ရေပက်မဝင်သော စည်းလုံးညီညွတ်မှုရှိရန်လိုအပ်ပြီး စည်းလုံးညီညွတ်မှုမှ ပေါင်းစည်းအင်အားဖြင့် ပူးပေါင်းဆောင်ရွက်မှုများ ရရှိမည်ဖြစ်**ကြောင်း၊ **တပ်ဖွဲ့စိတ်ဓာတ်မှ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နှင့် အမျိုးသားရေးစိတ်ဓာတ်များပေါ်ထွက်နိုင်မည်ဖြစ်**ကြောင်း။

ယနေ့ထိ တပ်မတော်အနေဖြင့် ခိုင်မာသော အဖွဲ့အစည်းအဖြစ် ရပ်တည်နိုင်မှုမှာ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည် တစ်ဦးချင်းတို့၏ ကျန်းမာကြံ့ခိုင်သောဖွဲ့ စိတ်ဓာတ်များကြောင့်ပင်ဖြစ်ကြောင်း၊ စစ်ဆင်ရေးအပါအဝင် လုပ်ငန်းတာဝန်များအောင်မြင်စွာ ထမ်းဆောင်နိုင်ရန်မှာ စိတ်ဓာတ်ကောင်းမွန်ရန်လိုအပ်ပြီး စိတ်ဓာတ်ကောင်းမွန်ရန်မှာလည်း သက်သာချောင်ချိရေးနှင့် အုပ်ချုပ်ရေးတို့ မျှတကောင်းမွန်နေရန်လိုကြောင်း၊ ဒေသရှိ တိုင်းရင်းသားပြည်သူလူထုက ယုံကြည်ကိုးစားရသော တပ်နယ်၊ နိုင်ငံတော်၊ တပ်မတော်က အားထားရသည့် တပ်နယ်တစ်ခုဖြစ်အောင် စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်သွားကြရန် လိုကြောင်း။

လက်ရှိ တည်ဆောက်ထားသည့် ရေပက်မဝင်သောစည်းလုံးမှုကို ဆက်လက်ခိုင်မြဲအောင် ထိန်းသိမ်းသွားရန်လိုကြောင်း၊ တာဝန်ရှိသူများအနေဖြင့် ညီညွတ်မျှတသော အုပ်ချုပ်မှုဖြင့် မိမိလက်အောက်ငယ်သားများကို ကျောသားရင်သား မခွဲခြားဘဲ စီမံအုပ်ချုပ်ရန်လိုကြောင်း၊ ရပိုင်ခွင့်နှင့် သက်သာချောင်ချိမှုများ မှန်မှန်ကန်ကန်မျှတစွာရရှိအောင် တာဝန်ရှိသူများက စိတ်ဝင်တစားလုပ်ဆောင်နေရန်လိုကြောင်း၊ မိမိကွပ်ကဲရသော တပ်အဖွဲ့အစည်းကို ကျစ်လျစ်ခိုင်မာအောင် တည်ဆောက်၍ ထိတွေ့ဆက်ဆံရသော မိဘပြည်သူများအပေါ် ဆွေမျိုးမိဘသဖွယ် ဆက်ဆံခြင်းဖြင့် နိုင်ငံတော်ကာကွယ်ရေးမဟာဗျူဟာဖြစ်သည့် ပြည်သူ့စစ်မဟာဗျူဟာကို အောင်မြင်စွာဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် မိဘပြည်သူများကို နှိပ်စက်သတ်ဖြတ် အနိုင်ကျင့်နေသော အကြမ်းဖက်အဖွဲ့များ၏ ဘေးရန်ကို ကာကွယ်ပေးနိုင်ခြင်းဖြင့် ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုကို ရရှိနိုင်မည်ဖြစ်ကြောင်းဖြင့်ပြောကြားပြီး တက်ရောက်လာကြသည့် သင်တန်းသားများ၊ ဗိုလ်လောင်းများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ တစ်ဦးချင်းတင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက သင်တန်းသားများ၊ ဗိုလ်လောင်းများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့် စားသောက်ဖွယ်ရာများကိုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူသည်။ ထို့အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ ဇနီး ဒေါ်သန်းသန်းနွယ်က ဒေသထွက် စားသောက်ဖွယ်ရာများနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ထောက်ပံ့ငွေများကိုပေးအပ်ရာ တပ်နယ်မှူး၏ ဇနီးက လက်ခံရယူသည်။

ထို့အတူ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးက သင်တန်းသားများအတွက် အားကစားပစ္စည်းများကိုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် တပ်မတော်(ကြည်း) အရာခံနှင့်အကြပ်ကြီးသင်ကျောင်းရှိ သင်တန်းသားစားရိပ်သာ၌ သင်တန်းသားများနှင့်အတူ နေ့လယ်စာကို အတူတကွသုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်း ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မူးယစ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်း ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲတွင် အမှာစကား ပြောကြားစဉ်။

**နေပြည်တော် မေ ၆**

ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီ တွင် နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရှိန္ဒမာ ခန်းမ၌ ကိုဗစ်-၁၉ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။

ဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မူးယစ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်း ဦးဆောင်သည့် ဗဟိုအဖွဲ့ဝင်များ၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး ဗဟိုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ထိန်းချုပ်ဓာတုပစ္စည်းများ ကြီးကြပ်ရေးအဖွဲ့မှ အဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့် ဓာတုပစ္စည်းကျွမ်းကျင်ပညာရှင်များ၊ ဆက်စပ်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှအရာရှိကြီးများ၊ နေပြည်တော်ကောင်စီနယ်မြေ မူးယစ်တားဆီးကာကွယ်ရေးအဖွဲ့နှင့် ထိန်းချုပ်ဓာတုပစ္စည်းစစ်ဆေးရေးအဖွဲ့ဝင်များ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ် မူးယစ်တားဆီးကာကွယ်ရေးအဖွဲ့နှင့် ထိန်းချုပ်ဓာတုပစ္စည်း စစ်ဆေးရေးအဖွဲ့ဝင်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ဗဟိုအဖွဲ့ကို ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်တာဝန်ယူပြီး စုစုပေါင်းအဖွဲ့ဝင် ၁၉ ဦးဖြင့် ဖြင့်ဆင်ဖွဲ့စည်းခဲ့ကြောင်း၊ လုပ်ငန်းအဖွဲ့ ၁၁ ဖွဲ့ကိုလည်း လုပ်ငန်းလိုအပ်ချက်များနှင့်အညီ ပြင်ဆင်ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း၊ လုပ်ငန်းအဖွဲ့ ၁၁ ဖွဲ့တွင် ပါဝင်သည့် ထိန်းချုပ်ဓာတုပစ္စည်းများကြီးကြပ်ရေးအဖွဲ့ကို အဖွဲ့ဝင် ၁၃ ဦးနှင့် ဖွဲ့စည်းခဲ့ပြီးဖြစ်သည့်အပြင် တိုင်းဒေသကြီး၊ ပြည်နယ် ထိန်းချုပ်ဓာတုပစ္စည်းစစ်ဆေးရေးအဖွဲ့များကိုလည်း ဖွဲ့စည်းခဲ့ပြီး ထိန်းချုပ်ဓာတုပစ္စည်းများ ပြည်ပမှတင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ သိုလှောင်ထိန်းသိမ်းခြင်း၊ သယ်ဆောင်ရောင်းဝယ်ခြင်း၊ ကုန်ပစ္စည်းထုတ်လုပ်ခြင်းများကို ဥပဒေနှင့်အညီ ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း။

မူးယစ်ဆေးဝါးထုတ်လုပ်မှု လျော့ချနိုင်ရေးအတွက် တားဆီးနှိမ်နင်းရေးကဏ္ဍ တစ်ခုတည်းဆောင်ရွက်၍မရဘဲ ဓာတုပစ္စည်းထိန်းချုပ်ရေး ကဏ္ဍသည်လည်း အရေးကြီးကြောင်း၊ **"ပရိကာဆာမရှိလျှင် မူးယစ်ဆေးဝါးမရှိ၊ သုံးစွဲသူမရှိလျှင် မူးယစ်ဆေးဝါးပြဿနာမရှိ"** ဆိုသည့် ဆောင်ပုဒ်အတိုင်း မူးယစ်ဆေးဝါးပြဿနာကို ထိန်းချုပ်တားဆီးနှိမ်နင်းရာတွင် ဒေသတွင်းနိုင်ငံများသာမက နိုင်ငံတကာ အဖွဲ့အစည်းများကလည်း ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရေးအတွက် အထူးစစ်ဆင်ရေးများကို ဆောင်ရွက်လျက်ရှိရာ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ထိန်းချုပ်ဓာတုပစ္စည်းများနှင့် အခြားဓာတုပစ္စည်းများ နယ်စပ်ဒေသများနှင့် ပြည်တွင်းတို့မှတစ်ဆင့် ရှမ်းပြည်နယ်သို့ နည်းလမ်းမျိုးစုံဖြင့် တရားမဝင် ဝင်ရောက်လျက်ရှိသည့်အတွက် ဖော်ထုတ်အရေးယူနိုင်ရန် Operation 39 အထူးစစ်ဆင်ရေးကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ မေ ၃၁ ရက်ထိ မြန်မာနိုင်ငံတစ်ဝန်းလုံးအတိုင်းအတာဖြင့် ဆောင်ရွက်လျက်ရှိကြောင်း။

Operation 39 အထူးစစ်ဆင်ရေးကာလအတွင်း ထိန်းချုပ်ဓာတုပစ္စည်းများ ဖမ်းဆီးရမိမှုနှင့်ပတ်သက်၍ ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးဆိုင်ရာ နည်းဥပဒေလိုအပ်ချက်များ၊ ထိန်းချုပ်ဓာတုပစ္စည်း ဖြန့်ချိခြင်းဆိုင်ရာ ပမာဏသတ်မှတ်ချက်များ၊ ထိန်းချုပ်ဓာတုပစ္စည်းနှင့် အခြားဓာတုပစ္စည်းများတင်သွင်းခြင်း၊ သယ်ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ အသုံးပြုခြင်း၊ ရောင်းဝယ်ခြင်းတို့နှင့် ဆက်စပ်သည့် ကြီးကြပ်ကွပ်ကဲရေးဆိုင်ရာ လိုအပ်ချက်များရှိနေသည်ကို သုံးသပ်ဖော်ထုတ်ရရှိခဲ့ကြောင်း၊ ထို့ကြောင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ဦးဆောင်ပြီး ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း။

ဓာတုပစ္စည်းထိန်းချုပ်မှုလုပ်ငန်းများ ဆောင်ရွက်သည့်နေရာတွင် မူးယစ်ဆေးဝါးချက်လုပ်ရာသို့ လမ်းလွဲမရောက်စေရေးနှင့် ကုန်ထုတ်လုပ်မှု လုပ်ငန်းများကိုလည်း ထိခိုက်မှုမရှိစေရေးတို့အတွက် တက်ရောက်လာသည့် ကိုယ်စားလှယ်များက မိမိတို့၏ လုပ်ငန်းအတွေ့အကြုံများကို အခြေခံ၍ အကြံဉာဏ်ကောင်းများ တင်ပြဆွေးနွေးပေးကြရန် ပြောကြားသည်။

ဆက်လက်၍ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်ချုပ်ဇင်မင်းထက်က အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ UNODC အပါအဝင် နိုင်ငံတကာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အေဂျင်စီများနှင့် သတင်းဖလှယ်ခြင်း၊ စွမ်းရည်မြှင့်သင်တန်းများ ဖွင့်လှစ်ခြင်းနှင့် နှစ်နိုင်ငံအစည်းအဝေးများ ကျင်းပခြင်းများဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို တပ်မတော်၊ ဆက်စပ်ဌာနဆိုင်ရာများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် ၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ထိန်းချုပ်ဓာတုပစ္စည်းများနှင့် ထိန်းချုပ်ထားခြင်းမရှိသည့် ဓာတုပစ္စည်းများ ဖမ်းဆီးရမိခဲ့မှုအခြေအနေများကို နှိုင်းယှဉ်သုံးသပ်တင်ပြသည်။

ယင်းနောက် ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်(လုံခြုံ၊ မှုခင်း) ရဲဗိုလ်ချုပ်အောင်နိုင်သူက ရန်ကုန်၊ ပဲခူး၊ မန္တလေး တိုင်းဒေသကြီးများတွင် ဓာတုပစ္စည်း အများအပြား ဖမ်းဆီးရမိမှုများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခြင်း၊ မူးယစ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်က လူလုပ်မူးယစ်ဆေးဝါး (Synthetic Drug)များ ထုတ်လုပ်မှုတွင် ဓာတုပစ္စည်းများကိုသာ အသုံးပြုပေါင်းစပ် ထုတ်လုပ်နေခြင်းဖြစ်သဖြင့် ဓာတုပစ္စည်းများ လမ်းလွဲမရောက်ရှိစေရေးအတွက် တားဆီးကြပ်မတ် ထိန်းချုပ်နိုင်ရေး နိုင်ငံတကာမူးယစ်တိုက်ဖျက်ရေး Agency များနှင့် သတင်းဖလှယ်ပူးပေါင်းဆောင်ရွက်မှု၏ အကြံပြုချက်များ၊ ထိန်းချုပ်ဓာတုပစ္စည်းနှင့် ထိန်းချုပ်ထားခြင်းမရှိသည့် ဓာတုပစ္စည်း တင်သွင်းသယ်ဆောင်ရောင်းဝယ်မှုများ စနစ်တကျဖြစ်စေရေး ဆောင်ရွက်သင့်သည့် လုပ်ငန်းများကို အထူးစိစစ်ကြပ်မတ်ရန် လိုအပ်မှုနှင့် သက်ဆိုင်ရာ ဌာနများအနေဖြင့်လည်း ဓာတုပစ္စည်းများ ထိန်းချုပ်မှုအပေါ် ပူးပေါင်း ဆောင်ရွက်သင့်သည်ကိုလည်း ကောင်း၊ နေပြည်တော်ဓာတုဗေဒ စစ်ဆေးရေးဌာနခွဲမှ ဒေါက်တာကြည်မင်းဦးနှင့် ဒေါက်တာအောင်ဖြိုးသိုက်တို့က လတ်တလောဖမ်းဆီးမှုများပြားသည့် ထိန်းချုပ်ဓာတုပစ္စည်း ခုနစ်မျိုးနှင့် ထိန်းချုပ်ဓာတုပစ္စည်းစာရင်းဝင်မဟုတ်သော်လည်း မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုနိုင်သည့် ဓာတုပစ္စည်း ၁၇ မျိုး၏ အချက်အလက်များကိုလည်းကောင်း တင်ပြဆွေးနွေးကြပြီး အစည်းအဝေးတက်ရောက်လာကြသူများက နည်းဥပဒေလိုအပ်ချက်များနှင့်ပြင်ဆင်ရန်အချက်များ၊ အခြားလိုအပ်ချက်များအပေါ် ဆွေးနွေးခြင်းနှင့် ဓာတုပစ္စည်းများ ပြည်ပမှတင်သွင်းခြင်း၊ သယ်ဆောင်ရောင်းဝယ်ခြင်း၊ လက်ဝယ်ထားရှိအသုံးပြုခြင်းတို့နှင့် ပတ်သက်၍ ဆွေးနွေးကြကာ ဆွေးနွေးချက်များအပေါ် သုံးသပ်အကဲဖြတ်ခြင်းနှင့် မှတ်တမ်းတင်ခြင်းတို့ကိုဆောင်ရွက်ခဲ့ကြသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို မေ ၇ ရက်ထိ ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



☆ **ကျောဖုံးမှအဆက်**

အမျိုးသား ရှစ်ဦး၊ အမျိုးသမီး လေးဦးတို့၏ ပြိုင်ပွဲအသွင် လက်ရည်ဆန်းစစ်ပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဖူဆယ် အားကစားရုံ၌ကျင်းပရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ လာရောက်ကြည့်ရှု အားပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နည်းပြများနှင့် အားကစားသမားများကို တွေ့ဆုံ၍ အားကစားသမားများအနေဖြင့် မိမိနိုင်ငံနှင့်လူမျိုးအတွက် ကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ကြရမည်ဖြစ်၍ ပြိုင်ပွဲတွင် မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယ၊ စိတ်ဓာတ်တို့ဖြင့် နောက်ဆုံးအချိန်ထိ အစွမ်းကုန်ကြိုးစားယှဉ်ပြိုင် သွားကြရန် လိုကြောင်း၊ အောင်မြင်မှုဆုတံဆိပ် ရရှိခဲ့သူများကို နိုင်ငံတော်ကလည်း ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပေးခဲ့သည့်အတွက် ယခုလာမည့်(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင်လည်း အောင်မြင်မှုဆုတံဆိပ်များ ရရှိအောင် အုပ်ချုပ်သူ၊ နည်းပြ၊ အားကစားသမားများအားလုံး တက်ညီလက်ညီ အစွမ်းကုန် ကြိုးစားဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မကြာမီရောက်ရှိမည့်၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကာလတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန မိသားစု လမ်းလျှောက်သင်္ကြန်ပွဲတော် ကျင်းပမည့် ပြင်ဆင်ဆောင်ရွက်နေမှုကိုလည်းကောင်း၊ မြန်မာ့လက်ရွေးစင်အားကစား မောင်မယ်များနှင့် လူငယ်အားကစားလေ့ကျင့်ရေး စခန်းမှ အားကစားမောင်မယ်များ ပျော်ရွှင်စွာ ရေပက်ကစားနိုင်ရန်အတွက် အတာသင်္ကြန်မဏ္ဍပ် ကြိုတင်ပြင်ဆင်နေမှုကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လူ့အခွင့်အရေးအရေခြုံ၍ အချုပ်အခြာအာဏာပိုင်နိုင်ငံအား ဝင်ရောက်စွက်ဖက်နေသည့် ဆောင်ရွက်ချက်များအားလုံးကို မြန်မာနိုင်ငံက ပြတ်သားစွာ ဆန့်ကျင်ပယ်ချ

ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ (၅၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအတွင်း ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးနှင့် အပြန်အလှန်ဆွေးနွေးပွဲကို မတ် ၆ ရက်နှင့် မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူနှင့် အပြန်အလှန်ဆွေးနွေးပွဲကို မတ် ၂၀ ရက်တွင် အသီးသီးပြုလုပ်ခဲ့သည်။ ထို့ပြင် ဥရောပသမဂ္ဂကတင်သွင်းခဲ့သည့် "မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေ" ခေါင်းစဉ်ပါ ဆုံးဖြတ်ချက်အဆိုကို လူ့အခွင့်အရေးကောင်စီက ဧပြီ ၄ ရက်တွင် အတည်ပြုချမှတ်ခဲ့သည်။ အလားတူ မတ် ၁၆ ရက်တွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်ကလည်း နယူးယောက်မြို့ရှိ ကုလသမဂ္ဂအထွေထွေညီလာခံတွင် ရှင်းလင်းဆွေးနွေးမှုတစ်ရပ် ပြုလုပ်ခဲ့သည်။ အထက်ပါဆွေးနွေးပွဲများသို့ မြန်မာနိုင်ငံမှ တရားဝင်ကိုယ်စားလှယ် တက်ရောက်ခွင့်မရှိစေရန်တားမြစ်ခဲ့ခြင်းမှာ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးနှင့် ညှိနှိုင်းဆွေးနွေးရေးမူများကို ဆန့်ကျင်သည့်အတွက် မြန်မာနိုင်ငံက သက်ဆိုင်ရာကုလသမဂ္ဂအဖွဲ့အစည်းများသို့ ကန့်ကွက်ခဲ့ပြီးဖြစ်သည်။

လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးသည် အများပြည်သူသို့ ထုတ်ပြန်ထားပြီးဖြစ်သည့် CRPH၊ NUG၊ PDF အမည်ခံ အဖွဲ့များ၏ ပကတိကျူးလွန်မှုအတိုင်းအတာကို ထင်ဟပ်ဖော်ပြရန် ပျက်ကွက်ခဲ့သည်။ မတ် ၃၁ ရက်ထိ ကလေး ၁၆၂ ဦး၊ ဆရာ၊ ဆရာမ ၇၃ ဦး၊ ကျန်းမာရေးဝန်ထမ်း ၁၆ ဦးနှင့် အုပ်ချုပ်ရေးမှူး ၇၇၃ ဦး အပါအဝင် အပြစ်မဲ့ပြည်သူ ၅၄၇၅ ဦးတို့ အသက်ဆုံးရှုံးခဲ့ရသည့် အကြမ်းဖက်အဖွဲ့များ၏ သတ်ဖြတ်မှုများနှင့် အကြမ်းဖက်မှုများကို သိသာစွာ လျှော့ပေါ့ဖော်ပြထားသဖြင့် စိတ်ပျက်ရသည်။

မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူသည် လူ့အခွင့်အရေးကိစ္စများထက် ဒုက္ခသည်များနှင့် ရွှေ့ပြောင်းနေထိုင်သူများအရေးအပေါ် အာရုံစိုက်လျက်ရှိပြီး ယင်းနှင့်စပ်လျဉ်းသည့်အစီရင်ခံစာနှင့် အချုပ်အခြာအာဏာပိုင်နိုင်ငံများအကြားဆက်ဆံရေးတွင် ဝင်ရောက်စွက်ဖက်သည့်စာတမ်းများ ထုတ်ပြန်နေခြင်းမှာ ၎င်း၏လုပ်ပိုင်ခွင့်ကို ကျော်လွန်ဆောင်ရွက်နေခြင်းဖြစ်သည်။ မြန်မာနိုင်ငံအတွင်း သတ်ဖြတ်မှုများနှင့် အကြမ်းဖက်မှုများ ကျူးလွန်ခြင်းနှင့် လှုံ့ဆော်ခြင်းတို့အတွက် တာဝန်ရှိသူများကို နိုင်ငံအချို့က ခိုလှုံခွင့်ပြုထားခြင်းမှာ လက်ခံနိုင်ဖွယ်မရှိပါ။ အထူးအစီရင်ခံစာ တင်သွင်းသူအနေဖြင့် မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများ ပြုလုပ်ရေးနှင့် အထီးကျန်စေရေးတောင်းဆိုနေမှုများသည် မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူများ၏ အကျိုးစီးပွား ထိခိုက်နစ်နာစေရန်ဖြစ်သည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်သည်လည်း ကုလသမဂ္ဂအထွေထွေညီလာခံသို့ ရှင်းလင်းတင်ပြသည့် အလွတ်သဘောအစည်းအဝေးတစ်ရပ်ကို ပြုလုပ်ခဲ့သည်။ ယင်းသို့ ရှင်းလင်းတင်ပြရာတွင် အထူးကိုယ်စားလှယ်သည် အကြမ်းဖက်အဖွဲ့အစည်းများနှင့် အစိုးရဆန့်ကျင်သူများထံမှရရှိသည့် မမှန်ကန်သောအချက်အလက်များကို အခြေခံကာ တစ်ဖက်သတ်ဆန်စွာ ပြောကြားခဲ့သည်။ လက်နက်ကိုင်အဖွဲ့အစည်းအချို့၏ နိုင်ငံရေးနှင့်စစ်ရေး အကျိုးအမြတ်အတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီများကို အလွဲသုံးစားပြုရန် အဆိုပြုချက်များအပေါ် အထူးကိုယ်စားလှယ်အနေဖြင့် ဂရုပြုသင့်သည်။ မြန်မာနိုင်ငံအစိုးရသည် ထိခိုက်ခံစားရသော ပြည်သူလူထုအတွက် လိုအပ်သောအကူအညီများ ပေးအပ်လျက်ရှိသည်။ ကုလသမဂ္ဂအေဂျင်စီများအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရုံးခွဲများဖွင့်လှစ်ထားသည်။ ထို့ပြင် ၂၀၂၀ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်အတွင်း ကုလသမဂ္ဂအဖွဲ့အစည်းများ၏ ကွင်းဆင်းခရီးစဉ် ၂၄ ခုနှင့် ဥရောပသမဂ္ဂ၊ ဆွစ်ဇာလန်၊ ဂျာမနီ၊ ကနေဒါ၊ ဗြိတိန်နှင့် နော်ဝေနိုင်ငံတို့မှ သံတမန်များ၏ ကွင်းဆင်းခရီးစဉ် ၄၉ ခုတို့ကို မြန်မာနိုင်ငံက ခွင့်ပြုပေးခဲ့သည်။ သို့ဖြစ်ရာ ဝင်ထွက်ခွင့်ကန့်သတ်ကြောင်း စွပ်စွဲမှုများမှာ မှန်ကန်ခြင်းမရှိပါ။ လူသားချင်းစာနာထောက်ထားမှု အကူအညီများအပါအဝင် အကူအညီများပေးအပ်ရာတွင် သက်ဆိုင်ရာနိုင်ငံ၏ သဘောတူခွင့်ပြုချက် ရရှိရန်လိုအပ်ပြီး မြန်မာနိုင်ငံအနေဖြင့်လည်း ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ သက်ဆိုင်ရာနိုင်ငံ၏ သဘောတူညီချက်မပါဝင်သော အစီအမံများသည် ဆန့်ကျင်ဘက်သက်ရောက်မှုများသာ ဖြစ်ပေါ်စေနိုင်ကြောင်းနှင့် ရက်စက်ကြမ်းကြုတ်သော လုပ်ရပ်များအတွက် တာဝန်ရှိသူများနှင့် ဆက်သွယ်ခြင်းမှာ အကြမ်းဖက်မှုကို အားပေးရာရောက်ကြောင်း အထူးကိုယ်စားလှယ်ကို အသိပေးဖော်ပြအပ်သည်။

ဥရောပသမဂ္ဂသည် လူ့အခွင့်အရေးကောင်စီ၏ (၅၂)ကြိမ်မြောက် အစည်းအဝေးသို့ မြန်မာနိုင်ငံကို ဆန့်ကျင်သည့်ဆုံးဖြတ်ချက်အဆိုစာရွက်စာတမ်းအမှတ် A/HRC/52/L.19 ဖြင့် ထပ်မံတင်သွင်းခဲ့သည်။ ယင်းရှည်လျားသောဆုံးဖြတ်ချက်အဆိုသည် မြန်မာနိုင်ငံအပေါ်ထားရှိသော ယန္တရားအမြောက်အမြားနှင့် အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကိုစွက်ဖက်သည့် အတိုင်းအတာကို ပြသလျက်ရှိသည်။ မြန်မာနိုင်ငံ၏ နိုင်ငံရေးစနစ်၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဒီမိုကရေစီဖော်ဆောင်သည့် နိုင်ငံရေးလုပ်ငန်းစဉ်နှင့် ပြည်တွင်းတရားစီရင်ပိုင်ခွင့်အတွင်း ကျရောက်သောကိစ္စရပ်များတွင် အမိန့်ပေးစွက်ဖက်ခြင်းများပါဝင်သည့် ယင်းဆုံးဖြတ်ချက်အဆိုကို လက်ခံနိုင်ခြင်းမရှိကြောင်း ဖော်ပြအပ်သည်။ ထို့ပြင် ဆုံးဖြတ်ချက်အဆိုသည် ၂၀၁၇ ခုနှစ်တွင် ARSA (ခေါ်) Aqa Mul Mujahideen အဖွဲ့၏ တိုက်ခိုက်မှုများကြောင့် နေရပ်စွန့်ခွာသူများကို ပြန်လည်လက်ခံရေး မြန်မာနိုင်ငံ၏ ကြိုးပမ်းအားထုတ်မှုများကို လျစ်လျူရှုထားသည်။ ယင်းကိစ္စနှင့် စပ်လျဉ်းပြီး မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား တိုးတက်မှုများရှိပြီး စိစစ်ပြီးသူများကို လူတွေ့မေးမြန်းရန် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၃ ခုနှစ် မတ်လတွင် တက္ကနာဖ်မြို့သို့ သွားရောက်ခဲ့သည်။ ၂၀၂၃ ခုနှစ် ပထမသုံးလအတွင်း ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်တွင် တက်ကြွစွာပါဝင်သူ ၁၆ ဦး အပါအဝင် နေရပ်ပြန်လိုသူများ သတ်ဖြတ်ခံနေရမှုများကို အဆိုမူကြမ်းက မျက်ကွယ်ပြုထားသည်။ ARSA ၏ သတ်ဖြတ်ခြိမ်းခြောက်မှုများကြောင့် ၂၀၁၇ ခုနှစ်တွင် နေရပ်စွန့်ခွာမှုများဖြစ်ခဲ့ပြီး လက်ရှိ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို အဟန့်အတားဖြစ်စေသည်မှာ ငြင်းကွယ်၍မရသော်လည်း ယင်းအချက်ကို အဆိုမူကြမ်းတွင် ချန်လှပ်ထားသည်။ "ရိုဟင်ဂျာ" ဟူသော အသုံးအနှုန်းကို မြန်မာပြည်သူများနှင့် အစိုးရအဆက်ဆက်က လက်ခံခြင်းမရှိဘဲ ယင်းအသုံးအနှုန်းသည် အင်္ဂလိပ်ကိုလိုနီခေတ် တရားဝင်မှတ်တမ်းများတွင်ပင် ပါဝင်ခြင်းမရှိကြောင်းနှင့် ဥပဒေကြောင်းအရလည်း တရားဝင်ခြင်းမရှိကြောင်း ဖော်ပြအပ်သည်။ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသူများကို ခွဲခြားမှုမရှိဘဲ နိုင်ငံသားအဆင့်အတန်း ပေးအပ်လျက်ရှိသည်။

သို့ဖြစ်ရာ အထက်ပါနိုင်ငံတစ်နိုင်ငံအပေါ် ဦးတည်သည့် ဆွေးနွေးပွဲများနှင့် ဆုံးဖြတ်ချက်များမှာ အခြေအမြစ်မရှိသော စွပ်စွဲချက်များနှင့် တစ်ဖက်သတ်ထင်မြင်ချက်များအပေါ် အခြေခံကာ နိုင်ငံရေး ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ အခြေခံမူများဖြစ်သည့် ဘက်မလိုက်ခြင်း၊ သမာသမတ်ကျခြင်း၊ ရွေးချယ်ပစ်မှတ်မထားခြင်းတို့နှင့် ဆန့်ကျင်နေသည့် "မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေ" ခေါင်းစဉ်ပါ ဆုံးဖြတ်ချက်အဆိုကို မြန်မာနိုင်ငံက ပြတ်သားစွာပယ်ချပြီး ယင်းအဆိုမူကြမ်းကိုချမှတ်ခဲ့ရာတွင် မြန်မာနိုင်ငံက ပါဝင်ပတ်သက်ခြင်းမပြုကြောင်း ဖော်ပြအပ်သည်။ အထက်ပါဆွေးနွေးပွဲများတွင် မျှတစွာရပ်တည်ခဲ့ပြီး ဆုံးဖြတ်ချက် အဆိုမူကြမ်းကို အတည်ပြုစဉ် ပါဝင်ပတ်သက်ခဲ့ခြင်းမရှိသော နိုင်ငံများကို မြန်မာအစိုးရက အသိအမှတ်ပြု ကျေးဇူးတင်ရှိသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၃ ခုနှစ် ဧပြီလ ၆ ရက်**

# ၂၀၂၃ ခုနှစ် (၃၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲ ကျင်းပ



**မန္တလေး ဧပြီ ၆**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအတွင်းရေးမှူးနှင့် တာဝန်ရှိသူများလိုက်ပါပြီး ၂၀၂၃ ခုနှစ် ဇွန် ၂၆ ရက်တွင်ကျင်းပမည့် (၃၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ကျောင်းသား၊ ကျောင်းသူများ၏ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကျင်းပနေသည့် ချမ်းအေးသာစံမြို့နယ် အမှတ်(၁၆) အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုအားပေးသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ကို မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(မန္တလေးတိုင်းဒေသကြီး)မှ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးဥက္ကဋ္ဌများ၊ တိုင်းဒေသကြီးပညာရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးတို့က ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်နေမှုများကို လိုက်လံပြသရာ ဝန်ကြီးချုပ်နှင့်အဖွဲ့က ကြည့်ရှုအားပေးကြသည်။

အဆိုပါပြိုင်ပွဲများကို မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံခရိုင်၊ မဟာအောင်မြေခရိုင်နှင့် အမရပူရခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူဦးရေ ၃၈၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်းနှင့် ဆုရ ကျောင်းသား၊ ကျောင်းသူများကို (၃၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် ဆုများချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူမန္တလေးမြို့တွင်၂၀၂၃ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်ပျော်ရွှင်စွာ ဆင်နွှဲနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး သုံးထပ်ဆောင်အစည်းအဝေးခန်းမတွင်ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာအကြီးအကဲများနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းက ဗဟိုမဏ္ဍပ်ရှေ့တွင် ကျောင်းသူဦးရေ ၅၀၀၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တပ်ရင်း၊ တပ်ဖွဲ့မိသားစုတို့က သင်္ကြန်ယိမ်းအဖွဲ့ သမီးပျိုဦးရေ ၄၀၀ တို့ဖြင့် သင်္ကြန်ပွဲတော်ကို ဖွင့်လှစ်သွားရန် စီစဉ်ထားမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြ ဆွေးနွေးခဲ့သည်။

ဆက်လက်၍ ၂၀၂၃ ခုနှစ် မန္တလေးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကျင်းပရေး လုပ်ငန်းကော်မတီများနှင့် မြို့မိမြို့ဖသင်္ကြန်မဏ္ဍပ်များမှ တာဝန်ရှိသူများက ဈေးချိုသူ၊ မင်္ဂလာမန္တလေးသင်္ကြန်၊ လမ်းလျှောက်သင်္ကြန်များနှင့် မဏ္ဍပ်များ တည်ဆောက်ပြီးစီးမှု၊ ဖွင့်ပွဲ၊ ပိတ်ပွဲများဆောင်ရွက်ရန် စီမံဆောင်ရွက်ထားရှိမှုများနှင့်ပတ်သက်၍ လုပ်ငန်းကဏ္ဍများအလိုက် အသီးသီးတင်ပြ ဆွေးနွေးကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မျိုးကျော်**

# ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပပြုလုပ်သည့် စာအောင်သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် လူပုဂ္ဂိုလ်တို့ကို လှူဒါန်းမည့် ရှင်ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ



ဆရာတော်ထံ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက စာအောင်ဘွဲ့ လက်မှတ် ဆက်ကပ် လှူဒါန်းစဉ်။

**နေပြည်တော် ဧပြီ ၆**

၂၀၂၂ ခုနှစ် အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲတွင် အောင်မြင်တော်မူကြသော စာအောင်သံဃာတော်များနှင့် သီလရှင်များကို ဆက်ကပ်လှူဒါန်းမည့် ရှင်ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နေ့လယ်ပိုင်းတွင် ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ သာသနာ့ဗိမာန်တော်ကြီး၌ပြုလုပ်ရာ ပုသိမ်မြို့ နိဗ္ဗာနစာချဲ့ကျောင်းတိုက်မှ ပရိယတ္တိစာသင်တိုက် ဆရာတော် နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိသုတာအမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်ခိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပုသိမ်မြို့ နိဗ္ဗာနစာချဲ့ကျောင်းပင်သာ ပရိယတ္တိစာသင်တိုက် ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် ပရိတ်တရားတော်များကိုနာယူကြသည်။

ထို့နောက် ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက စာအောင်သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင် ၉၆ ပါး၊ လူပုဂ္ဂိုလ် တစ်ဦးတို့ကို သာသနာဓဇဓမ္မာစရိယဘွဲ့၊ဝိဒူဘွဲ့လက်မှတ်၊ အောင်လက်မှတ်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ အသီးသီးဆက်ကပ်လှူဒါန်းကြပြီး တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မရမ်းချိုကျောင်းတိုက်၏ ဦးစီးပဓာန နာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသောဘိတထံမှ အနုမောဒနာတရား နာယူကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သတင်းရရှိသည်။



တြိဂံဒေသ တိုင်းစစ်ဌာနချုပ်၏ (၁၆)ကြိမ်မြောက် စုပေါင်း ရဟန်းခံ၊ ရှင်ပြု၊ နားသ အလှူတော် မင်္ဂလာ ကျင်းပစဉ်။

# တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ (၁၆)ကြိမ်မြောက် စုပေါင်းရဟန်းခံ၊ ရှင်ပြု၊ နားသ အလှူတော်မင်္ဂလာကျင်းပပြုလုပ်

**နေပြည်တော် ဧပြီ ၆**

တြိဂံဒေသတိုင်း စစ်ဌာနချုပ်၏ (၁၆)ကြိမ်မြောက် စုပေါင်းရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ် အလှူတော်မင်္ဂလာကို ဧပြီ ၅ ရက်နှင့် ယနေ့တို့တွင် တိုင်းစစ်ဌာနချုပ် ပြည်ငြိမ်းအေးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တပ်ရင်း၊ တပ်ဖွဲ့အသီးသီးမှ ရဟန်းခံ၊ ရှင်သာမဏေ၊ သီလရှင်ဝတ်ကြမည့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ တပ်ရင်း၊တပ်ဖွဲ့အသီးသီးမှ ရဟန်းခံ၊ ရှင်လောင်း၊နားသကြမည့် အရာရှိ၊စစ်သည်၊ မိသားစုဝင်များက ရှင်လောင်းလှည့်လည်ယာဉ်များဖြင့် တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်းမှ ကျိုင်းတုံမြို့အတွင်းရှိ တန်ခိုးကြီးဘုရားပုထိုးစေတီတော်များကို လှည့်လည်ပူဇော်ခြင်းများပြုလုပ်ကြသည်။ ထို့နောက် ပြည်ငြိမ်းအေးခန်းမ၌ ရဟန်းလောင်း အပါး ၉၀၊ ရှင်သာမဏေလောင်း ၁၃ ပါးနှင့် သီလရှင်လောင်း တစ်ပါးတို့ကို ဆံချခြင်းမင်္ဂလာ၊ သင်္ကန်းဆီးပေးခြင်း၊ သာသနာ့ဘောင်သို့သွတ်သွင်းခြင်းနှင့် သိမ်တက်ခြင်းမင်္ဂလာတို့ကို ပြုလုပ်ကြသည်။

အလားတူ ယနေ့နံနက်ပိုင်းတွင် ရဟန်း၊ သံဃာ၊ကိုရင်နှင့်သီလရှင် စုစုပေါင်း ၁၄၃ ပါးကို တိုင်းစစ်ဌာနချုပ် ရွှေတြိဂံရိပ်သာ၌ တိုင်းမှူးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် အလှူရှင်များက သိမ်ဆင်းလောင်းလှူကြသည်။ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကျိုင်းတုံမြို့ ကျိုင်းယင်းကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမာစာရထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြသည်။

၎င်းနောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက သံဃာတော်များကို လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ကျိုင်းတုံမြို့ သာသနာ့ဝေပုလ္လကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိဇယထံမှ သာဓုအနုမောဒနာတရားနာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

## ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ သတင်းထုတ်ပြန်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၃ ခုနှစ် မတ် ၃၁ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်၊ ၁၉/၂၀၂၃ ဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအား အတည်ပြုထုတ်ပြန်ခဲ့ပါသည်။ အဆိုပါဥပဒေသည် ၂၀၂၃ ခုနှစ် ဧပြီ ၁ ရက်မှစ၍ အကျိုးသက်ရောက်မည်ဖြစ်ပါသည်။

## ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေ သတင်းထုတ်ပြန်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၃ ခုနှစ် မတ် ၃၁ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်၊ ၂၀/၂၀၂၃ ဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေအား အတည်ပြုထုတ်ပြန်ခဲ့ပါသည်။ အဆိုပါဥပဒေသည် ၂၀၂၃ ခုနှစ် ဧပြီ ၁ ရက်မှစ၍ အကျိုးသက်ရောက်မည်ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာ

၁။ ရှမ်းပြည်နယ် တောင်ကြီးမြို့ ဈေးပိုင်းရပ်ကွက် အနောက်မြို့ပတ်လမ်း အမှတ်(၁၈)တွင် ပါတီရုံးချုပ်တည်ရှိသော **ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ**က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားချက်အရ ယင်းပါတီက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကိုဖော်ပြပြီး အများပြည်သူကန့်ကွက်နိုင်ကြောင်း ၁-၃-၂၀၂၃ ရက် နေ့စဉ်ထုတ်သတင်းစာများတွင် ထည့်သွင်းကြော်ငြာခဲ့ပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့်ပါတီအလံကို ကန့်ကွက်မှုရှိခဲ့သည့်အပြင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ရာတွင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ခ)နှင့် ငြိစွန်းကြောင်း တွေ့ရှိရသဖြင့် ပြန်လည်ပြင်ဆင်စေခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ **ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ**က ပြင်ဆင်တင်ပြလာသည့် ဖော်ပြပါ ပါတီအလံကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ၏ အလံပုံစံ**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ဧပြီ ၆ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ငါးဦးတွေ့ရှိ

### ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၄၀၉၂ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၄၅၇၉ ဦး |

**နေပြည်တော် ဧပြီ ၆**

ဧပြီ ၅ ရက်ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၃၅၂၄ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် ငါးဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**



ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် လေးမြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များကို သီတဂူစက္ခုဒါနဆေးရုံတော်ကြီးတွင် အခမဲ့စမ်းသပ်ကုသပေးစဉ်။

# ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် လေးမြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များကို သီတဂူစက္ခုဒါနဆေးရုံတော်ကြီးတွင် အခမဲ့ဆက်လက်စမ်းသပ်ကုသပေးလျက်ရှိ

**နေပြည်တော် ဇွန် ၆**

နိုင်ငံတော်သြဝါဒါစရိယ ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏အဓိပတိ သီတဂူဆရာတော်ဒေါက်တာဘဒ္ဒန္တဉာဏိဿရ ဦးဆောင်ကြီးကြပ်မှုဖြင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒဂုံဆိပ်ကမ်းမြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များကို မျက်စိအထူးကုဆရာဝန် ပါရဂူကြီးများက ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ သီတဂူစက္ခုဒါနဆေးရုံတော်ကြီး၌ ဆက်လက်အခမဲ့စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့မျက်စိအခမဲ့စမ်းသပ်ကုသပေးခြင်းကို ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ပထမအကြိမ် ဒုတိယနေ့အဖြစ် ကုသပေးခြင်းဖြစ်ပြီး မျက်စိကျွမ်းကျင်ဆရာဝန်ပါရဂူကြီးများက မျက်စိဝေဒနာရှင် ၄၁၂ ဦးကို အခမဲ့ကုသပေးပြီး ၎င်းတို့အနက် ခွဲစိတ်ကုသပေးရန်လိုအပ်သူ မျက်စိဝေဒနာရှင် ၅၈ ဦးရှိကြောင်း သိရသည်။ ထိုကဲ့သို့လာရောက်ဆေးကုသမှု ခံယူသူများကို အာဟာရဒါနကျွေးမွေးခဲ့ကြောင်းနှင့်မျက်စိဝေဒနာရှင်များကို ဇွန် ၁၀ ရက်ထိ အခမဲ့စမ်းသပ် ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သီတဂူဆရာတော်ကြီး၏ ဦးဆောင်မှုဖြင့် သီတဂူအပြည်ပြည်ဆိုင်ရာသာသနာပြုအဖွဲ့အနေဖြင့် တိုင်းဒေသကြီးများနှင့် ပြည်နယ်များ၌ သီတဂူစက္ခုဒါနဆေးရုံ ၄၄ ရုံ ဖွင့်လှစ်ပြီး မျက်စိဝေဒနာရှင်များအား အခမဲ့ကုသပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ရာ ၁၉၉၉ ခုနှစ် ဧပြီလမှ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလထိ မျက်စိစမ်းသပ်ကုသမှုခံယူသူ ၅၄၈၅၀၄ ဦးနှင့် မျက်စိခွဲစိတ်ကုသမှုခံယူသူ ၁၀၅၂၃၄ ဦးရှိကြောင်း သတင်းရရှိသည်။

# ရေဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်မှ မြို့နယ်စစ်မှုထမ်းဟောင်း အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို တွေ့ဆုံ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇွန် ၆**

ရေဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်မှ မြို့နယ်စစ်မှုထမ်းဟောင်း အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ယနေ့နံနက်ပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်က တိုင်းစစ်ဌာနချုပ် ရေဝတီခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့ပြင် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို နယ်မြေခံဆေးကုသရေးအဖွဲ့က လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။




အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

# မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇွန် ၆**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မြစ်ကြီးနားမြို့ ဥတ္တရာရာမ ဘုန်းတော်ကြီးကျောင်း၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က သံဃာတော် ၅၄ ပါးနှင့် သာသနာ့နွယ်ဝင် သီလရှင် တစ်ပါးတို့ကို ခွဲစိတ်ကုသမှုရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။




သံဃာတော်များအား နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# မန္တလေးတိုင်းဒေသကြီးအတွင်း လုံခြုံရေး တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဂုဏ်ပြုချီးမြှင့်




အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဇွန် ၆**

မန္တလေးတိုင်းဒေသကြီးအတွင်း လုံခြုံရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့်လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက မန္တလေးတိုင်းဒေသကြီးအတွင်း လုံခြုံရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တိုင်းမှူးက နိဂုံးချုပ်အမှာစကားပြောကြားပြီး ဝန်ကြီးချုပ်၊တိုင်းမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကာ သိမ်းဆည်းရမိခဲ့သည့် လက်နက်၊ခဲယမ်းများ၊ ဆက်စပ်ပစ္စည်းများနှင့် မူးယစ်ဆေးဝါးများ ခင်းကျင်းပြသထားမှုများကို လိုက်လံကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

# စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို တပ်မတော် နယ်လှည့်အထူးဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



တပ်မတော် နယ်လှည့် အထူးဆေးကုသရေး အဖွဲ့က စစ်ကိုင်းမြို့နယ် အတွင်းရှိ ဒေသခံ ပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဇွန် ၆**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရောက်ရှိနေသည့် တပ်မတော်နယ်လှည့်အထူးဆေးကုသရေးအဖွဲ့သည် ယနေ့တွင် စစ်ကိုင်းမြို့ ရာဇာမဏိစူဠာကောင်းမှုတော် စေတီ ဝတ္တကမြေ၌ အခြေပြု၍ စစ်ကိုင်းမြို့ပေါ်ရပ်ကွက်များ၊ ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များနှင့် ဒေသခံပြည်သူ စုစုပေါင်း ၅၃၁ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၆၉ ဦး၊ခွဲစိတ်ရောဂါ ၂၅ ဦး၊ ကလေးရောဂါဦးရေ ၅၀၊ သားဖွားမီးယပ်ရောဂါဦးရေ ၂၀၊ အရိုးရောဂါ ၃၂ ဦး၊ နား၊နှာခေါင်း၊လည်ချောင်းရောဂါဦးရေ ၃၀၊ မျက်စိရောဂါ ၁၆၄ ဦး၊ သွားရောဂါ ၃၃ ဦးနှင့်အခြားရောဂါရှစ်ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးပြီး ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာလေးဦးနှင့် မျက်စိခွဲစိတ်လူနာ ရှစ်ဦးတို့ကို ရွေ့လျားခွဲစိတ်ယာဉ်ဖြင့် ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် ဓာတ်မှန်ရိုက်လူနာ ၆၁ ဦး၊ Ultrasound ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၅၂ ဦး၊ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၇၈ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၃၇၈ ဦးတို့ကို ရွေ့လျားဓာတ်မှန်ရိုက်ယာဉ်နှင့် ရွေ့လျားဓာတ်ခွဲခန်းယာဉ်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ကျန်းမာရေးဝန်ကြီးဌာန အစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထပ်ဆောင်းထိုးနှံရန် လိုအပ်သူ ၁၀၆ ဦးကို ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သူနှစ်ဦးကို နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

၎င်းပြင် ဆေးကုသမှုခံယူနေသည့် ဒေသခံပြည်သူများ စားသောက်ရေးအဆင်ပြေစေရန်အတွက် တာဝန်ရှိသူများနှင့် ဒေသခံစေတနာရှင်ပြည်သူများက နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် စစ်ကိုင်းတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့ပြင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့သို့ ဝူဏ်ပြုငွေများပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။

# တရားမဝင်သစ်မျိုးစုံ၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ၊ စက်မှုကုန်ကြမ်းပစ္စည်းများ၊ ယာဉ်အပိုပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၆**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာတွင် ဇွန် ၃ ရက်နှင့် ၄ ရက်တို့တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော မော်တော်ယာဉ် နှစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသော Low Density Polyethylene Plastic Resin ကီလိုဂရမ် ၄၀၀၀ နှင့် တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Wai Wai-Instant Rice Vermicelli ၃၅ ဖာ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၉၈၅၀၀၀ ကိုလည်းကောင်း၊ အဆိုပါပစ္စည်းများ တင်ဆောင်သော Hino Bus တစ်စီး၊ CHENGLONG Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၀၀၀၀၀၀ ကိုလည်းကောင်း၊ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၉၈၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇွန် ၄ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့က ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စင်ကာပူနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ ရောက်ရှိလာသောလေယာဉ် နှစ်စင်းပေါ်ရှိ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် Charles & Keith ဖိနပ် ၁၀ ရန်နှင့် Jamu Ajaib တိုင်းရင်းဆေးဘူး ၁၂၀၀ အပါအဝင်ကုန်ပစ္စည်း ကိုးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၁၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မြန်မာစက်မှုဆိပ်ကမ်းကုန်သေတ္တာစစ်ဆေးရေးစခန်း၌ တာဝန်ကျအကောက်ခွန်အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကုန်သေတ္တာ တစ်လုံးအတွင်းမှ သွင်းကုန်လိုင်စင်မရရှိမီ ဆိပ်ကမ်းသို့ ကြိုတင်ရောက်ရှိသည့်ရက် ၆၁ ရက်ကျော်လွန်သော Inverter Packing Box အလုံး ၂၀ အပါအဝင် ကုန်ပစ္စည်းလေးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ်၁၇၅၅၀၈၅၅ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သံလွင်တံတား (မော်လမြိုင်) စစ်ဆေးရေးဂိတ်၌ တာဝန်ကျပူးပေါင်းအဖွဲ့က မော်တော်ယာဉ်တစ်စီးကို စိစစ်၍ မော်လမြိုင် အကောက်ခွန်ဦးစီးဌာနမှူးရုံးတွင် အသေးစိတ်စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တရားဝင်စာရွက်စာတမ်းတင်ပြနိုင်ခြင်းမရှိသည့် Lactasoy ဖာ ၆၀ အပါအဝင် စားသောက်ကုန်ပစ္စည်းနှင့် ဆိုင်ကယ်အပိုပစ္စည်း ရှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၅၆၀၀၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်သော YUTONG Bus တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀၊ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၅၆၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇွန် ၅ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကျောက်တံခါးမြို့နယ် သစ်တောဦးစီးဌာနဦးဆောင်သောပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင် ကျောက်တံခါးမြို့နယ် အိုင်တုံကွန်းကြိုးဝိုင်းအတွင်း တရားမဝင်ကျွန်းသစ်၊ပျဉ်းကတိုးသစ်နှင့် တောင်သရက်သစ် ၅ ဒသမ ၅၇၂၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၃၅၄၀၄)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ ဇွန် ၃ ရက်မှ ၅ ရက်ထိ ဖမ်းဆီးရမိမှုစုစုပေါင်း အမှုတွဲ ၁၀ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၁၃၃၄၂၂၅၉ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

(သတင်းစဉ်)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များကတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က) နှင့်တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများကတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် ဂန်းတောကျေးရွာနေ လဝီချမ်း(ခ)အရှစ်သည် ၎င်းအသုံးပြုသည့် "Ah Shit" Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် အောင်မေတ္တာ(က)ရပ်ကွက်နေ သိန်းကျော်စိုးသည် ၎င်းအသုံးပြုသည့် "Thein Kyaw Soe" Facebook အကောင့်နှင့် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ချမ်းမြသာစည်တောင်ရပ်ကွက်နေ သော်တာမိုး(ခ)ပီစိုင်းသည် ၎င်းအသုံးပြုသည့် "Thawdar Moe" Tiktok အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏**
**ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်၊ ၁၉ /၂၀၂၃)
၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၁၁ ရက်
(၂၀၂၃ ခုနှစ်၊ မတ်လ ၃၁ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အပိုင်း ၁
## အမည်နှင့်စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

## အပိုင်း ၂
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

### အခန်း(၁)
### ရငွေများနှင့်သုံးငွေများ

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ ရသော ရငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီး ဌာနများနှင့် ဦးစီးဌာနများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃)နှင့် (၄)တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ(က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄။ (က) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသော ရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသောရငွေများနှင့် စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြသော ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သောပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော် ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုစာရင်း စစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီး ဌာနများနှင့် ဦးစီးဌာနများသည် သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်း ခေါင်းစဉ် လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ ပုဒ်မ ၁၁ အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲသည့်အသုံးစရိတ်များနှင့် စပ်လျဉ်း၍လည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြသော ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေ၏ ပုဒ်မ ၁၁ အရ ပိုမိုသုံးစွဲရန် ခွင့်ပြုသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြအတည်ပြုချက်ရယူရမည်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်နှင့် ညှိနှိုင်းရရှိသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများအရ လိုအပ်သည့်ငွေကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ သင့်တင့်လျောက်ပတ်စွာ ဖြည့်ဆည်းပေးခြင်း၊ အထူးကိစ္စအဖြစ် ထောက်ပံ့ခြင်း၊ လိုအပ်သည့် ချေးငွေများ ထုတ်ချေးခြင်းတို့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။

### အခန်း(၂)
### ငွေချေးယူခြင်း

၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လုပ်ငန်းစီမံချက်များအတွက် ဖြစ်စေ၊ ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းပါ အသုံးစရိတ်များအတွက်ဖြစ်စေ၊ ပြည်ထောင်စုက တာဝန်ယူရသော ချေးငွေစာချုပ်များ သို့မဟုတ် အာမခံစာချုပ်များ ထုတ်ပေးခြင်းဖြင့်လည်းကောင်း၊ အခြားနည်းလမ်းများဖြင့်လည်းကောင်း ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အတည်ပြုချက်ဖြင့် ငွေချေးယူနိုင်သည်။ ထိုသို့ချေးငွေရယူသည့်အခါ သင့်သည်ထင်မြင်သည့်အတိုးနှုန်းများသတ်မှတ်နိုင်သည်။ ပြန်ဆပ်ရန်၊ ပြန်ရွေးရန် သို့မဟုတ် အခြားနည်းစီမံရန် စည်းကမ်းချက်များကိုလည်း ပြုလုပ်နိုင်သည်။ သို့ရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေချေးယူခြင်းအတွက် အတိုးနှုန်းနှင့် လိုအပ်သော စည်းကမ်းချက်များကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ညှိနှိုင်းပြီးမှ သတ်မှတ်နိုင်သည်။

၇။ ပြည်ထောင်စုအစိုးရအဖွဲ့က ယခင်ဘဏ္ဍာရေးနှစ်အတွင်း လိုအပ်ငွေများ ဖြည့်တင်းရန် အာမခံစာချုပ်များ ရောင်းချခြင်းဖြင့် ရယူခဲ့သည့် ချေးငွေများနှင့် စပ်လျဉ်း၍ အချိန်ကျရောက်သောအခါ ပေးဆပ်ခြင်းကို အာမခံစာချုပ်အသစ်များဖြင့် လဲလှယ်နိုင်သည်။

၈။ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ဘဏ္ဍာရေးနှစ်အတွင်း လိုအပ်ငွေများ ဖြည့်တင်းရန် အစိုးရငွေချေးသက်သေခံလက်မှတ်များ ဝယ်ယူခြင်းနှင့် ရောင်းချခြင်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ တာဝန်ပေးအပ်နိုင်သည်။

၉။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အတည်ပြုချက်ဖြင့် လုပ်ငန်းစီမံချက်တစ်ရပ်ရပ်အတွက် ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းအတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ဌာန၊ အဖွဲ့အစည်းအတွက်သော်လည်းကောင်း ပြည်ပမှ ငွေချေးယူနိုင်သည်။ ပြည်ပမှရရှိသော ချေးငွေများကို နိုင်ငံတော်နှင့် အကျိုးတူဆောင်ရွက်နေသော လုပ်ငန်းများသို့ သင့်လျော်သော စည်းကမ်းချက်များသတ်မှတ်၍ ပြန်လည် ထုတ်ချေးခွင့်ပြုနိုင်သည်။

၁၀။(က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤအခန်းပါ ကိစ္စရပ်များအားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား လုပ်ပိုင်ခွင့် အပ်နှင်းနိုင်သည်။

(ခ) ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေ အခန်း(၁၀)နှင့်အညီ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ဤအခန်းပါ ငွေချေးယူသောကိစ္စများအတွက် နိုင်ငံတော် ကိုယ်စား အာမခံချက်ပေးနိုင်သည်။

၁၁။ ဇယား(၁)၊ (၃)နှင့် (၇)တို့တွင် ဖော်ပြလျာထားသော ရငွေများ အနက် ချေးငွေစာချုပ်ချုပ်ဆိုပြီးသည့် ပြည်ပချေးယူရငွေသည် လျာထားသည်ထက် ပိုမိုရရှိလျှင် ယင်းသို့ ပိုမိုရရှိသော ငွေများဖြင့် ဆက်နွယ်ထားသည့် လုပ်ငန်းအသုံးစရိတ်များကြောင့် ဇယား(၂)၊ (၄) နှင့် (၈)တို့တွင် ဖော်ပြခွင့်ပြုထားသော သုံးငွေများထက် ပိုမိုသုံးစွဲရန် လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့က စိစစ်သုံးသပ်၍ ငွေစာရင်း ခေါင်းစဉ် လွှဲပြောင်းသုံးစွဲခြင်းဖြင့်ဖြစ်စေ၊ ပုဒ်မ ၂၆ ပါ ပြဋ္ဌာန်းချက်များနှင့် အညီ အရေးပေါ်ရန်ပုံငွေမှဖြစ်စေ ခွင့်ပြုနိုင်သည်။ ယင်းသို့ခွင့်ပြုခဲ့သည့် သုံးငွေများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်း ခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများ တင်ပြချိန် နောက်ပိုင်းမှ ခွင့်ပြုခဲ့သည့်သုံးငွေများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

၁၂။ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ ရက် နေ့တွင် ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်အတွင်း ဤအခန်းအရ ငွေချေး စာချုပ်များချုပ်ဆိုပြီးနောက် အမှန်တကယ်ချေးယူရရှိသည့် ငွေစုစုပေါင်း သည် ကျပ်သန်းပေါင်း တစ်ရာသိန်းထက် မပိုစေရ။ ယင်းတွင် ဘဏ္ဍာ ရေးနှစ် အတွင်း ပြည်ပချေးငွေ၌ အမှန်တကယ်ထုတ်ယူသုံးစွဲငွေနှင့် ပြည်တွင်း ချေးငွေ၌ အသားတင် ဖြည့်ဆည်းငွေတို့ အကျုံးဝင်သည်။

### အခန်း(၃)
### ပြည်ပအကူအညီရယူခြင်း

၁၃။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လုပ်ငန်းစီမံချက်တစ်ရပ်ရပ်အတွက် ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းအတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ဌာန၊ အဖွဲ့အစည်းအတွက်သော် လည်းကောင်း ပြည်ပအကူအညီကို ငွေသား၊ ပစ္စည်း၊ ဆောင်ရွက်ပေးမှု တို့ဖြင့် ရယူခွင့်ပြုနိုင်သည်။

၁၄။ ဇယား(၁)၊ (၃)နှင့် (၇)တို့တွင် ဖော်ပြလျာထားသော ရငွေများ အနက် ပြည်ပအကူအညီ ရငွေသည် လျာထားသည်ထက် ပိုမိုရရှိလျှင် ယင်းသို့ ပိုမိုရရှိသောငွေများဖြင့် ဆက်နွယ်ထားသည့် လုပ်ငန်း အသုံး စရိတ်များကြောင့် ဇယား(၂)၊ (၄) နှင့် (၈) တို့တွင် ဖော်ပြခွင့်ပြုသော သုံးငွေများထက် ပိုမို သုံးစွဲရန် လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့က စိစစ်သုံးသပ်၍ ငွေစာရင်းခေါင်းစဉ် လွှဲပြောင်း သုံးစွဲခြင်းနည်းလမ်း၊ ပုဒ်မ ၂၆ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးပေါ်ရန်ပုံငွေမှ ခွင့်ပြုသည့် နည်းလမ်းတို့ဖြင့် ခွင့်ပြုနိုင်သည်။ ယင်းသို့ခွင့်ပြုသည့် သုံးငွေများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်း များတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ခွင့်ပြုခဲ့သည့်သုံးငွေများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

### အခန်း(၄)
### ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော ပြည်ထောင်စုဝန်ကြီးဌာနများနှင့်ဦးစီးဌာနများ

၁၅။ လူမှုဖူလုံရေးအဖွဲ့သည် မိမိ၏ လူမှုဖူလုံရေးရန်ပုံငွေနှင့် အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့် ရန်ပုံငွေတို့အပေါ်ရပ်တည်၍ လုပ်ငန်းများကို မိမိ၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ရမည်။

၁၆။(က) လူမှုဖူလုံရေးအဖွဲ့၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ် ခြင်းခံရသည့် ပုဂ္ဂိုလ် အသီးသီးသည် ဇယား(၅)နှင့် (၆) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံ ကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ(က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိ အား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက် စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

စာမျက်နှာ ၂၅ သို့

စာမျက်နှာ ၂၄ မှအဆက်

၁၇။(က) ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့၏ ဇယား(၅)နှင့် (၆)တို့တွင် ဖော်ပြထားသောငွေများကို လုပ်ငန်းအရလိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းများနှင့် စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြသော၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့အား လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အတည်ပြုချက်ဖြင့်ရယူဆောင်ရွက်ခွင့်ပြုနိုင်သည်။

၁၈။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့က လူမှုဖူလုံရေးရန်ပုံငွေနှင့် အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့်ရန်ပုံငွေတို့ဖြင့် ရပ်တည်ပြီး ယင်းရန်ပုံငွေမှ အကျိုးခံစားခွင့်များပေးရာတွင် လုံလောက်မှုမရှိ၍ တောင်းခံလာပါက ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေမှ ထည့်ဝင်ခြင်း၊ ထောက်ပံ့ခြင်းနှင့် လိုအပ်သည့် ချေးငွေများ ထုတ်ချေးခြင်း၊ လူမှုဖူလုံရေးအိမ်ရာစီမံကိန်းအတွက် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ပေးခြင်းတို့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။

## အပိုင်း ၃
## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ
### အခန်း(၁)
### ရငွေများနှင့်သုံးငွေများ

၁၉။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ဆောင်ရွက်၍ရသော ရငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေသို့ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၂၀။ (က) ဇယား(၇)နှင့် (၈)တို့တွင် ဖော်ပြထားသည့် ရငွေများနှင့် သုံးငွေများသည် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက စီမံကိန်းရည်မှန်းချက်များအရ ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားသောငွေများဖြစ်သည်။

(ခ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား(၇)နှင့် (၈)တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့်သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ဂ) ပုဒ်မခွဲ(ခ)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဃ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

### အခန်း(၂)
### ပြည်ထောင်စုအစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်

၂၁။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် စီးပွားရေးဆန်ဆန် ဆောင်ရွက်ရမည့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများအား သတ်မှတ်ပေးရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဇယား(၇) တွင် ဖော်ပြထားသော ရငွေများ တိုးခြင်း၊ လျော့ခြင်းများကို လုပ်ငန်းအရလိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါ ကိစ္စရပ်များကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဇယား(၈) အရ ခွင့်ပြုထားသော သုံးငွေများကို လုပ်ငန်းအရ လိုအပ်လျှင် စိစစ်သုံးသပ်၍ ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် သုံးငွေများကို အောက်ပါအတိုင်း ပြောင်းလဲပေးခြင်းနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်-

(၁) အဖွဲ့အစည်းတစ်ခု၏ သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများ ပြောင်းလဲသုံးစွဲခြင်း၊

(၂) သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများကို အဖွဲ့အစည်းတစ်ခုမှ အခြားအဖွဲ့အစည်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်း၊

(ဃ) ထိုသို့ ရငွေများနှင့် သုံးငွေများ ပြောင်းလဲခြင်းများနှင့် စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြသော ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန် နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ အမှန်စာရင်းများတွင် လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

(င) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို သတ်မှတ်ပေးရမည်။

### အခန်း(၃)
### နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဘဏ္ဍာရေးဆိုင်ရာလုပ်ပိုင်ခွင့်

၂၂။ (က) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ဇယား(၇) နှင့် (၈)တို့တွင် ဖော်ပြထားသော သက်ဆိုင်ရာ တာဝန်ခံပုဂ္ဂိုလ်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မိမိတို့၏လုပ်ငန်းများကို စီမံခန့်ခွဲရမည်။

(ခ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် လုပ်ငန်းလိုအပ်ချက်အရ ဇယား(၇)တွင် ဖော်ပြထားသော ရငွေများတိုးခြင်း၊ လျော့ခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ဇယား(၈) အရ ခွင့်ပြုထားသော အဖွဲ့အစည်းတစ်ခု၏ သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများကို အဖွဲ့အစည်းတစ်ခုမှ အခြားအဖွဲ့အစည်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့်ဖြစ်စေ၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ တာဝန်လွှဲအပ်ချက်အရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့်ဖြစ်စေ ပြောင်းလဲနိုင်သည်။ ထိုသို့ ရငွေများနှင့် သုံးငွေများ ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့တင်ပြသော ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

### အခန်း(၄)
### ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

၂၃။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား သတ်မှတ်ပေးရမည်။ ထိုသို့ သတ်မှတ်ပေးခြင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ အကျိုးအကြောင်း ဖော်ပြချက်နှင့်အတူ အစီရင်ခံရမည်။

(ခ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် စီးပွားရေးဆန်ဆန်ဆောင်ရွက်နိုင်ရေးနှင့် မိမိတို့၏ ငွေကြေးအင်အားအပေါ် မိမိတို့ရပ်တည်ဆောင်ရွက်ကြရမည်။

(ဂ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ၏ စုစုပေါင်းငွေအဝင်နှင့် အထွက်ကို စာရင်းပြုစုရန်အလို့ငှာ ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ဖော်ပြရမည်။

၂၄။ (က) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား(၉)နှင့် (၁၀)တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့်ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ(က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများက နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို သတ်မှတ်ပေးရမည်။

၂၅။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဇယား (၉) နှင့် (၁၀)တို့တွင် ဖော်ပြထားသော ရငွေများနှင့် သုံးငွေများကို လုပ်ငန်းအရလိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။ ထိုသို့ ရငွေများနှင့် သုံးငွေများ ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြသော ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ အမှန်စာရင်းများတွင် လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းများလုပ်ကိုင်ရန် ကနဦးရင်းနှီးမြှုပ်နှံငွေကို သတ်မှတ်ချက်နှင့်အညီထည့်ဝင်နိုင်သည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေများကို မြန်မာနိုင်ငံတော်ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအရ တည်ထောင်ထားသော ဘဏ်များမှ သတ်မှတ်ချက်များနှင့်အညီ ချေးယူနိုင်ရန် ငွေပမာဏကို သတ်မှတ်ပေးနိုင်သည်။

## အပိုင်း ၄
## အရေးပေါ်ရန်ပုံငွေ

၂၆။ (က) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့်ဦးစီးဌာနများ၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသည် ဇယား(၄)တွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ယှဉ်တွဲဖော်ပြထားသည့် အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို အောက်ပါစည်းကမ်းချက်များနှင့်အညီသာလျှင် ဆောင်ရွက်ခွင့်ရှိသည်-

(၁) ကြိုတင်မမျှော်မှန်းနိုင်သည့် ကိစ္စရပ်များနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသည့် ကိစ္စရပ်များအတွက် အသုံးစရိတ်ဖြစ်ခြင်း၊

(၂) ဘဏ္ဍာရေးနှစ်အတွင်း မသုံးစွဲလျှင်မဖြစ်သည့် အထူးကိစ္စရပ်ဖြစ်ခြင်း၊

(၃) တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများအရ ခေါင်းစဉ်လွှဲပြောင်းကျခံရန် မဖြစ်နိုင်ခြင်း သို့မဟုတ် ခေါင်းစဉ်လွှဲပြောင်းကျခံရန်အတွက် ရန်ပုံငွေမရှိခြင်း။

(ခ) ပုဒ်မခွဲ(က)အရ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရသာ ခွင့်ပြုရမည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြရမည်။

စာမျက်နှာ ၂၆ သို့

စာမျက်နှာ ၂၅ မှအဆက်

(ဃ) နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသည် ဇယား (၄) နှင့် (၁၄) တို့အရ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ဘဏ္ဍာရေးနှစ်အတွင်း ကြိုတင်မမျှော်မှန်းနိုင်သည့်ကိစ္စရပ်များနှင့် သဘာဝဘေး အန္တရာယ်ကြောင့် ဖြစ်ပေါ်လာသည့် ကိစ္စရပ်များအတွက် သာလျှင်ဆောင်ရွက်ခွင့်ရှိသည်။ ဤပုဒ်မခွဲပါ အရေးပေါ် ရန်ပုံငွေဟူသောစကားရပ်တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဌာနနှင့် ယှဉ်တွဲဖော်ပြပါ အရေးပေါ်ရန်ပုံငွေနှင့် သက်ဆိုင် ခြင်းမရှိစေရ။

(င) ပုဒ်မခွဲ(ဃ)အရ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို နေပြည်တော်ကောင်စီ အစည်းအဝေး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရသာ ခွင့်ပြုရမည်။

(စ) နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသည် ပုဒ်မခွဲ (ဃ) နှင့် (င) တို့အရ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲသည့် ကိစ္စရပ်များကို ကိစ္စ တစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ အနီးကပ်ဆုံး ကျင်းပသော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့ တင်ပြရမည်။

## အပိုင်း ၅
## တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ

၂၇။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့၏ ဘဏ္ဍာငွေ အပေါ်ရပ်တည်၍ လုပ်ငန်းများကို မိမိတို့၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၂၈။ (က) တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁၁)နှင့် (၁၂)တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေ တို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ(က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက် စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၂၉။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် တပ်မြို့စည်ပင်သာယာရေး အဖွဲ့များ၏ ဇယား(၁၁) နှင့် (၁၂) တို့တွင် ဖော်ပြထားသော ငွေများကို လုပ်ငန်းအရ လိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။ ထိုသို့ငွေများပြောင်း လဲခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင် စီသို့ တင်ပြသော ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ပြု ပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် တပ်မြို့စည်ပင်သာယာ ရေးအဖွဲ့များအား လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့် ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ၏ အတည်ပြုချက်ဖြင့် ရယူဆောင်ရွက် ခွင့်ပြုနိုင်သည်။

၃၀။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင် သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြု ထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## အပိုင်း ၆
## နေပြည်တော်ကောင်စီ

၃၁။ နေပြည်တော်ကောင်စီသည် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံ ငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ရမည်။ ထိုသို့ ဆောင်ရွက် ၍ရသော ရငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃၂။ (က) နေပြည်တော်ကောင်စီ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေး အပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား(၁၃)နှင့် (၁၄)တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက် စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၃၃။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နေပြည်တော်ကောင်စီ၏ ဇယား (၁၃) နှင့် (၁၄) တို့တွင် ဖော်ပြထားသောငွေများကို လုပ်ငန်း အရလိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရ အဖွဲ့ သည် ဤပုဒ်မပါ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီသို့ တင်ပြသော ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြု ပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန် နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

## အပိုင်း ၇
## နေပြည်တော်စည်ပင်သာယာရေးကော်မတီ

၃၄။ နေပြည်တော်စည်ပင်သာယာရေးကော်မတီသည် မိမိ၏ ဘဏ္ဍာငွေအပေါ်ရပ်တည်၍ လုပ်ငန်းများကို မိမိ၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ရမည်။

၃၅။ (က) နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီး သည် ဇယား(၁၅)နှင့် (၁၆)တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြ ထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ(က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက် စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၃၆။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် နေပြည်တော်စည်ပင် သာယာရေးကော်မတီ၏ ဇယား (၁၅) နှင့် (၁၆) တို့တွင် ဖော်ပြထားသောငွေများကို လုပ်ငန်းအရလိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေ နိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြသော ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာ ရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေ စာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲ ခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နေပြည်တော်စည်ပင်သာ ယာရေးကော်မတီအား လုပ်ငန်းလုပ်ကိုင်ရန်သော်လည်း ကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ် သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခွင့်ပြုနိုင်သည်။

၃၇။ နေပြည်တော်စည်ပင်သာယာရေးကော်မတီသည် မိမိနှင့် သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ အရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## အပိုင်း ၈
## မြန်မာနိုင်ငံတော်ဗဟိုဘဏ်

၃၈။ (က) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် မိမိ၏ဘဏ္ဍာငွေအပေါ် ရပ်တည်၍ မိမိ၏ ဘဏ္ဍာငွေ အစီအစဉ်ဖြင့် လုပ်ငန်းများ ကိုဆောင်ရွက်ရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အတည်ပြုချက်ရယူရမည်။

(ခ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေအဝင်နှင့်အထွက်ကို စာရင်းပြုစုရန်အလို့ငှာ ပြည်ထောင်စု၏ အရအသုံးခန့်မှန်း ခြေငွေစာရင်းတွင် ဖော်ပြရမည်။

၃၉။ (က) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား(၁၇) နှင့် (၁၈)တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ(က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက် စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄၀။ ပြည်ထောင်စုအစိုးရအဖွဲ့သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဇယား(၁၇) နှင့် (၁၈)တို့တွင် ဖော်ပြထားသော ရငွေများနှင့် သုံးငွေများကို လုပ်ငန်းအရ လိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရ အဖွဲ့သည် ဤပုဒ်မပါ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ် ဆောင်ရွက်စေနိုင်သည်။ ထိုသို့ ရငွေများနှင့် သုံးငွေများပြောင်းလဲခြင်းများနှင့် စပ်လျဉ်း၍ နိုင်ငံ တော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြသော ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ် သော ပြောင်းလဲခြင်းများနှင့် စပ်လျဉ်း၍ အမှန်စာရင်းများတွင် လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

၄၁။ (က) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ကုန်ဆုံးသည့်အခါ အသားတင်အမြတ်ငွေ၏ လေးဆယ်ရာခိုင်နှုန်း နှင့် ညီမျှသော ငွေပမာဏကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အထွေထွေသီးသန့်ငွေစာရင်းသို့ ပေးသွင်းပြီး၊ အသားတင် အမြတ်ငွေမှ ကျန်ရှိငွေကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ကိုင်ဆောင်ထားသော အစိုးရငွေချေးသက်သေခံလက်မှတ် များကို ရွေးယူရန် အသုံးပြုပြီးနောက် ကျန်ရှိသော အသား တင်အမြတ်လက်ကျန်ငွေကို နိုင်ငံတော်သို့ ထည့်ဝင်ရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို သတ်မှတ်ပေးရမည်။

(ဂ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေး နှစ်ကုန်ဆုံး၍ အရှုံးပေါ်ပေါက်ပါက အဆိုပါအရှုံးကို မြန်မာ နိုင်ငံတော်ဗဟိုဘဏ်၏ အထွေထွေသီးသန့်ငွေစာရင်းမှ ခုနှိမ်ရမည်။

(ဃ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် လိုအပ်ပါက နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုအစိုးရ အဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ ချေးငွေထုတ်ချေးနိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူး သက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# စစ်တွေ-တောင်ကုတ် အမြန်ရေယာဉ်ခရီးစဉ်ကို ဧပြီ ၇ ရက်မှစ၍ ပြေးဆွဲပေးသွားမည်




**စစ်တွေ ဧပြီ ၆**

ရခိုင်ပြည်နယ် စစ်တွေမြို့နယ်နှင့် တောင်ကုတ်မြို့နယ်ကြား ရေကြောင်းခရီးစဉ်ဖြစ်သည့် စစ်တွေ-တောင်ကုတ် အမြန်ရေယာဉ်ခရီးစဉ်ကို ဧပြီ ၇ ရက်မှ စတင်၍ အပတ်စဉ် သောကြာနှင့် စနေနေ့တိုင်း ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစံသာမောင်က ပြောပြ၍ သိရသည်။

အဆိုပါ စစ်တွေ-တောင်ကုတ် အမြန်ရေယာဉ်ခရီးစဉ်ကို ဧပြီ ၇ ရက် သောကြာနေ့မှစတင်ကာ စစ်တွေမှ တောင်ကုတ်သို့ ပြေးဆွဲမည်ဖြစ်ပြီး ဧပြီ ၈ ရက် စနေနေ့တွင် တောင်ကုတ်မှ စစ်တွေ အမြန်ရေယာဉ်ခရီးစဉ်ကို တောင်ကုတ်မြို့မှ ပြန်လည်ထွက်ခွာလာမည်ဖြစ်ကြောင်း၊ ၎င်းရေကြောင်းခရီးစဉ်ကို ကစ္ဆပနဒီ (၁)အမြန်ရေယာဉ်ဖြင့် ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"စစ်တွေ-တောင်ကုတ် အမြန်ရေယာဉ်ခရီးစဉ်ကို ကစ္ဆပနဒီ (၁) အမြန်ရေယာဉ်နဲ့ ပြေးဆွဲပေးမှာဖြစ်ပါတယ်။ သောကြာနေ့ဆို စစ်တွေကနေ တောင်ကုတ်ကိုထွက်မယ်။ စနေနေ့မှာ တောင်ကုတ်ကနေ စစ်တွေပြန်ထွက်မယ်။ အသွားအပြန် တစ်ပတ်၊နှစ်ရက်ပါ။စစ်တွေနဲ့ တောင်ကုတ် ရေလမ်းခရီးမှာ ကျောက်ဖြူနဲ့ မြေပုံမြို့တွေကို ဝင်ရောက်ဆိုက်ကပ်မှာဖြစ်ပါတယ်" ဟု ဦးစံသာမောင်က ပြောပြသည်။

ယခုပြေးဆွဲမည့် ခရီးစဉ်တွင် တောင်ကုတ်-စစ်တွေ ခရီးစဉ်အတွက် လက်မှတ်ခမှာ ခရီးသည်တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀၊ တောင်ကုတ်-ကျောက်ဖြူ ခရီးစဉ်အတွက် လူတစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀ နှင့် တောင်ကုတ်-မြေပုံ ခရီးစဉ်အတွက် ငွေကျပ် ၂၅၀၀၀ သတ်မှတ်ထားကြောင်း၊ ယခုပြေးဆွဲမည့်ရေယာဉ်သည် ခရီးသည် ဦးရေ ၁၃၀ ခန့်ဆံ့ကြောင်း သိရသည်။

တောင်ကုတ်မြို့သည် ရခိုင်ပြည်နယ်၏ အဓိက ဝင်ပေါက်၊ ထွက်ပေါက်မြို့ဖြစ်သဖြင့် ခရီးသွားလာသူများပြားပြီး စီးပွားရေးအရ အရေးပါသော မြို့တစ်မြို့ဖြစ်ကြောင်း သိရသည်။

ရခိုင်ကမ်းရိုးတန်းတွင် ကစ္ဆပနဒီ (၁)၊ ကစ္ဆပနဒီ(၂) နှင့် ကစ္ဆပနဒီ(၃) အမြန်ရေယာဉ်များဖြင့် စစ်တွေနှင့် ကျောက်ဖြူ၊ စစ်တွေနှင့်တောင်ကုတ်၊ တောင်ကုတ်-မာန်အောင်-တို့ကြား ပြေးဆွဲခဲ့သော်လည်း အချို့ခရီးစဉ်များမှာ ကိုဗစ်ကာလမှ စတင်ကာ ရပ်နားထားခြင်းဖြစ်ပြီး ယခုအခါပြန်လည်ပြေးဆွဲပေးနေကြောင်း သိရသည်။ ASH

# စလင်းမြို့နယ် ထနောင်းကုန်းကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းနိုင်ရေး စစ်ဆေး

**စလင်း ဧပြီ ၆**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆိပ်ကြီးကျေးရွာအုပ်စု ထနောင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် မြေနီကျောက်စရစ်လမ်းခင်းနိုင်ရေး လက်ရှိမြေပြင်အခြေအနေများကို ဧပြီ ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ထနောင်းကုန်းကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ကျေးရွာတွင်းလမ်းမြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် လုပ်သားအင်အားရရှိနိုင်မှု၊ လမ်းဘေးရေမြောင်းဖော်ရမည့်နေရာများ၊ ရရှိနိုင်သည့် လမ်းအရှည်ပေနှင့် အကျယ်ပေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထနောင်းကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည် ပေ ၃၂၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၇ ဒသမ ၁၅ သိန်း အသုံးပြု၍ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အနီးကပ်ကြီးကြပ်မှုနှင့်အတူ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင်စီမံခန့်ခွဲ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြ၍ သိရသည်။ **သန်းသန်းစိုး**

**ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့**

# စနေနေ့ညမှာကစားမဲ့ပွဲစဉ်တွေထဲက တိုက်စစ်ကစားပုံထက်မြက်နေတဲ့ ဝက်စ်ဟမ်း၊ ဒေါ့မွန်၊ ဆိုစီဒက်အသင်းတို့ကို အားပေးရမှာပါ

M L



လက်ရှိ ဥရောပအမှတ်ပေးပြိုင်ပွဲတွေဟာ ဘောလုံးရာသီပြီးဆုံးဖို့ ပွဲစဉ် ၁၀ ပွဲလောက်ပဲကျန်ရှိတော့တာကြောင့် ပြိုင်ပွဲတိုင်းအကြိတ်အနယ်ရှိလာတာကိုတွေ့ရမှာပါ။ ဒါ့ပြင် အသင်းငယ်တွေဟာလဲ အသင်းကြီးတွေကိုဖောင်ဖျက်ကစားပြီး နိုင်ပွဲရယူလာတာတွေလဲရှိနေတာဖြစ်ပါတယ်။ ကြားရက်မှာတော့ ပရီးမီးယားလိဂ်ကလက်ကျန်ပွဲစဉ်တွေနဲ့ အခြားပြိုင်ပွဲတွေကဖလားပွဲတွေ ကစားရတဲ့အသင်းတွေပဲ ပွဲပန်းမှုရှိနေတာဖြစ်ပြီး ကျန်အသင်းတွေကတော့ အနားရထားတာကိုတွေ့ရမှာပါ။ ဒါကြောင့် စနေနေ့ညမှာကစားမဲ့ ပွဲစဉ်တွေထဲက ကစားသမားအလှည့်ကျအသုံးပြုပြီး တိုက်စစ်ပိုင်းထက်မြက်နေတဲ့ အသင်းတွေကိုပဲ အားပေးရမှာဖြစ်ပါတယ်။

## ဝက်စ်ဟမ်းကို ရွေးချယ်ရမှာပါ

စနေနေ့ညမှာကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ ဥရောပဝင်ခွင့်အတွက် မျှော်လင့်ချက်ရှိနေတဲ့ ဖူလ်ဟမ်နဲ့ တန်းဆင်းဇုန်ကလွတ်မြောက်ဖို့ ရုန်းကန်နေရတဲ့ ဝက်စ်ဟမ်းအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဖူလ်ဟမ်အသင်းဟာအခုရာသီမှ တန်းတက်လာခဲ့ပေမဲ့ အသင်းလိုက်စုဖွဲ့မှုနဲ့ တိုက်စစ်ကစားပုံထက်မြက်မှုတွေကြောင့် အမှတ်ပေးပွဲ ၂၈ ပွဲအပြီးမှာ ရမှတ် ၃၉ မှတ်နဲ့ အဆင့်(၁၀) မှာရပ်တည်နိုင်ခဲ့တာဖြစ်ပါတယ်။ လက်ရှိသူတို့အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံငါးပွဲမှာ တစ်ပွဲပဲအနိုင်ရခဲ့ပြီး လေးပွဲရှုံးခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်တွေမှာလဲခံစစ်ပိုင်းအားနည်းချက်ကြောင့်သာရှုံးနိမ့်ခဲ့ပြီး ကွင်းလယ်နဲ့ တိုက်စစ်ပိုင်းကတော့ ပုံမှန်ခြေစွမ်းပြသနိုင်ခဲ့တာကိုတွေ့ရမှာပါ။ မစ်ထရိုဗစ်က အမှတ်ပေးပြိုင်ပွဲမှာ သွင်းဂိုး ၁၁ ဂိုးထိသွင်းယူပြီး ဂိုးသွင်းအများဆုံး ကစားသမားအဖြစ်ရပ်တည်နိုင်ပေမဲ့ အက်ဖ်အေဖလားပြိုင်ပွဲမှာ ကွင်းလယ်ဒိုင်ကို စောဒကတက်ခဲ့လို့ ရှစ်ပွဲထိ ပြစ်ဒဏ်ချမှတ်ခံရတာကြောင့် အခုပွဲစဉ်မှာလဲပါဝင်နိုင်မှာမဟုတ်ပါဘူး။ ဒါကြောင့် ဖူလ်ဟမ်အသင်းအနေနဲ့ ခံစစ်၊ တိုက်စစ်အားနည်းချက်ရှိနေချိန်မှာ တန်းဆင်းဇုန်ဖိအားရှိနေတဲ့ ဝက်စ်ဟမ်းကို နိုင်ပွဲရှာဖို့ခက်ခဲမှာ သေချာပါတယ်။

ဝက်စ်ဟမ်းအသင်းဟာ နည်းပြမိုယက်စ်လက်ထက်မှာ ပုံစံကောင်းရရှိခဲ့ပေမဲ့ အခုရာသီအမှတ်ပေးပြိုင်ပွဲမှာတော့ တန်းဆင်းဇုန်ကလွတ်မြောက်ဖို့ ရုန်းကန်နေရတာကိုတွေ့ရမှာပါ။ သူတို့အသင်းအနေနဲ့ အခုရာသီအပြောင်းအရွှေ့ကာလမှာ အဓိကကစားသမားခေါ်ယူမှုပြုလုပ်ခဲ့ပေမဲ့ အဲဒီကစားသမားတွေ ဒဏ်ရာကြောင့် မပါနိုင်တဲ့ပွဲတွေမှာကစားကွက်ပိုင်း အားနည်းချက်ဖြစ်ခဲ့ပြီး ရလဒ်ပိုင်းဆိုးရွားခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ သူတို့အသင်းဟာ ယူရိုပါကွန်ဖရင့်လိဂ်ပြိုင်ပွဲမှာတော့ ကွာတားဖိုင်နယ်ထိတက်ရောက်ခဲ့ပြီး ခြေစွမ်းပြသနိုင်ခဲ့တာကိုတွေ့ရမှာပါ။ အခုပွဲစဉ်ဟာလဲ သူတို့အသင်းအတွက် အဝေးကွင်းဖြစ်ပေမဲ့ တန်းဆင်းဇုန်ကလွတ်မြောက်ဖို့ မဖြစ်မနေနိုင်ပွဲရှာရမဲ့အချိန်ဖြစ်နေတာကြောင့် ဗိုလ်လုပွဲတစ်ပွဲလိုကစားလာမှာ သေချာပါတယ်။ ဒါ့ပြင် အသင်းရဲ့ အဓိက ကစားသမားအားလုံးပြန်လည်ပါဝင်လာမှာဖြစ်သလို တိုက်စစ်မှူး စကာမက်ကာတစ်ယောက်ပဲ လွဲချော်မှာဖြစ်တာကြောင့် အသင်းကစားကွက်ပိုင်း ထက်မြက်လာမှာ သေချာပါတယ်။ လက်ရှိ ဝက်စ်ဟမ်းအသင်းအနေနဲ့ ပုံစံကောင်းရချိန်မှာ နောက်ဆုံလေးပွဲဆက်ရှုံးနိမ့်ပြီး ခြေစွမ်းကျဆင်းနေတဲ့ ဖူလ်ဟမ်အသင်းနဲ့တွေ့ဆုံနေတာကြောင့် ညီသည်ဝက်စ်ဟမ်းကိုပဲ ရွေးချယ်ရမှာပါ။

### ဖူလ်ဟမ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဖူလ်ဟမ် | ၂ | - | ၀ | လိဒ် |
| ဘရန့်ဖို့ဒ် | ၃ | - | ၂ | ဖူလ်ဟမ် |
| ဖူလ်ဟမ် | ၀ | - | ၃ | အာဆင်နယ် |
| မန်ယူ | ၃ | - | ၁ | ဖူလ်ဟမ် |
| ဘုန်းမောက် | ၂ | - | ၁ | ဖူလ်ဟမ် |

### ဝက်စ်ဟမ်းအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| လာနာကာ | ၀ | - | ၂ | ဝက်စ်ဟမ်း |
| ဝက်စ်ဟမ်း | ၁ | - | ၁ | အေဗီလာ |
| ဝက်စ်ဟမ်း | ၄ | - | ၀ | လာနာကာ |
| ဝက်စ်ဟမ်း | ၁ | - | ၀ | ဆောက်သမ်တန် |
| ဝက်စ်ဟမ်း | ၁ | - | ၅ | နယူးကာဆယ် |

## ဒေါ့မွန်ကို အားပေးရမှာပါ

စနေနေ့ညမှာကစားမဲ့ ဘွန်ဒက်လီဂါပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ ဒေါ့မွန်အသင်းနဲ့ ယူနီယံဘာလင်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဒေါ့မွန်အသင်းဟာ ကြားရက်က ကစားခဲ့တဲ့ပိုကယ်ဖလားကွာတားဖိုင်နယ်ပွဲစဉ်မှာ လိုက်ပ်ဇစ်ကို နှစ်ဂိုးပြတ်ရှုံးနိမ့်ခဲ့ပြီး ပြိုင်ပွဲကထွက်ခွာခဲ့ရတာကြောင့် အမှတ်ပေးပြိုင်ပွဲပဲ အာရုံစိုက်ရတော့မှာပါ။ ဒါ့ပြင် ဇယားထိပ်ကဘိုင်ယန်မြူးနစ်နဲ့လဲ ရမှတ် နှစ်မှတ်ပဲကွာဟလို့ ချန်ပီယံဆုရယူနိုင်ဖို့ အခွင့်အရေးကောင်းတွေ ပိုင်ဆိုင်နေတာကြောင့် အမှတ်ပေးပွဲစဉ်တွေကိုရလဒ်ကောင်းဖို့ ကြိုးပမ်းနေတာလဲ ဖြစ်ပါတယ်။ သူတို့အသင်းအနေနဲ့ နောက်ဆုံးအမှတ်ပေးပွဲမှာ ဘိုင်ယန်မြူးနစ်ကို လေးဂိုးနှစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့တာကြောင့် ရမှတ်လျော့နည်းသွားပေမဲ့ ချန်ပီယံမျှော်လင့်ချက်တော့ ရှိနေဆဲဖြစ်ပါတယ်။ ဒါပေမဲ့ ဒေါ့မွန်အသင်းဟာ အိမ်ကွင်းကစားပုံကောင်းတဲ့ အသင်းဖြစ်ပြီး လက်ရှိ အမှတ်ပေးပွဲ အိမ်ကွင်း ၁၂ ပွဲမှာ ၁၀ ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ပဲ ထွက်ပေါ်ခဲ့တာကို သတိပြုရမှာပါ။ ဒါကြောင့် အခုပြိုင်ပွဲရဲ့ အိမ်ကွင်းအကောင်းဆုံး အသင်းမှာပါဝင်တဲ့ ဒေါ့မွန်အနေနဲ့ အခုပွဲစဉ်ဟာ မဖြစ်မနေနိုင်ပွဲရှာရမှာဖြစ်သလို တိုက်စစ်ပိုင်းမှာလဲ ဟော်လာကလွဲရင် ကျန်ကစားသမားတွေ ပါဝင်နိုင်မှာဖြစ်လို့ ကစားအားကျဆင်းသွားမှာ မဟုတ်ပါဘူး။ သူတို့ နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု ၁၀ ကြိမ်မှာလဲ ဒေါ့မွန်က တစ်ကြိမ်ပဲရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။

ယူနီယံဘာလင်အသင်းကလဲ အခုပြိုင်ပွဲမှာ ခြေစွမ်းပိုင်းတည်ငြိမ်နေတဲ့ အသင်းတွေထဲမှာပါဝင်နေပေမဲ့ အဝေးကွင်းကစားပုံတော့ တည်ငြိမ်ခြင်း မရှိသေးပါဘူး။ ဒါကြောင့် ယူနီယံဘာလင်ကလဲ ချန်ပီယံမျှော်လင့်ခွင့်ရှိနေတာဖြစ်ပါတယ်။ ဒါပေမဲ့ သူတို့အသင်းဟာ အခုနှစ် အပြောင်းအရွှေ့မှာ အဓိကကစားသမားခေါ်ယူမှုတွေ ပြုလုပ်နိုင်ခြင်းမရှိဘဲ နည်းပြ ဖစ်ရှာရဲ့ နည်းစနစ်ပိုင်းကြောင့်သာ အသင်းလိုက် ကစားပုံကောင်းနေတာကို သတိပြုရမှာပါ။ သူတို့အသင်းအနေနဲ့ အခုနှစ် ယူရိုပါလိဂ်ပြိုင်ပွဲကစားခဲ့ရပေမဲ့ ကစားသမားအင်အားနည်းပါးတာကြောင့် ပြိုင်ပွဲက စောစီးစွာထွက်ခွာခဲ့ရသလို ပွဲဆက်တွေများနေတာကြောင့် အမှတ်ပေးပွဲမှာလဲ ရလဒ်ကျဆင်းသွားခဲ့တာကို တွေ့ရမှာပါ။ အထူးသဖြင့် အဝေးကွင်းတွေမှာ ရုန်းကန်ခဲ့ရပြီး နောက်ဆုံးကစားခဲ့တဲ့ပြိုင်ပွဲစုံ အဝေးကွင်းငါးပွဲမှာ နိုင်ပွဲမရခဲ့တာကိုတွေ့ရမှာပါ။ နည်းပြ ဖစ်ရှာကတော့ အဝေးကွင်းတွေမှာ ၃-၅-၂ ကစားကွက်နဲ့ ခံစစ်ကိုအသားပေးကစားခဲ့တာကြောင့် တိုက်စစ်ပိုင်းဂိုးရဖို့ ခက်ခဲသွားပြီး ခံစစ်ကဂိုးပေးရချိန်မှာ ရလဒ်ကောင်းဖို့ရုန်းကန်ခဲ့ရတာဖြစ်ပါတယ်။ လက်ရှိမှာ ဂိုးသမားရွှန်နောင်းနဲ့ ကွင်းလယ်ကစားသမား ရာဖာတို့ကလွဲရင် ကျန်ကစားသမားတွေပါနိုင်မှာဖြစ်ပေမဲ့ အိမ်ကွင်းကစားပုံကောင်းတဲ့ ဒေါ့မွန်ကိုတော့ ကျော်ဖြတ်ဖို့ခက်ခဲမှာပါ။ ဒါ့ပြင် ရှုံးပွဲဆက်နေတဲ့ ဒေါ့မွန်ကလဲအခုအိမ်ကွင်းပွဲစဉ်မှာ နိုင်ပွဲရှာရမှာဖြစ်လို့ တိုက်စစ်မြှင့်တင်လာနိုင်တာကြောင့် ခံစစ်အသားပေးကစားတဲ့ ယူနီယံဘာလင် ခံစစ်ပိုင်းထိန်းချုပ်ဖို့ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် အိမ်ကွင်းနိုင်ပွဲရှာရမဲ့ ဒေါ့မွန်အသင်းကိုပဲ အားပေးရမှာပါ။

### ဒေါ့မွန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ချဲလ်ဆီး | ၂ | - | ၀ | ဒေါ့မွန် |
| ရှော်လ်ကေး | ၂ | - | ၂ | ဒေါ့မွန် |
| ဒေါ့မွန် | ၆ | - | ၁ | ကိုလုံး |
| ဘိုင်ယန်မြူးနစ် | ၆ | - | ၁ | ဒေါ့မွန် |
| လိုက်ပ်ဇစ် | ၂ | - | ၀ | ဒေါ့မွန် |

### ယူနီယံဘာလင်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဝုဖ်ဘတ် | ၁ | - | ၁ | ယူနီယံဘာလင် |
| စိန့်ဂျီလိုစီ | ၃ | - | ၀ | ယူနီယံဘာလင် |
| ယူနီယံဘာလင် | ၂ | - | ၀ | ဖရန့်ဖတ် |
| ယူနီယံဘာလင် | ၃ | - | ၀ | စတုဂတ် |
| ဖရန့်ဖတ် | ၂ | - | ၀ | ယူနီယံဘာလင် |

## ဆိုစီဒက်နဲ့ လက်တွဲရမှာပါ

စနေနေ့ညမှာကစားမဲ့ လာလီဂါပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ ဆိုစီဒက်နဲ့ ဂီတာဖေးအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဆိုစီဒက်အသင်းဟာ ပြီးခဲ့တဲ့ပွဲမှာ ဗီလာရီးရဲလ်နဲ့ကစားခဲ့ရပြီး နှစ်ဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့တာကြောင့် ချန်ပီယံလိဂ်ဝင်ခွင့်သေချာဖို့ အခုပွဲစဉ်မှာ နိုင်ပွဲရှာရမှာပါ။ သူတို့အသင်းဟာ လက်ရှိ အမှတ်ပေးဇယားမှာရမှတ် ၄၈ မှတ်နဲ့ အဆင့်(၄)မှာရပ်တည်နေပေမဲ့ အဆင့်(၅)ဘက်တစ်နဲ့ ရမှတ်သုံးမှတ်၊ အဆင့်(၆)က ဗီလာရီးရဲလ်နဲ့ ရမှတ်လေးမှတ်ပဲ ကွာဟနေတာကြောင့် ချန်ပီယံလိဂ်ဝင်ခွင့်အတွက် လက်ကျန်ပွဲတွေကို အမှားခံလို့မရတော့ပါဘူး။ လက်ရှိမှာလဲ နောက်ဆုံး အိမ်ကွင်းသုံးပွဲမှာ ပေးဂိုးမရှိဘဲ တစ်ပွဲနိုင်၊ နှစ်ပွဲသရေကစားနိုင်ပါတယ်။ သူတို့အသင်းရဲ့ တိုက်စစ်ပိုင်းမှာ ဆိုးလော့က ခြေစွမ်းပြနေပြီး သွင်းဂိုး ကိုးဂိုးထိ သွင်းယူနိုင်ခဲ့တာကိုတွေ့ရမှာပါ။ အခုပွဲစဉ်မှာလဲ ဆိုးလော့၊ ကူဘို၊ ဆေးဗားတို့ရဲ့အတွဲကို ဂီတာဖေးအသင်းမတားဆီးနိုင်ရင်တော့ ဂိုးပြတ်ရှုံးနိမ့်ဖို့များပါတယ်။

ဂီတာဖေးအသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့ပြီး ခြေစွမ်းပိုင်း ပြန်လည်ကောင်းမွန်လာတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ တန်းဆင်းဇုန်ဖိအားကြောင့် နောက်ပိုင်းမှာ အေတီကို၊ ဘီလ်ဘာအိုတို့လိုအသင်းတွေကို ရမှတ်ခွဲယူပြီး ဆီဗီလာကို အနိုင်ကစားနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အမှတ်ပေးပွဲ ၂၇ ပွဲအပြီးမှာ ရမှတ် ၃၀ နဲ့ တန်းဆင်းဇုန်ကလွတ်မြောက်ခဲ့ပြီး အဆင့် (၁၄) ကိုတက်ရောက်နိုင်ခဲ့တာတွေ့ရမှာပါ။ လက်ရှိမှာ အူနယ်လ်ကသွင်းဂိုး ၁၃ ဂိုးနဲ့ သူတို့အသင်းရဲ့ ဂိုးသွင်းအများဆုံးကစားသမားအဖြစ်ရပ်တည်နေပေမဲ့ အဝေးကွင်းမှာတော့ ဂိုးရဖို့ ရုန်းကန်နေရတာဖြစ်ပါတယ်။ ဒါ့ပြင် အခုပြိုင်ပွဲမှာဂီတာဖေးရဲ့ အဝေးကွင်းစွမ်းဆောင်ရည်က သာမန်အဆင့်ပဲရှိသလို ၁၃ ပွဲမှာ နှစ်ပွဲပဲအနိုင်ရခဲ့တာကိုတွေ့ရမှာပါ။ လက်ရှိ သူတို့နှစ်သင်းရဲ့ကစားသမားစုဖွဲ့မှုမှာ ဆိုစီဒက်ကသာနေတဲ့အပြင် ထိပ်တိုက်တွေ့ဆုံမှုမှာလဲ နောက်ဆုံးငါးကြိမ်မှာ ဂီတာဖေးကတစ်ပွဲပဲ အနိုင်ရခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အဘက်ဘက်ကသာလွန်နေတဲ့ ဆိုစီဒက်အသင်းအိမ်ကွင်းအားနဲ့ နိုင်ပွဲရှာရမှာဖြစ်လို့ အိမ်ရှင်နဲ့ပဲ လက်တွဲရမှာပါ။

### ဆိုစီဒက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ရိုးမား | ၂ | - | ၀ | ဆိုစီဒက် |
| မာယော့ကာ | ၁ | - | ၁ | ဆိုစီဒက် |
| ဆိုစီဒက် | ၀ | - | ၀ | ရိုးမား |
| ဆိုစီဒက် | ၂ | - | ၀ | အယ်ချီ |
| ဗီလာရီးရဲလ် | ၂ | - | ၀ | ဆိုစီဒက် |

### ဂီတာဖေးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဗီလာရီးရဲလ် | ၂ | - | ၁ | ဂီတာဖေး |
| ဂီတာဖေး | ၃ | - | ၂ | ဂျီရိုနာ |
| ကာဒီဇက် | ၂ | - | ၂ | ဂီတာဖေး |
| ဂီတာဖေး | ၂ | - | ၀ | ဆီဗီလာ |
| ဘီလ်ဘာအို | ၀ | - | ၀ | ဂီတာဖေး |

ခရီးသွားဆောင်းပါး

# သီပေါဟော်နှင့် ဂုတ်တွင်းလမ်း

သက်နိုင်(ပြင်ဦးလွင်)

လောက်ကိုင်မြို့ကအပြန် ကွမ်းလုံမြို့ကိုရောက်တော့ မနက် ၇ နာရီကျော်ပဲရှိနေပါသေးတယ်။ ဒါပေမဲ့ ကွမ်းလုံမြို့က အလွန်စည်ကားနေပါပြီ။ မြို့ကျဉ်းကျဉ်း၊ လမ်းကျဉ်းကျဉ်းတွေပေါ်မှာ ကားကြီး၊ ကားငယ်တွေ၊ ဆိုင်ကယ်တွေ၊ လမ်းသွားလမ်းလာ မြို့သူမြို့သားတွေအပြင် စီတန်းပြီး ဆွမ်းခံကြွလာကြတဲ့ ရဟန်း၊ သံဃာတော်တွေကို စိတ်ကြည်နူးသပွယ်စွာ ဖူးမြော်မြင်တွေ့နေရတယ်။ ဆွမ်းလောင်းနေကြသူ အများအပြားကို တွေ့မြင်နေရတာကြောင့် မနက်စောစော မင်္ဂလာရှိတဲ့မြင်ကွင်းတစ်ခုဆိုရင်မမှားပါဘူး။

ကွမ်းလုံမြို့မှာ လက်ဖက်ရည်သောက် မုန့်စားရင်း ခဏတာနားကြရမှာမို့ ကားရပ်လို့လဲအဆင်ပြေ၊ စားလို့သောက်လို့ကောင်းနိုင်တဲ့ဆိုင်တစ်ဆိုင်ရွေးချယ်ခဲ့ပြီး ဆိုင်ထဲကို ဝင်လာခဲ့ကြတယ်။ ဆိုင်က လက်ဖက်ရည်ဆိုင်ကြီးတစ်ဆိုင်ဖြစ်နေပေမဲ့ ရှမ်းခေါက်ဆွဲလဲရလို့ ခရီးဖော်တွေအားလုံးက မိမိတို့ကြိုက်နှစ်သက်တဲ့ ရှမ်းခေါက်ဆွဲ အမျိုးအစားတွေကို ရွေးချယ်ပြီး တစ်ပွဲစီမှာယူနေကြတယ်။ မိမိအနေနဲ့ကတော့ ကျောင်းနေဖက် ရှမ်းတိုင်းရင်းသားသူငယ်ချင်းတွေ ပြောပြထားတဲ့စကားကို ပြန်လည်ကြားယောင်လာပြီး တိုဟူးနွေးတစ်ပွဲမှာယူထားလိုက်တယ်။ "ရှမ်းပြည်နယ်ကို ရောက်လို့ ရှမ်းခေါက်ဆွဲစားမယ်ဆိုရင် တိုဟူးနွေးကို အရင်မှာစား သူငယ်ချင်း။ တိုဟူးအရသာ၊ ခေါက်ဆွဲအရသာနှစ်မျိုးစလုံးကောင်းနေရင် အဲဒီဆိုင်မှာ ဘာစားစား ကောင်းပြီလို့သာ မှတ်လိုက်တော့"ဆိုတဲ့ စကားပါ။ ခရီးဖော်တွေကို ရှမ်းခေါက်ဆွဲစားလို့ ကောင်းလားမေးကြည့်တော့ အားလုံးက အရသာရှိပြီး အလွန်စားကောင်းတယ်လို့ဆိုကြတယ်။ မိမိစားနေတဲ့ တိုဟူးနွေးကလဲ စားကောင်းနေတာကြောင့် ဒီဆိုင်မှာ ဘာစားစား အဆင်ပြေပြေနဲ့ကောင်းနေပြီဆိုတာကို ယုံကြည်လိုက်ရပါပြီ။

ခေါက်ဆွဲစား၊ လက်ဖက်ရည်သောက်ပြီးတာနဲ့ ပိုလာခဲ့တဲ့ တရုတ်ယွမ်ငွေတွေကို မြန်မာကျပ်ငွေတွေနဲ့ ပြန်လည်လဲယူကြရတယ်။ ငွေလဲပြီးကြတာနဲ့ လားရှိုးမြို့ရှိရာကို ခရီးဆက်ခဲ့ကြတယ်။ လမ်းမှာကြားမြို့တစ်မြို့ဖြစ်တဲ့ သိန်နီမြို့ကို မဝင်ခဲ့ကြတော့ဘဲ မြို့အဝင်၊ မြို့အထွက် ဆိုင်းဘုတ်နေရာတွေမှာသာ မှတ်တမ်းဓာတ်ပုံတွေ ရိုက်ယူခဲ့ကြတယ်။

လားရှိုးကိုရောက်တော့ နေ့လယ်ထမင်းစားချိန်ဖြစ်နေပါပြီ။ ခရီးဖော်တွေကို ဘုရားအရင်ဖူးမလား၊ ထမင်းအရင်စားမလား မေးကြည့်တော့ ဘုရားအရင်ဖူးကြမယ်ဆိုတာကြောင့် နာမည်ကျော် မန်ဆူကျောင်းတိုက်အတွင်းကို ကားမောင်းပြီး ဝင်ရောက်သွားလိုက်တယ်။ ကျောင်းတိုက်အတွင်းမှာရှိတဲ့ ဘုရား၊ စေတီတွေနဲ့အတူ ဆရာတော်ကို ဖူးမြော်ကန်တော့ပြီးတာနဲ့ မုန့်တံတားပေါ်မှာ လမ်းလျှောက်ဓာတ်ပုံတွေရိုက်ကြရတယ်။ မုန့်တံတားက သာမန်တံတားမျိုးမဟုတ်ဘဲ ဝက်ပါမုန့်တံတားကြီးပါ။ လားရှိုးမြို့နဲ့ မန်ဆူကျောင်းတိုက်ထဲကို မကြာခဏရောက်ဖူးနေပေမဲ့ အသစ်တည်ဆောက်ထားတဲ့ မုန့်တံတားရှိရာကို အခုမှ ရောက်ရှိရတော့တယ်။ မန်ဆူကျောင်းတိုက်ထဲကနေ ထွက်လာပြီးတာနဲ့ အနီးအနားမှာရှိနေတဲ့ မန်ဆူဘုရားကုန်းပေါ်ကို တောင်တက်ကားလမ်းအတိုင်း တက်ရောက်လာခဲ့တယ်။ ဘုရားကုန်းတော်က မြင့်မြင့်မားမား မဟုတ်ပေမဲ့ လားရှိုးမြို့ရှုခင်းတချို့ကို မြင်တွေ့နေရလို့ ဘုရားကန်တော့ပြီးတာနဲ့ ရှုခင်းတွေကို ကြည့်ကြရတယ်။

မန်ဆူဘုရားကနေ မြို့မစည်ပင်သာယာဈေးကြီးကို သွားတဲ့အခါ ကားတွေပိတ်ပြီး ယာဉ်ကြောကျပ်နေလို့ ဈေးထဲကို မဝင်ကြတော့ဘဲ ဈေးနဲ့ခပ်လှမ်းလှမ်း တစ်နေရာမှာ ကားရပ်ပြီး ဈေးအပြင်တန်းနေရာတချို့ကိုသာ လှည့်လည်ကြည့်ရှုခဲ့ကြရတယ်။ နေ့လယ်စာထမင်းကိုလဲ ဈေးအပြင်တန်းမှာ လမ်းလျှောက်ကြရင်းနဲ့ နီးစပ်ရာစားသောက်ဆိုင်တစ်ဆိုင်မှာ ဝင်ရောက်စားသောက်လိုက်ကြတယ်။ ဆိုင်ထဲကို ဝင်ပြီး ဟင်းတွေကိုတစ်ယောက်တစ်မျိုး မှာနေရင် အချိန်ကြာမှာစိုးတာကြောင့် ထမင်းပေါင်းတွေကိုပဲ မှာယူလိုက်တာ ထမင်းပေါင်းက ထူးထူးခြားခြားနဲ့စားလို့ ကောင်းနေတယ်။ စားနေကျမဟုတ်ဘဲ တစ်ခါတစ်ရံ မှသာ စားကြရတဲ့ထမင်းပေါင်းက လက်ရာကောင်းရင် ကောင်းသလို စားကောင်းသွားတတ်ပါတယ်။

စားသောက်ပြီးကြလို့ လားရှိုးမြို့ကနေ ပြန်ထွက်မယ်အလုပ်မှာ သူငယ်ချင်း ကိုသိန်းဝင်းက ရေပူစမ်းကို မရောက်ဖူးသေးလို့ လိုက်ပို့ပေးပါ။ ရေပူစမ်းမှာ ရေလဲချိုးချင်တယ်ဆိုတာကြောင့် ခေါင်းနားပန်းကြီး သွားခဲ့ရတယ်။ ရေပူစမ်းက လားရှိုးမြို့အတွက် အဝေး



ကြီးမှာကျန်နေခဲ့ပါပြီ။ ဒါကြောင့်မို့လဲ သူငယ်ချင်း ကိုသိန်းဝင်းကို ရေပူစမ်းက ကျန်နေရစ်ခဲ့ပြီဖြစ်ကြောင်း၊ နောက်ပြန်လှည့်ဖို့အဆင်မပြေတော့ကြောင်း ပြောပြတဲ့အခါ ရေပူစမ်းမှာ ရေချိုးချင်တယ်ဆိုပြီး ကလေးဆိုးတစ်ယောက်လို အတင်းအကျပ်ပူဆာနေလို့ သီပေါမြို့အကျော်မှာ ရေပူစမ်းတွေရှိတယ်။ အဲဒီရောက်မှချိုးပါ။ လိုက်ပို့ပေးပါ့မယ် ချောမော့ ပြောဆိုပြီး လားရှိုးကနေ ကားကိုမြန်မြန်မောင်းထွက်လာခဲ့ရတယ်။

သီပေါမြို့ဝင်ခါနီး နမ့်လန်-လွိုင်လင်လမ်းခွဲရောက်တဲ့အခါ သီပေါမြို့ခံစာရေးဆရာ သီပေါကိုလတ်ကို ဖုန်းနဲ့ဆက်သွယ်ရတယ်။ အကြောင်းရင်းက သီပေါဟော်ကိုဝင်ရောက်လေ့လာကြဖို့အတွက်ပါ။ ဆရာသီပေါကိုလတ်ကလဲ လာခဲ့ကြပါ။ ဟော်ရှေ့မှာ ကြိုတင်စောင့်ဆိုင်းနေပါ့မယ်ဆိုလို့သွားခဲ့ရတယ်။ သီပေါဟော်က ကိုဗစ်-၁၉ ကာလကတည်းက အရင်လို ဧည့်သည်တွေဝင်ခွင့်မပေးတော့ဘဲ ကြိုတင်အကြောင်းကြားထားရတာမျိုးတွေ၊ ဟော်နဲ့နီးစပ်တဲ့ မြို့ခံတွေကနေတစ်ဆင့် ဝင်ရောက်နေရတာမျိုးတွေဖြစ်နေပြီး လွယ်လွယ်ကူကူ ဝင်ရောက်လေ့လာကြဖို့မဖြစ်နိုင်တော့ပါဘူး။ သီပေါမြို့အဝင် ဒုဋ္ဌဝတီမြစ်ကိုရောက်တဲ့အခါ သူငယ်ချင်းကိုသိန်းဝင်းကို ဒုဋ္ဌဝတီမြစ်ထဲမှာ ရေချိုးမလား၊ မြစ်ရေက ကြည်လင်အေးစိမ့်နေတာပဲ၊ ရေတိမ်ပြီးချိုးလို့လဲ ကောင်းတယ်ဆိုပြီး စည်းရုံးပြောဆိုပေမဲ့ မြစ်ရေမချိုးချင်ဘူး။ ရေပူစမ်းမှာပဲ ချိုးချင်တယ်ဆိုတာကြောင့် စည်းရုံးပြောဆိုတာကို လက်လျှော့လိုက်ရတော့တယ်။ အချိန်က မွန်းလွဲ ၂ နာရီကျော်ရှိနေပြီဖြစ်ပြီး သီပေါဟော်ကို ဝင်ရောက်လေ့လာကြမှာရယ်၊ သီပေါမြို့အကျော်မှာရှိနေတဲ့ ရွာအတွင်းထဲထိ ရေပူစမ်းရှိရာနေရာကို ဝင်ရောက်ရေချိုးကြရမှာရယ်၊ ပြင်ဦးလွင်မြို့ကို အချိန်မီရောက်အောင် မောင်းနှင်ရအုံးမှာရယ် စတာတွေကြောင့် နီးနီးနားနားမှာ လွယ်လွယ်ကူကူ ရေချိုးနိုင်ပြီး အချိန်ကုန်သက်သာအောင် စည်းရုံးစီမံခဲ့ပေမဲ့ ဘယ်လိုမှမရတော့ပါဘူး။ ငွတ်တရွတ်နိုင်တဲ့ သူငယ်ချင်းရဲ့ဆန္ဒကို လိုက်လျောပြီး ရေပူစမ်းရှိရာကို မဖြစ်ဖြစ်အောင် ဝင်ပေးရပါတော့မယ်။

သီပေါမြို့ကိုရောက်ရှိပြီး ဟော်ကိုသွားကြတဲ့အခါ ဆရာသီပေါကိုလတ်က အဆင်သင့်စောင့်ဆိုင်းနေတယ်။ ဟော်ထဲမှာ အခြားဧည့်သည်တွေလုံးဝမရှိဘဲ မိမိတို့အဖွဲ့ကားမောင်းဝင်သွားပြီးတာနဲ့ ဟော်တံခါးကို သော့ခတ်ပြန်ပိတ်လိုက်တာကို သတိထားမိလိုက်တယ်။ ဟော်ရဲ့သမိုင်းကြောင်းတွေကိုတော့ သီပေါမြို့သမိုင်းနဲ့ သီပေါဟော်သမိုင်းတွေ အများအပြားရေးသားပြုစုထုတ်ဝေပြီးပြီဖြစ်တဲ့ ဆရာသီပေါကိုလတ်ကပဲ စိတ်ရှည်လက်ရှည်နဲ့ရှင်းပြပေးခဲ့ပါတယ်။ ဟော်သမိုင်းတွေကို လေ့လာ၊ ဟော်အဆောက်အအုံ၊ ရေကူးကန်၊ စော်ဘွားကြီးရဲ့ ဥပုသ်အဆောင်ကို ကြည့်ရှုဓာတ်ပုံမှတ်တမ်းတွေ ရိုက်ယူနေရတာ အချိန်အနည်းငယ်ကြာသွားခဲ့ရတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)ခရီးစဉ်တွေမှာတော့ နောင်ချိုမြို့နယ်နဲ့ ကျောက်မဲမြို့နယ်ကို မီးရထားလမ်းနဲ့ဆက်သွယ်ထားတဲ့ ကမ္ဘာကျော်ဂုတ်ထိပ်တံတား၊ ကားလမ်းနဲ့ဆက်သွယ်ထားတဲ့ ဂုတ်တွင်းလမ်းနေရာ၊ သီပေါဟော်၊ ဘော်ကြိုဘုရားတွေက နာမည်ကျော်ကြားပြီး ပြည်တွင်းခရီးသည်တွေသာမက ကမ္ဘာလှည့်နိုင်ငံခြားသားခရီးသွားတွေပါ စိတ်ဝင်စားခြင်းခံကြရပါတယ်။

ကမ္ဘာလှည့်ခရီးသွားအများစုက မန္တလေးမြို့ကနေ မီးရထားခရီးစဉ်နဲ့ မြို့ဟောင်း-ပြင်ဦးလွင်လမ်းမှာရှိနေတဲ့ လွန်းထိုးနေရာတွေ၊ ဂုတ်ထိပ်တံတားကြီး၊ သီပေါဟော်တွေကို ကြည့်ရှုလေ့လာအပြီးမှာ ကားလမ်းခရီးနဲ့ ပြင်ဦးလွင်ကိုပြန်လာကြရင်း ဂုတ်တွင်းလမ်းနေရာတွေကို ကြည့်ရှုကြလေ့ရှိတယ်။ ပြင်ဦးလွင်မြို့မှာ တစ်ရက်လည်ပတ်ကြပြီးမှ မန္တလေးကိုပြန်သွားကြတယ်။ ဒါကနိုင်ငံခြားသားတွေ သွားလေ့ရှိကြတဲ့ ခရီးစဉ်ပါ။ သူတို့ခရီးစဉ်က ရက်တိုတိုနဲ့ နေရာစုံကို ရောက်ရှိပြီး ကုန်ကျစရိတ်လဲ သက်သာနေတယ်။

သီပေါဟော်မှာ လေ့လာပြီးတာနဲ့ ဆရာသီပေါကိုလတ်က သူ့ရဲ့အိမ်ရှိရာကို ဖိတ်ခေါ်ပြီး အကျွေးအမွေးတွေနဲ့ဧည့်ခံရင်း စာအုပ်တွေလက်ဆောင်ပေးပါတယ်။ ဒီတစ်ခေါက်ခရီးစဉ် သီပေါမြို့မှာ စော်ဘွားကြီးတွေရဲ့ဟော်နဲ့အတူ မြို့ခံစာရေးဆရာသီပေါကိုလတ်ရဲ့ အိမ်ကိုလဲရောက်ရှိခဲ့ရတာကြောင့် ဒါကတော့ သီပေါကိုလတ်ရဲ့ ဟော်ပေါ့လို့ စနောက်နောက်နဲ့ပြောမိခဲ့သေးတယ်။ သီပေါမြို့ကနေ ပြန်လည်ထွက်ခွာလာခဲ့ကြပြီး ဘော်ကြိုဘုရားရှိရာကို ဝင်ရောက်ဖူးမြော်ကြတယ်။ အခုအချိန်မှာ ဘော်ကြိုဘုရားက ဈေးဆိုင်တန်းတွေ၊ ဘုရားဖူးတွေနဲ့စည်ကားမနေတော့ဘဲ တိတ်တိတ်ဆိတ်ဆိတ်နဲ့ လူရှင်းနေပါပြီ။ အလာခရီးတုန်းက ဘော်ကြိုဆရာတော်ကြီးရဲ့ မွေးနေ့ကျင်းပပြုလုပ်နေတာကြောင့် ဘုရားထဲမှာကော၊ ကျောင်းဝင်းထဲမှာပါ ကြိတ်ကြိတ်တိုးစည်ကားလို့နေတယ်။ ဘော်ကြိုဘုရားကို တပေါင်းလပြည့်နေ့ ဘုရားပွဲတော်ကျင်းပပြုလုပ်နေတဲ့အချိန်မှာကော၊ အေးအေးဆေးဆေး လူရှင်းနေတဲ့အချိန်တွေမှာကော၊ ဘော်ကြိုဆရာတော်ကြီးရဲ့မွေးနေ့ကျင်းပနေတဲ့အချိန်မှာကော အချိန်ကာလစုံအောင်ရောက်ဖူးနေသလိုရောက်ရှိပြီး ဖူးမြော်ကြည်ညိုရတဲ့အခါတွေမှာလဲ တစ်မျိုးနဲ့တစ်မျိုး၊ တစ်ချိန်နဲ့တစ်ချိန် မတူညီတဲ့ခံစားမှုတွေရရှိနေတယ်။

ဘော်ကြိုဘုရားကအပြန်မှာ ရေပူစမ်းကိုဝင်ကြတယ်။ ရွာအမည်က ရှမ်းအမည်ဆန်းဆန်းဖြစ်နေတာကြောင့် မှတ်လိုက်မေ့လိုက်ဖြစ်နေပေမဲ့ အဝင်လမ်းနေရာကို မှတ်မိနေတယ်။ လမ်းမကြီးကနေ အတွင်းဘက် ရေပူစမ်းရှိရာကို တစ်မိုင်လောက် မြေသားလမ်းအတိုင်း ဝင်ရောက်မောင်းနှင်လာရတယ်။ ရေပူစမ်းက ရွာအတွင်းကို ဝင်ရောက်လာရတဲ့အပြင် လားရှိုး၊ သိန်းနီမှာရှိတဲ့ ရေပူစမ်းတွေလို နာမည်ကျော်လူသိများခြင်းမရှိတာကြောင့်လဲ လူရှင်းနေတာပါ။

ရေပူစမ်းအနီးမှာ ဇရပ်နှစ်ဆောင်ရှိနေပြီး နားနေရင်း အဝတ်အစားလဲလှယ်နိုင်ပါတယ်။ ရေချိုးကန်ကလဲ အမျိုးသားတွေအတွက်တစ်ကန်၊ အမျိုးသမီးတွေအတွက် တစ်ကန် နှစ်ကန်လုပ်ပေးထားတယ်။ ဒါပေမဲ့ ကန်နှစ်ကန်က ကျောချင်းကပ်နေပြီး အလယ်မှာ အုတ်တံတိုင်းမြင့်မြင့်ကာရံပေးထားတာကြောင့် ဟိုဘက်၊ ဒီဘက်မမြင်နိုင်ကြပေမဲ့ စကားပြောလို့ရနေကြတယ်။ အလျား ၁၂ ပေ၊ အနံ ရှစ်ပေ၊ အနက်လူကြီးတစ်ယောက်ရဲ့ရင်စို့လောက်ရှိနေတဲ့ ရေကန်တွေထဲကို သဘာဝရေပူစမ်းက စီးဆင်းဝင်ရောက်ဖြတ်သန်းသွားပြီး ပိုလျှံနေတဲ့ရေပူတွေက ချောင်းအဖြစ်နဲ့ ဆက်လက်စီးဆင်းသွားကြတယ်။ ဒါကြောင့် ကန်ထဲမှာရှိနေတဲ့ရေတွေက အသစ်နဲ့အဟောင်းအလဲအလှယ်ရှိနေလို့ အမြဲသန့်ရှင်းနေတယ်။ ရေချိုးကြမယ်ဆိုပြီး ရေကန်ထဲဆင်းဆင်းချင်းကတော့ ပူပါတယ်။ နောက်မှတဖြည်းဖြည်းနဲ့နွေးလာပြီး ဇိမ်ခံချိုးလို့ကောင်းလာတယ်။ ချိုးလို့ကောင်းလာတဲ့အချိန်မှာလဲ ကန်ထဲကနေမထွက်ချင်လောက်အောင် အရသာတွေ့နေသလို အညောင်းအညာပြေလာတာကိုလဲ သတိထားနေမိတယ်။ ရေပူစမ်းမှာ ကန်ထဲကို တစ်ကိုယ်လုံးစိမ်ပြီးချိုးတဲ့အရသာက ဆောင်းရာသီအခါ အိမ်မှာ ရေပူ၊ ရေနွေးတွေနဲ့ချိုးရတဲ့ပုံစံနဲ့ လုံးဝမတူပါဘူး။ သဘာဝရေပူစမ်းက ပိုမိုကောင်းမွန်နေပြီး ရေချိုးဖို့အတွက် စီမံဖန်တီးထားတဲ့ ရေကန်ကြီးတွေကြောင့်လဲ အလွန်အဆင်ပြေနေတယ်။

ကန်တွေထဲမှာ ထိုက်သင့်သလောက်ရေစိမ်၊ ရေချိုးပြီးမှ ရေပူစမ်းကနေ ပြန်လည်ထွက်ခွာလာခဲ့ကြတယ်။ ရေပူစမ်းနဲ့ ကျောက်မဲမြို့က ခရီးမဝေးတော့လို့ အလာခရီးတုန်းက ဝင်ရောက်တာမရှိခဲ့တဲ့ ကျောက်မဲမြို့ကို ဝင်ရောက်လည်ပတ်ကြဖို့ စဉ်းစားလိုက်သေးပေမဲ့ ပြင်ဦးလွင်မြို့ကို အဝင်နောက်ကျမှာရယ်၊ ဂုတ်တွင်းလမ်းရှုခင်းတွေကို နေမဝင်ခင် ကြည့်ရှုချင်သေးတာရယ်ကြောင့် ကျောက်မဲမြို့ကို မဝင်တော့ဘဲ ဂုတ်တွင်းလမ်းရှိရာကို မြန်မြန်မောင်းနှင်လာခဲ့လိုက်တော့တယ်။

ဂုတ်တွင်းအဆင်း ရှုခင်းသာကြည့်ရပ်နေရာကို ရောက်တော့ ဝင်တော့မဲ့နေရဲ့ အလင်းရောင်နဲ့ အချိန်မီရုံလေး ကြည့်ရှုမြင်တွေ့ခွင့်ရကြတယ်။ အလာခရီးတုန်းက နှင်းတွေ၊ မြူတွေရစ်ဆိုင်းဖုံးအုပ်နေလို့ မြင်တွေ့ခွင့်မရခဲ့ကြတဲ့ ဂုတ်တွင်းလမ်း၊ ဂုတ်တွင်းရှုခင်းတွေကို အားရပါးရမြင်တွေ့ခွင့်ရကြပါပြီ။ တက်လာတဲ့ ကားကြီး၊ ကားငယ်တွေ၊ ဆင်းသွားတဲ့ ကားကြီး၊ ကားငယ်တွေ၊ မြွေလိမ်မြွေကောက်လမ်းတွေကို အပေါ်စီးကနေ မျက်ဝါးထင်ထင်လှလှပပမြင်တွေ့ကြရတယ်။ ဂုတ်တွင်းလမ်းနေရာမှာ စိတ်ကျေနပ်လောက်အောင် ရှုခင်းတွေကိုကြည့်ရှုပြီးတာနဲ့ နောင်ချိုမြို့နယ် သုံးဆယ်လမ်းခွဲရောက်အောင်လာခဲ့ကြတယ်။

သုံးဆယ်လမ်းခွဲက ငါးမျှစ်ချဉ်နာမည်ကြီးတာကြောင့် တစ်နေ့တာပင်ပန်းလာသမျှ အပန်းဖြေအနားယူရင်း၊ ငါးမျှစ်ချဉ်စားရင်း အေးအေးဆေးဆေးအပန်းဖြေစားသောက်ကြပြီးမှ ပြန်လာခဲ့ကြတာ ပြင်ဦးလွင်ကို အချိန်မီရောက်ရှိလာခဲ့ကြပါတယ်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊လူသတ်၊အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

❖ ကျွန်တော်တို့အစိုးရအနေနဲ့ "ကျွန်တော်တို့နိုင်ငံနယ်မြေကို အသုံးပြုပြီး အိမ်နီးချင်းမိတ်ဆွေနိုင်ငံတွေအပေါ် ဆန့်ကျင်မယ့် မည်သည့်အဖွဲ့အစည်းကိုမှလက်ခံသွားမည်မဟုတ်"ဆိုတဲ့ အိမ်နီးချင်းနိုင်ငံများ၏ တည်ငြိမ်အေးချမ်းမှု၊ အတူဖွံ့ဖြိုးတိုးတက်မှုတို့ကို အလေးထားတဲ့မူဝါဒကို လက်တွေ့ကျင့်သုံးလျက်ရှိပါတယ်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ဂုဏ်ပြုအခမ်းအနားတွင် ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

**လူ့အခွင့်အရေး အရေခြုံ၍ အချုပ်အခြာအာဏာပိုင် နိုင်ငံအား ဝင်ရောက်စွက်ဖက်နေသည့် ဆောင်ရွက်ချက်များအားလုံးကို မြန်မာနိုင်ငံက ပြတ်သားစွာ ဆန့်ကျင်ပယ်ချ**

စာမျက်နှာ - ၂၀

## ရတနာပုံနေ့စဉ်သတင်းစာ ထုတ်ဝေမှု ၆ ရက် ခေတ္တရပ်နားမည်

ရတနာပုံနေ့စဉ်သတင်းစာကို မဟာသင်္ကြန် ရုံးပိတ်ရက်များဖြစ်သည့် ၂၀၂၃ ခုနှစ် ဧပြီ ၁၃ ရက် (ကြာသပတေးနေ့)မှ ဧပြီ ၁၈ ရက် (အင်္ဂါနေ့)ထိ ၆ ရက် ခေတ္တရပ်နားမည်ဖြစ်ပြီး ဧပြီ ၁၉ ရက်(ဗုဒ္ဓဟူးနေ့)တွင် ပုံမှန်အတိုင်းဆက်လက်ထုတ်ဝေသွားမည်ဖြစ်ပါကြောင်း လေးစားစွာ အသိပေးအပ်ပါသည်။

# (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ဝူရှူးအားကစားနည်းပြိုင်ပွဲအသွင် လက်ရည်ဆန်းစစ်ပြိုင်ပွဲကျင်းပ



(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ဝူရှူးအားကစားနည်းပြိုင်ပွဲအသွင် လက်ရည်ဆန်းစစ်ပြိုင်ပွဲကျင်းပစဉ်။

**နေပြည်တော် ဧပြီ ၆**

၂၀၂၃ ခုနှစ် မေလတွင် ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်းတွင် စခန်းဝင် လေ့ကျင့်လျက်ရှိသည့် ဝူရှူးအားကစားနည်းမှ ချန်းစု၊ နန်းချွမ်၊ ထိုက်ချီချွမ်၊ သွေ့လျန့်၊ ဆန်းဆို အားကစားသမား **စာမျက်နှာ ၁၉ ကော်လံ ၃** ☆


Central Hotel
YANGON
အမှတ် - (၃၅၃ ~ ၃၅၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - (၉၅-၁) ၈၂၄၀၀၀၁ ~ ၈၂၄၀၀၀၇



ကွမ်းမှတ်တိုင်သားဆန်းစားနားများ
ငြင်းပသာစားပြောင်းထုံးပွဲများ
ကန်ုပ်ဘိုးစည်းဗိုလ်ဆက်ပွဲများ
နှစ်ပတ်လည် အခမ်းအနားပွဲများအား
ကျန်းမာရေးစံနှုန်း သတ်မှတ်ချက်များ
နှင့်အညီ ဝန်ဆောင်မှုပေးလျက်ရှိပါသည်...